www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်မြှားရှင်

ရယ်ဒီ
အသင့်
နေရာယူ

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၅၀၀၉၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၈၄၁၀၁၁

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
မတ်လ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅ ·၈၃

ချစ်မျှားရှင်
ရယ်ဒီ အသင့် နေရာယူ/ ချစ်မျှားရှင်။ - ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၂။
၁၆၀ စာ၊ ၁၃ × ၂၀·၇ စင်တီ။
(၁) ရယ်ဒီ အသင့် နေရာယ


BURMESE CLASSIC .com

## အခန်း(၁)

'သွားချင်တယ်··· သွားချင်တယ်၊ အင်း··· မသေခင် တစ်ခေါက်လောက်တော့ အရောက်သွားလိုက်ချင်တယ်'

'သြော်··· အဖေရယ်'

ခုတင်ထက်မှာ စာစောင်ဖတ်ရင်းက ညည်းသံလေးနဲ့ ပြောနေတဲ့ ဖအေဖြစ်သူကိုကြည့်ရင်း ဦးမင်းဇော် ကရုဏာသက်သွားတယ်။ ကြည့်လေ။ အရိုးပေါ်အရေတင် ပိန်လှီနေတဲ့ အသက်(၇၀)အဖေဟာ ဘယ်မှမသွား မလာရတာ ကြာခဲ့ပေါ့။ အသက်ကလည်းကြီး၊ ကျန်းမာရေးကလည်း တဖြည်းဖြည်းယိုယွင်းစပြုလာပြီး အချိန်ရှိတုန်း ဘုရားလေးကျောင်းလေးလောက်တော့ သွားချင်ရှာမှာပေါ့။

'ဟော့ရောင်··· မင်းဇော်'

'ဗျာ··· အဖေ'

အသက်သာကြီးတာ အသံကမာတုန်း၊ သားအဖချင်းဆိုပေမယ့် အဖေက တစ်ခါမှ ပျော့ပျော့ပျောင်းပျောင်း မပြောခဲ့ဖူးပါ။ ခုလည်း ရှိရှိသေသေလေးထူးတော့ မကြည်ကြည့်ကြည့်ရင်း ဟောက်တယ်။

'ဟော့ကောင်··· ဘာမှ အပိုတွေလုပ်မနေနဲ့၊ အရင်အတိုင်းပဲ နေစမ်း'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ကျွန်တော်က အခုဘယ်လိုနေလို့လဲ၊ ထိုင်ခုံနဲ့ မထိုင်ဘဲ… အဖေ့ပေါင်ပေါ် တက်ထိုင်နေလို့လား'

'တိတ်စမ်း… မင်းကို အဲဒီလိုပြောတာမဟုတ်ဘူး၊ ဟွန်း… ငါ့ကိုဖားယားပြီး ရှိသေပြနေစရာ မလိုဘူးကွ'

သေခါနီးတောင် နှုတ်သီးက ကောင်းတုန်းပဲ။ ဖအေဖြစ်နေလို့ တော်သေးတယ်၊ မအေသာဆို မလွယ်ဘူးလို့တွေးရင်း စိတ်ပျက်သံနဲ့ ပြောတယ်။

'ကျွန်တော်က ဘာများ ဖားယားနေလို့လဲ အဖေရယ်'

'မင်းကိုယ်မင်း သိမှာပေါ့၊ ဘယ့်နှယ်… မိဘ ခုတင်ပေါ် တစ်ရက်လောက်လေး လဲတာနဲ့ ဟော… အဘိုးကြီးတော့ သေခါနီးပြီ၊ အမွေရအောင် အသေဖြောင့်အောင်ဆိုတဲ့သဘောနဲ့ ငါ့ကို လာဖားပြ ရှိသေပြနေတယ်ပေါ့လေ၊ ဟင်း… ငါ သိနေတယ်နော်'

'အဲ…'

စောစောက ကရုဏာစိတ်လေး ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး။ မျက်နှာ မဲ့သွားတယ်။

ဖအေဖြစ်သူက ခဏအမောဖြေပြီးမှ ကြိတ်မနိုင်ခဲမရ လေသံနဲ့ ပြောတယ်။

'တောက်… ဒီလိုမှန်းမသိ… အစကတည်းက သားမမွေးဘဲ သမီး မွေးပါတယ်'

'ဘာမှကို မဆိုင်ဘူး'

'ဆိုင်တာပေါ့ကွ၊ သမီးဆိုရင် ခုလိုအချိန်မျိုးမှာ အဖေ သက်သာလား ဘာလားဆို ဟုတ်တိပတ် မဟုတ်တပတ် နင်းပေးနှိပ်ပေး၊ ခြေဆုပ်လက်နယ် လုပ်ပေးဦးမယ်၊ အခုတော့…'

နားထောင်ရင်း အကြားကတ်လာတယ်။ ကြည့်လေ… အပြစ်မရှိ အပြစ်ရှာနေတာနဲ့ ရွဲ့ပြောတယ်။





'ဒီလိုမှန်းသိရင် မိန်းမဆိုးဆိုးတစ်ယောက်လောက် ယူထားပါတယ်ဗျာ၊ ဒါမှ အဲဒီကျွန်တော့်မိန်းမဆိုးဆိုးက အဖေ ခုနက ပြောသလို အဖေ့ကို နင်းနှိပ်ပြုစုပေးမှာ၊ အားပါးတရ၊ အားပါပါနဲ့လေ'

'ဘာ… ကွ…'

အဖေဖြစ်သူ အသေအချာ စဉ်းစားရင်း တင်းသွားတယ်။ ပြောမနိုင်တော့။ သူ့ဘာသာ တစ်ဘဝခြားသွားတာ အတော်ကြာပြီ ဖြစ်တဲ့ သူ့မိန်းမ ဦးမင်းဇော်ရဲ့အမေကို လှမ်းတတယ်လေ။ နတ်သံလေးနှောပြီး…။

'အံမယ်လေး… ကောင်းကြသေးရဲ့လား၊ ချွေးမတဲ့၊ ကမ္ဘာဦးကတည်းက ချွေးမနဲ့ ယောက္ခမက တည့်တာမဟုတ်မှန်း သိသိကြီးနဲ့ သင်းက ငါ့ကို တစ်ဘက်လှည့်နဲ့သေကြောင်းကြံတာ၊ သေကြောင်းကြံတာ၊ အဟီး… အလှရယ်၊ မင်းမောင်ကြီးအဖြစ်ကို ပြေးမြင်လှည့်ပါဦး၊ ဆိုးလိုက်တာ… အဟ…ဟ…'

'အဟင့်…'

နဲ့သံမပါပေမဲ့ ပယ်ပယ်ကြီးနယ်နယ်ကြီး အော်ငိုနေတာကို ကြည့်ပြီး မျက်ရည်ပါ စို့လာတယ်။ အိုက်တင်ကောင်းပုံ ပြောပါတယ်။

စိတ်ထဲမှာလည်း အဖေခန်းမင်းသားကြီး ဝင်လုပ်လို့ကတော့ ပေါက်မှာလို့ တွေးမိတယ်။

'တိတ်ပါ အဖေရယ်၊ ကျွန်တော်ပါ ငိုချင်လာပြီ၊ ဟင်း… အစက မသိခဲ့ဘူး'

'ဘာကိုလဲ'

မေးတော့ သားဖြစ်သူက နှောင်တရသံနဲ့ ပြောတယ်။

'ဘာကမှာလဲ၊ အဖေ ဒီလောက်အိုက်တင်ကောင်းမှန်းသိရင် ကျွန်တော့်သူငယ်ချင်းဒါရိုက်တာကို ပြောပြီး အဖေ့ကိုလူကြီးခန်း ထည့်ရိုက်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ထည့်ရိုက်လိုက်ရင် ဘာဖြစ်လဲ'

'ဟာ··· အဖေ ဒီလောက်မျက်ရည်လွယ်မှတော့ ပေါက်ပြီ ပေါ့'

'ဟော··· ပေါက်သွားရင်···'

စိတ်ဝင်တစားမေးတော့ အ,ရန်ကောဆိုတဲ့ အကြည့်နဲ့ကြည် တယ်။

'ပေါက်သွားရင် အဖေလည်းနာမည်ကြီး၊ ကျုပ်လည်းပိုက်ဆံတွေ အများကြီး···အများကြီးရမယ်၊ ကဲ··· ဘယ်လောက် ကောင်း လိုက်မလဲ၊ တွေးသာကြည့်'

'အေး··· ဟုတ်တယ်၊ ကြည့်စမ်း၊ ဟုတ်လိုက်လေ၊ အဟား·· ငါကွာ··· ငါလည်း နာမည်ကြီး၊ မင်းလည်း ထပ်ချမ်းသာ···ဟင်'

ယောင်တောင်တောင်နဲ့ လက်သီးလက်မောင်းတန်းရင်း ကြုံးဝါးတယ်။ နောက်မှ အသေအချာစဉ်းစားရင်း မျက်နှာကြီးပြန်မဲလာပြီး ညည်းတယ်။

'အလှရေ··· မင်း မြင်စေချင်တယ်၊ ဒီခွေးကောင် မင်းရဲ့သားက အတော်အကြံကြီးတဲ့ကောင်၊ အေးအေးဆေးဆေးမနေရဘဲ ခိုင်းစားသေးတာလေ၊ မင်းနဲ့တစ်ကျင့်တည်းပဲ၊ သိလား'

'အဟီး'

သားဖြစ်သူက ကြိတ်ရယ်လို့ စွေကြည့်ရင်း ဆက်ပြောတယ်။

'အမေ့··· အဲဒါ မင်းကြောင့်၊ မင်း မကောင်းတာ၊ ဟင်··· အစကတည်းက မိန်းကလေးမွေးပါလားလို့၊ ထင်ပါတယ်၊ ဆရာမလက်ထဲမှာ ဘာလေးလဲလို့ အားရဝမ်းသာ ပြေးကြည့်လိုက်ကတည်းက **အခွက်က ပြုံးဖြီးဖြီးနဲ့လေ'**

**အတိတ်**အကြောင်းကို ငိုသံလေးနဲ့ညည်းပြောတော့ သားဖြစ်





သူက စိတ်ဝင်တစားနားထောင်တယ်။ မသိသေးတဲ့အကြောင်းမို့လား။

'အဲဒီကတည်းက အပျော်ပါပျောက်ပြီး ခဏတွေသွားခဲ့တယ်၊ အဲ··· သေချာတာကတော့ ဆရာမကိုမေးကြည့်မှပဲ ငါ့ကို ခိုင်းစားမယ့်အကောင်ဆိုတာ သိလိုက်ရတယ်။ ဆရာမက ပြောရှာပါတယ်၊ ရှင်ဝမ်းသာတော့တဲ့၊ အဟင်း··· ယောကျ်ားလေးရှင့်တဲ့လေ၊ အခုတော့ ထင် တားတဲ့အတိုင်းပဲ၊ အလှရယ်··· သမီး မမွေးဘဲ ဘာဖြစ်လို့ ဒီကောင်ကို မွေးရတာလဲဟင်''

'သေစမ်း'

သားဖြစ်သူ မျက်နှာကြီး မဲ့သွားတယ်။ ပြောပုံက ကြည့်ဦး။ မအေဖြစ်သူက ဗိုက်ထဲက ကလေးကို ထုတ်ကြည့်လို့ရတာ ကျနေ တာပဲ။

အဲ··· ထုတ်ကြည့်လို့ရရင်လည်း ယောကျ်ားလေးလိုချင်တဲ့သူဆို တော်ရဲ့။ မိန်းကလေးလိုချင်တဲ့သူဆို ကတ်ကြေးလေးနဲ့ တစ်ချက်ကိုက်။ နောက်···ပြန်ထည့်ထားလိုက်ရင် ပြီးပြီလေ။

ထုတ်ကြည့်လို့မရတာ ကံကောင်းတယ်လို့ မသက်မသာတွေးပြီး သက်ပြင်းချတယ်။ မဟုတ်လို့ကတော့ ကတ်ကြေးတန်ခိုးနဲ့ ဘုန်းကညာတစ်ပါးရယ် လုံးရာကနေ ပြုတ်သွားနိုင်တယ်လေ။ ပြုတ်ပြီးရင်တော့ ပြားဖို့သာပြင်။ အဟဲ··· တွေးကြည့်ရင်း ကတ်ကြေးကိုက်တောင် မစားချင်တော့ဘူး။

'မင်းမကောင်းလို့ အလှရဲ့၊ ဒီခွေးကောင်ကို မင်းမွေးခဲ့လို့ကွ'

'ဟာ···တော်ပါဗျာ··· **အမေပါ** ခွေးဖြစ်နေပြီလေ'

'ဖြစ်ဖြစ်ကွာ၊ ငါမဖြစ်**ရင် ပြီးတာပဲ**၊ ဟော့ကောင်··· ခွေးသားအဲလေ··· ခွေးကောင် တိတ်စမ်း၊ တောက်··· မိဘကို ခွေးလို့ပြန်ဆိုက်တဲ့အကောင်··· မင်း ငရဲအိုးထဲ ခေါင်းနဲ့ကျမှာ'



www.burmeseclassic.com

www.burmeseclassic.com



'ကိန်'

ပြောမှပဲ မဲ့ပြီး ခွေးသံပါ ပေါက်သွားတယ်။ ဒီအတိုင်းသာဆို ခွေးဠီကာထဲက ထွက်မယ် မထင်တော့ပါ။ ဒါနဲ့ ချော့မော့ပြောတယ်။

'ကဲ… တော်ပါတော့ အဖေရာ၊ အမောဖောက်နေပါ့မယ်'

'ဘာကွ'

'အဲလေ… မှားလို့ မောနေပါ့မယ် အဖေရယ်၊ အဖေမသေခင် ဆန္ဒလေး ဖြည့်ပေးရအောင် ကဲ… ပြော… ဘယ်သွားချင်လဲ'

'အဟဲ… အဲလို… ဟင်… ဟော့…ကောင် ငါ မသေဘူး ကွ၊ ပြောလေ ဆိုးလေပါလားကွ… ငါနော်…'

'အဲလို မဟုတ်ပါဘူး အဖေရယ်၊ အဖေ မသေသေးမှန်း ကျွန်တော် သိပါတယ်'

ဒါနဲ့ပဲ မျက်နှာကြီးတင်းပြီး မာန်ပါလာတယ်။

'ဟုတ်တယ်၊ ငါ အသက်ရှည်မယ်လို့ ဗေဒင်ဆရာက ဟော ထားတယ်၊ အဟဲ… အနည်းလေး တစ်ရာပဲတဲ့'

'ဟာ… ကောင်းလိုက်တာ… ဒါဆို တစ်နှစ်တစ်နှစ် သက် ကြီးပူဇော်ပွဲတွေမှာ ပစ္စည်းတွေများရလိုက်မယ့် ဖြစ်ခြင်း။ အဟဲ… ပြီးတော့ အဖေအခန်း အဘိုးအခန်းတွေ လှူလိုရင်ပြောပါလို့ ကျွန်တော့် သူငယ်ချင်း ဗွီဒီယိုဒါရိုက်တာကို ပြောထားဦးမှာ'

'အု'

သားဖြစ်သူက အားရဝမ်းသာပြောတော့ မာန်နဲ့ကော့ထားတဲ့ ရင်ဘတ်လေး ပြန်ပိန်သွားတယ်။ စိတ်ထဲမလည်း ငါမှ မြန်မြန်မသေ ရင် ဒီကောင်က ခိုင်းစားဦးမှာလို့ တွေးတယ်။

'ကဲ… ပြော… ရွှေတိဂုံဘုရားကို ပို့ပေးရမလား'

'ဟင့် အင်း'





'ဩော်… ပဲခူးကရွှေမော်ဓော'

'ဟုတ်…ဘူး'

'မန္တလေး… မဟာမြတ်မုနိလား'

'ဟင့်…အင်း'

'မကွေးက မြသလွန်ရော'

'ဟာ…မဟုတ်ဘူး'

ဒါနဲ့ တန်ခိုးကြီးဘုရားတွေကို တစ်ခုပြီးတစ်ခု ရွတ်ပြတယ်။ ဖအေဖြစ်သူကလည်း ခေါင်းကို အတင်းခါတယ်။ မသိရင် အမွှေ တောင်းလို့ ခါးခါးသီးသီးငြင်းနေတာလို။

သားဖြစ်သူက စိတ်မရှည်တော့ဘူး။

'ဩော်… သိပြီ… သိပြီ… အဖေ ဘယ်သွားချင်လဲဆိုတာ'

'အံမယ်… ဟုတ်လို့လား'

'အဖေက အသက်အရွယ်လေးရလာတော့ ကျန်းမာရေးလည်း ကောင်း၊ အသောင်းလည်းပြေအောင် ကျိုက်ထီးရိုးတောင် တက်မယ် ပေါ့လေ'

'အမ်… ဘာကွ… ဟော့ကောင် ဒီအရွယ်ကြီးနဲ့ ကျိုက်ထီး ရိုးတက်ရင် သေသွားမှာပေါ့ကွ'

'အဟီး… အဲ့လိုပြောဘူးနော်… တန်ခိုးကြီးဘုရားဆိုလို့ ဒါပဲ ကျန်တာလေ'

အဖေဖြစ်သူက ဘုကြည့်ကြည့်ရင်း မဲ့ရွဲ့သွားတယ်။

'တိတ်စမ်း… မင်းကို ငါမွေးလာတာ၊ မင်း ဘာပြောတာနဲ့ ဘယ်ကို ရည်ရွယ်တယ်ဆိုတာ တန်းသိတယ်ကွ၊ ဟား… ဟား… ငါမသေဘူး… ရေကူးတတ်တယ်၊ အဲလေ… မင်းပဲ သေမှာ'

သားအဖချင်း မေတ္တာထားနေကြတာလေ။ ခဏကြာမှ ဖအေ ဖြစ်သူက နေမထိထိုင်မရပုံနဲ့ ပြောတယ်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'အဟင်း… ငါ သွားချင်နေတာက တစ်နေရာတည်း၊ မသေခင်လေး တစ်ခါပဲရောက်… သေပျော်ပါပြီကွာ'

'တကယ်လား၊ ကိုယ်စကားနဲ့ကိုယ် ကတိတည်ရင် ပို့ပေးမယ်'

'ဘာကတိလဲ'

'အဖေပဲ သေပျော်ပြီဆို'

'ဟာ… စကားအဖြစ်ပြောတာကွ'

'ဟွန်း… သူပဲ အမျိုးမျိုး၊ ကဲထားဗျာ၊ ဘယ်ကို လိုက်ပို့ရမှာလဲ'

'အဟဲ'

ပို့မယ် ပြောတော့လည်း သွားအဖြဲသားနဲ့ ပြုံးနေပြန်တယ်။

'မင်း တကယ် ပို့မှာလား'

'ဩော်… ကဲ… ခက်ပြီ၊ သားအဖချင်း ညာစရာလားဗျာ၊ အဲ… အရမ်းပါးစပ်မဖြဲနဲ့၊ အံကပ်တွေ ကျွတ်ကျကုန်မယ်'

ဒါနဲ့ပဲ ယောင်ပြီး ပါးစပ်ပိတ်သွားတယ်။

'ပါးစပ်ပိတ်ထားရင် ဘယ်ပြောလို့ရမလဲ၊ မင်းက ပြောရတာမဟုတ်ဘူး'

'ကဲ… တကယ်၊ နှကယ်၊ သုံးခါကယ်ပြီဗျာ၊ ပြော ဘယ်ပို့ရမှာလဲ'

'အဟီး…'

ပြောမှပဲ ရည်းစားရခါစ အပျိုလေးလို ပြုံးတယ်။ လိမ်လိမ်လိမ်လိမ်နဲ့ ရှက်နေသေးတယ်။ ပြီးမှပြောတယ်။

'နိုက်ကလပ်'

'ဗျာ'





ပါးစပ်ပြဲသွားလေရဲ့။ ဖအေဖြစ်သူကို မျက်လုံးပြူးနဲ့ ကြည့်တယ်။ အေးလေ… ဖွဲတစ်ဆုပ်စာနိုင်သေးတာကိုး။ စိတ်အားထက်သန်ပြီး ခေါင်းမတ်နေတဲ့ ဖအေကိုကြည့်ပြီး စိတ်ပျက်လက်ပျက် ခေါင်းယမ်းလို့ အခန်းထဲက ထွက်တယ်။

'ဟော့ကောင်… ပို့မှာလား'

မျှော်လင့်ချက် မျက်လုံးလေးနဲ့ လှမ်းအော်သေးတာ။ လှည့်တောင်မကြည့်ဘူး၊ ဖအေဖြစ်သူရဲ့ ဆဲသံတွေကို မကြားယောင်ဆောင်လို့ တံခါးကို ပိတ်လိုက်တယ်။

ဟုတ်တယ်လေ။ ဘယ်ပို့မလဲ။ ဒီအရွယ်ကြီး ကလပ်သွားရင် ကြားလို့မှ မကောင်းမြင်လို့မှ မကောင်း။ စိတ်ပျက်လက်ပျက်နဲ့ ထွက်လာတာ ဧည့်ခန်းထဲရောက်တော့ တူဖြစ်သူရဲလင်းထွန်းကို သတင်းစာဖတ်နေတာတွေ့ရတယ်။

ဦးမင်းဇော် မျက်နှာကြီး ပိုမဲ့သွားတယ်။ တူဖြစ်သူကို စောင်းကြည့်ပြီး ဝင်ထိုင်လိုက်တယ်။

သူ့အစ်ကိုရဲ့သား၊ ဒါပေမဲ့ ငယ်ငယ်ကတည်းက တစ်ကောင်ကြွက် ဖြစ်ခဲ့တယ်။ အဖေနဲ့ အမေက ကားမှောက်ပြီး အတူဆုံးသွားကြတယ်လေ။ သေသည့်တိုင်အောင် ချစ်နေမယ်ဆိုတာ ဒါမျိုးကိုပြောတာနေမှာ။ ဘိုးအေက ချစ်လိုက်သမှ တုန်လို့။ ရှယ်ချစ်တာ ဇွန်းလေးနဲ့လေ။

ဒီတော့ ပြောမနိုင်ဆိုမနိုင်နဲ့ ဘယ်လောက်ဆိုးမလဲ တွေးသာကြည့်။ ဒါပေမဲ့ ဒီကောင်ဆိုးတာ ပေါ်တင်မဟုတ်ခိုးကြောင်ခိုးဝှက်ဗျာ။ အလကားနေ သူ့ပဲကြောက်နေရတာ။ အခုလည်း ကျောင်းသွားစရာရှိတာ မသွားဘဲဘာတွေ မကောင်းကြံနေတယ်မသိ။

'ဟူး… မောလိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



ဆက်တီမှာထိုင်ရင်း သက်ပြင်းချတော့တူ ဖြစ်သူက လှည့်ကြည့်ရင်းပြုံးတယ်။

'ဘာဖြစ်လာရပြန်တာလဲ ဦးလေးရဲ့'

'ပြောမပြောချင်ပါဘူးကွာ၊ မင်းအဘိုးပေါ့၊ အသက်ကြီးမှ ဆင်စီး၊ အဲလေ ရောကုန်ပြီ၊ ကလပ်ကို အတင်းလိုက်ပို့ခိုင်းနေတယ်'

'ဟုတ်လား… ဟား… ဟား'

တူဖြစ်သူက ရယ်တယ်။ မျက်လုံးထဲမှာ အဘိုးဖြစ်သူကို ရက်ပါအဝတ်အစားဝတ်၊ လျှာထိုးဦးထုပ်ဆောင်း မျက်မှန်ကြီးတပ်၊ လည်ပင်းမှာ အရိုးခေါင်းပုံ ဆွဲကြိုးကြီးဆွဲ၊ ကောင်မလေးတွေကြား တီးလုံးသံနဲ့အတူ ကခိုင်းကြည့်တယ်။ ဘယ်လိုမှ ဟာမိုနီမဖြစ်ဘူး။ စိတ်ကူးကြည့်ရုံနဲ့တင် မျက်စိထဲမြင်ယောင်လာရင်း ရယ်ချင်လာတယ်။

'မင်းပဲ စဉ်းစားကြည့်၊ ဘယ်လောက် ဆိုးလဲဆိုတာ၊ ဒီစိတ်တွေများပြီးများ အသက်ရှည်နေတာလား မသိဘူး၊ ဒါလောက်ဖြစ်တာ မိန်းမပေးစားလိုက်တာ နားအေးမယ်ထင်တယ်'

ဦးလေးဖြစ်သူက မဲ့ရင်းပြောတယ်။ ဒါနဲ့…

'ဟာဗျာ… ဘယ်သူက ယူမတုံး'

'အေးလေ… ယူမယ့်သူမရှိလို့ ခက်နေတာပေါ့'

'အဟဲ… ဦးလေးလိုပေါ့'

'ဘာကွ'

တူဖြစ်သူက ကြဲ့တုန်းနှိပ်ကွပ်တာနဲ့ တင်းသွားလေရဲ့။ အလကားနေအလကား တိုက်စရာက ဒီခလုတ်ပဲရှိသလို။

'ဟော့ကောင်… ငါ့အဒါသတွေ မင်းပေါ်ပုံကျကုန်မယ်နော်၊ ငါ့ကို ယူချင်တဲ့လူတွေများပုံ ဟုန်ဟုန်လို့'

'အဟဲ… ဟုတ်လား'





မျက်နှာကြီး ရဲနေတယ်။ လူပျို၊ အပျိုကြီးတွေ ဖြစ်ရတာလည်း မလွယ်ပါ။ ကိုယ့်ဘာသာနေတာတောင် လှောင်ချင်ကြတာလေ။

တူဖြစ်သူက ရုပ်တည်နဲ့ပြောတယ်။

'ဦးလေးကို ကြည့်ရတာ ဘိုးသွားရိပ်သာ၊ ဒါမှမဟုတ် မျက်မမြင်ဆေးရုံ ဒီနှစ်ခုထဲက တစ်နေရာကို ရောက်ခဲ့ပြီထင်တယ်'

'ဘာဖြစ်လို့လဲ'

သိချင်လို့မေးတော့ ဟိုကပြုံးတယ်။

'အဟဲ… ဦးလေးကို ယူမယ့်လူတွေလေ၊ အင်း… အဘွားကြီးနဲ့ မျက်မမြင်တွေပဲ ယူမှာမို့လေ'

'ဘာကွ… မင်း'

ရဲလင်းရဲ့စကား ကြားတယ်ဆိုရင်ပဲ မျက်လုံးပြူးကြီးနဲ့ အော်တယ်။ စိတ်တိုသွားလို့ ကြောက်မယ်ထင်လားဆို နိုးပဲ။ မထိတထိ ပြုံးရင်း ပြောတယ်။

'အံမယ်… ဦးလေးက နာလို့လား၊ တကယ်တော့ သူတို့က နာရမှာဗျာ'

'ဘာကွ… ဟော့ကောင် ငါစိတ်တိုလာပြီကွနော်၊ တူသော၊ ရဲတင်းသော၊ ပေါက်ဆိန်သော နားမလည်ဘူး။ မင်း… မင်းတော့'

'အဟီး… ပြေးပြီဗျို့'

လက်သီးလက်မောင်းတန်းနေတာကိုကြည့်ပြီး အခြေမလှတာနဲ့ ရဲလင်း ထွက်ပြေးသွားတယ်။

နောက်ပိုင်းမှာ ဆဲသံတွေ ညံနေတော့တယ်။ သားအဖတတွေ အဆဲသန်တာတော့ အတူတူပဲ။

တကယ်တော့ လူပျိုကြီးဖြစ်ရတာ သူငယ်ချင်းဖြစ်သူစိန်မင်း



www.burmeseclassic.com

www.burmeseclassic.com



မကောင်းလို့။ စိန်မင်းအကြောင်း တွေးမိတော့ သီတာကို သတိရလာပါရောလား။

'ဟင်း… သီတာရယ်'

သက်ပြင်းကိုချရင်း စိတ်ပြန်လည်သွားတယ်။ စိန်မင်းဆိုတာ အရင်က ငယ်သူချင်းအရင်းကြီး အခုတော့။ အချစ်ဆိုတဲ့ အရာဝင်လာခဲ့ရင် သူငယ်ချင်းသော၊ မချင်းသော နားမလည်ကြတော့ပါ။

တကယ့်ရန်ဘက်ကြီးတွေလို အပြိုင်အဆိုင်ဖြစ်သွားတတ်တာမျိုး။ အချစ်နဲ့အတူ အမုန်းပါလည်ပင်းဖက်ပြီး ရောက်လာတတ်တာ။

♦♦♦



## အခန်း(၂)

ဦးစိန်မင်းတစ်ယောက်တည်း ဓါတ်ပုံတစ်ပုံကို ကြည့်လို့ငိုင်နေတယ်။ အတိတ်အကြောင်းကို ပြန်တွေးရင်နဲ့ပေါ့။ ကြည့်ရင်း နှာခေါင်းကြီး နီလာတယ်။

'သီတာရယ် တကယ်တော့ မင်းဟာ ငါ့ဘဝပါပဲ။ မင်းဟာ ငါ့အချစ်ပါပဲ။ အခုတော့ ငါမင်းကိုလွမ်းနေရတာနဲ့ပဲ ကျေနပ်နေပါ့မယ်ကွာ။ ရှူ… ရှူ… ရှုတ်'

ညောင်နာနာလေး အလွမ်းသယ်လို့ မျက်ရည်ဝဲလာတယ်။ ထွက်ကျလာတဲ့ နှာရည်တွေကို ပြန်ရှုံ့သွင်းလို့ မနိုင်တာနဲ့ လုံချည်နဲ့ ဖြေညှစ်လိုက်တယ်။ ခံစားမှုအရှိန်ပိုက မြင့်လာတယ်။

'တကယ်တော့ ဒီဇာတ်လမ်းမှာကွယ်၊ ကိုယ်ရယ်၊ မင်းရယ်၊ ပန်းပိတောက်ရယ်၊ အဲလိုဖြစ်ရမှာ။ ခုတော့ ဟိုသူတောင်စားမင်းဖော် ဝင်ရှုပ်တာနဲ့ ကိုယ်ရယ်၊ မင်းရယ်၊ သူတောင်းစားရယ်ဖြစ်လို့ နှစ်ပွင့်တည်း တက်ရမယ့်ဟာကို ထိပ်ချန်းသွားတော့၊ သုံးဖြစ်၊ ဟာ… ရောကုန်ပါပြီ၊ သုံးပွင့်ဆိုင်ဖြစ်သွားတော့ အဝေမတည့်ဘူး၊ အဝေမတည့်တော့ ခများမှာလည်း ချစ်ချင်လျက်နဲ့ အပြစ်တွေပုံချပြီး၊ အီး… ဟီး…ရှုတ်… နောက်ဆုံးတော့ လူပျိုကြီးဘဝနဲ့ ငါ ထိပ်တုံးရှားအဲလေ…ထိပ်ပြောင်ရရှာတော့မယ်၊ငယ်ထိပ်ပြောပါတယ်၊ အဟင့်…'



www.burmeseclassic.com

www.burmeseclassic.com

ပုံကိုကြည့်ပြီး လွမ်းကောင်းနေတယ်။ အခုပဲ အသက်က လေးဆယ်ကျော်နေပြီ။ ဒါပေမဲ့ ဘယ်သူပဲမေးမေး လေးဆယ်အပြည့် မပြောဘူးလေ။ ငယ်ထိပ်ပြောင်နေတာ ပိုပြီး အိုစာနေသလိုလို။ တကယ်တော့ ဦးမင်းဇော်ကိုသာ အပြစ်တင်နေတာ။ ကိုယ်တိုင်က လည်း ရုပ်ခံက ဆိုးရှာတယ်။

ဦးမင်းဇော်က ရုပ်ချောလားဆို နိုးပဲ။ အဲ···ဒါပေမဲ့ ကြိုက် တော့ အချောအလှစာရင်းဝင် ဒိတ်ဒိတ်ကျဲကိုမှ နှစ်ယောက်လုံးက ကြိုက်ကြတယ်။ သီတာတဲ့။ သီတာကို လိုချင်လို့ ဒဿဂီရိလိုကြံနေတဲ့ သူတွေလည်း ပေါလားပေါရဲ့။ ဒါပေမဲ့ ဦးစိန်မင်းက အားလုံးနဲ့မတူ တမူထူးခြားတယ်။ မင်းကုသထုံး နှလုံးမူပြီး အပျော့ဆွဲ ဆွဲတယ်။

အကြမ်း မဖက်ဘူး။ အဲ··· တွေ့တာနဲ့ သူတောင်းစားသံ ပတ်ချွဲနှပ်ချွဲနဲ့ အဖြေ တဂျီဂျီတောင်းတာ။

'သီတာရယ် သနားပါဟာ၊ အကြွေလေးများပါရင် တစ် ထောင်နှစ်ထောင်··· အဲလေ··· အကျင့်ပါနေလို့၊ အဟဲ···အဖြေလေး များ ပေးပါလားဟင်၊ နင့်ဆီက အဖြေမှမရရင် ငါ့ဘဝဟာ ပင်လယ် ပြင်ရောက် ဗေဒါပင်လေးလို မျောချင်ရာမျောပြီး ပွင့်ချင်ရာပွင့်နေ တော့မှာ၊ လုပ်ပါဟာ၊ တကယ်ပြောတာ၊ ပေးပါနော်၊ အဖြေလေ နော်···'

အဲ့လိုဗျာ။ သူ့ကိုယ်သူ အဖြေလွှာစစ်တဲ့ လူကျနေတာပဲ။ အတင်းတောင်းတာ။ သူများ စကားပြောချင်မှန်းမသိ ဘာမှန်းမသိ။ တော်ကီ အပျော့စားနဲ့ အတင်းလိုက်ချုပ်တာ။

ဟိုက အားပဲနာလို့လား။ သနားပဲနေလို့လားတော့ မသိဘူး။ အနားတော့ ပေးကပ်တယ်။ အဲဒါကိုပဲ သူနဲ့ကြိုက်နေတာလိုလို ဦးစိန်မင်းက လုပ်ပြန်တတ်တာ။ အမှန်တော့ ဟိုကသူ့ကို ထည့်တောင်





မတွေးဘူး။ ဒီလိုသူကြောင်ကောင်းနေဆဲမှာပဲ ဦးမင်းဇော် ဝင်လာ တယ်။ ထုံးစံအတိုင်း နောက်မှဝင်တဲ့လူက ဗီလိန်။ ဦးစိန်မင်း ပြန်တွေး ရင်း ဒေါသထွက်လာတယ်။

ဦးမင်းဇော်ရဲ့ စပ်ဖြီးဖြီးမျက်နှာ၊ ပူနေတဲ့ဗိုက်ကြီးကို တွေး ကြည့်တယ်။

'ဟွန်း··· ရုပ်ကိုက လေးဘက်ကုန်းသာသွားကြည့်၊ ဝက်မ ကြီး ဗိုက်ကြီးတာကမှ အွန့်··· အွန့်··· အွန့်··· အွန့်နဲ့ သူ့ဘာသာ ကြည့်ကောင်းဦးမယ်၊ ဒီကောင်သာဆို ခွေးဘီလူးကြီးအစာခွက် မျိုချ ထားသလို ဆိုးလိုက်မယ်ဖြစ်ခြင်း၊ အခုမတ်တပ်လျှောက်တာတောင် အတော်ဆိုးဆိုးပဲ၊ အဟိ··· ယောက်ျားကိုယ်ဝန်သည်ကြီးအတိုင်းပဲ အခစ်··· အခစ်···'

တစ်ယောက်တည်း အတွေးနဲ့ အူတက်နေတုန်း အမေဖြစ်သူရဲ့ မောဟိုက်တဲ့ခေါ်သံ ကြားရတယ်။

'စိန်မင်း··· ဟယ်··· မောလိုက်တာ၊ စိန်မင်း ဟူး··· ဟူး ··· မောတယ်၊ မောတယ်'

'ဟာ··· လာပြီဗျို့'

ဓာတ်ပုံကို ကပျာကယာ သိမ်းရင်းအိပ်ခန်းထဲ ပြေးဝင်တယ်။ ခုတင်ထက်မှာ မအေဖြစ်သူက အားကစားဂျာနယ်ကြီးဖြန့်ရင်း ရင်ဘတ်လက်နဲ့ ဖိထားတယ်။

အသက်က (၆၅)။ လူကြီးရောဂါနဲ့ ခုတင်ပေါ်က မဆင်းနိုင် တာ မကြာသေးဘူး။ မျက်လုံးပြူးနဲ့ မေးတယ်။

'ဘာဖြစ်တာလဲ အမေ၊ ဘာဖြစ်လို့လဲ'

'ဟင်း··· ဟင်း··· သူသူ'

ဂျာနယ်ကို လက်ညှိုးထောက်လို့ မျက်လုံးလေး စည်တယ်



www.burmeseclassic.com

www.burmeseclassic.com



တယ်နဲ့ တက်ချင်နေတယ်။ ဒါနဲ့ ပြေးကြည့်ရင်း ပွေ့လိုက်တယ်။ အမေဟာ အသည်း အတော်ငယ်တတ်တာ။

'ဟာ… အမေ့ကို ပြောပါတယ်၊ ဂျာနယ်ထဲမှာ တယ်ရီတို့ တိုရေးတို့၊ အက်ဆီယန်တို့၊ ဒရော့ဘာတို့ပုံတွေ ပါ,ပါတယ်ဆို။ အခု သူတို့ကိုမြင်ပြီး အမေလန့်သွားပြီမို့လား၊ ရုပ်တွေက ဆိုးကဆိုးနဲ့ အမေ ဟင်…'

မျက်ဖြူဆိုက်နေလို့ အတင်းလှုပ်ရင်း ဂျာနယ်ထဲကြည့်ကာ အံ့သြသွားတယ်။ တွေ့ရတာက ဒရော့ဘာလည်းမဟုတ်။ အက်ဆီယန် လည်း မဟုတ်ပါ။

ဂေါက်တံလေးကိုင်ပြီး ပြုံးနေတဲ့ မီရှယ်လ်ဝီလေ။

ဒါလောက်လှပြီး ဒါလောက်ချစ်စရာကောင်းတာလေးကိုများ လန့်စရာလားလို့ တွေးတယ်။ မအေဖြစ်သူက အသံလေး ပြတ်တောက် ပြတ်တောင်းနဲ့…။

'အင်း… ဟင်း… သား အဲ့ကောင်မကို အမေ မကြည့်ရဲဘူး၊ ဟင်း…. မျက်လုံးတွေ ဝါလာပြီ၊ နီလာပြီ၊ စိမ်းစိမ်း…'

'ဟိုး… ခဏလေး၊ အမေ တန်းမစိမ်းနဲ့နော်၊ တန်းစိမ်းရင် ကားတွေ တိုက်ကုန်မယ်၊ ခဏဝါပါဦး'

'အင်းလေ… အဲ့လို ဝါပြီးမှပဲ၊ ဟယ်… အရေးထဲ မော်တော် ပီကယ်နဲ့ လာတွေ့နေတယ်၊ အင်း… လှန်လိုက်ပါသားရယ်၊ ဒီလေးပုံ ကို အမြန်လှန်၊ အင်းဟင်း… အင်းဟင်း…'

'ဘာများလဲလို့'

ဘယ်နှယ် သူ့ဘာသာလှန်ရမှာ ပျင်းလို့များ။ အေးလေ တစ် ယောက်တည်း ပျင်းတော့လည်း စကားပြောဖော်ရှာမှာပေါ့။တကယ် လို့သာ မြေးမြစ်တွေရှိရင် အမေ ဒီလိုဖြစ်မှာမဟုတ်ဘူး တွေးရင်း။





ငဒိုပုံကို ရှာပေးရတယ်။ တွေ့ပါတယ်။ ဘောလုံးကန်ဖို့ကို မော့ဒ့ယ်မင်းသားပုံစံနဲ့ ခါးထောက်ရပ်နေတဲ့ ပုံလေ။

'တွေ့ပြီ အမေ၊ ကြည့် ကြည့်၊ တစ်ခုခုတော့ မဖြစ်ပါနဲ့ဦး၊ အဟဲ… အမွှေတောင် မလွှဲရသေးဘူး၊ အဲလေ ဒီမှာ ငဒို'

'အင်း… အင်း… ပြစမ်း၊ အံမယ်လေး ခုမှပဲရင်ထဲ အေး သွားတယ်၊ ဟိုကောင်မက သရဲမ၊ ကြည့်ပါလား ပြုံးနေတာကိုက ဘီလူးပါးစပ် ဖြဲထားသလိုပဲ'

'ဟွန်း'

မအေဖြစ်သူက ငဒိုပုံကြည့်ပြီး ထထိုင်တယ်။ သားဖြစ်သူက တော့ ငဒိုကိုကြည့်လို့ မဲ့ရွဲ့နေတယ်။ ဟုတ်တာပေါ့ သူ့မျက်လုံးထဲ မီးရှယ်လ်ဝီလောက် ဘယ်ကြည့်ကောင်းမလဲ။ မအေဖြစ်သူကကြည့် ရင်း သက်သာသလို ဖြစ်လာတယ်။ အဲ…ကောင်းသွားတာနဲ့ သား ဖြစ်သူကို မကြည့်ကြည့်ကြည့်ရင်း။

'ဟဲ့… အကောင်၊ သွား ဂျာနယ်တိုက်ကို ဖုန်းဆက်စမ်း'

'ဟင်… ဘာလို့လဲ'

အသံက ပြန်မာလာတာလေ။ လူတွေများ အသက်ကြီးလာတဲ့ အခါ တယ်ပစိပစပ်များတာပဲလို့တွေးရင်း ညောင်နာနာမေးတော့။

'ဟဲ့… ဘာဖြစ်ရမှာလဲ၊ ဘယ့်နှယ်… ယောက်ျားတွေချည်း ကန်တဲ့ဂျာနယ်ထဲ ကောင်မပုံတွေ ပါ,ပါနေလို့လေ၊ ပြီးတော့ အဝတ် တွေက မလုံဘူး၊ အဲ… ဖုန်းဆက်ပြီး ပြောလိုက်စမ်း၊ နောက်မထည့် နဲ့လို့'

'အယ်ဗျာ… ဘယ်ရမှာလဲ'

စိတ်လေးသွားတယ်။ မသိရင်ကိုယ်ကပဲ ဂျာနယ်တိုက်ပိုင်ရှင် လိုပင်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဘောလုံးအကြောင်းချည်းရေးရင် ဘယ်သူကစိတ်ဝင်စားမလဲ။

ဒီတော့ ဆွဲဆောင်မှုရှိတဲ့ အားကစားမယ်၊ ဒါမှမဟုတ် ဘောလုံးသမားတွေရဲ့ ရည်းစားပုံတွေ ထည့်ပေးရတယ်လေ။ ဒါမှ ရောင်းကောင်းမယ်မို့လား။ စာဖတ်လို့ အာရုံမရရင် ကောင်မလေးတွေပုံ ကြည့်ပြီးမှ ပြန်ဖတ်။ ကဲ… ဘယ်လောက်ဝန်ဆောင်မှုကောင်းလဲ၊ ဒါကိုပဲ အမေဖြစ်သူက အပြစ်တင်တယ်လေ။

စိတ်ထဲမှာလည်း တကယ်လို့ ဂျာနယ်ထဲ ကောင်မလေးတွေ ပုံမပါရင် မဖတ်ဘူး။ လုံးဝကို ဝယ်မဖတ်တော့ဘူးလို့ တွေးတယ်။

'ဟဲ့… ဘာလို့မရရမှာလဲ၊ လိုမှမလိုတာ'

'ဟာဗျာ… အမေမသိပါဘူး၊ ဒါဈေးကွက်စီးပွားရေးစနစ်ဗျ၊ လူစိတ်ဝင်စားအောင်တော့ ဟိုစပ်စပ်ဒီစပ်စပ် ထည့်ပေးရတာပေါ့'

မအေဖြစ်သူက မဲ့ရွဲ့သွားတယ်။

'ဘာလဲ… ကောင်မပုံတွေပါမှ လူစိတ်ဝင်စားမှာလား'

'ဟာ… ဒါပေါ့၊ အားကစားဂျာနယ်ဆိုတာ ယောကျ်ားတွေ အဖတ်များတယ်၊ ဒီတော့ မိန်းမပုံထည့်ရမှာပေါ့၊ ဒါမျိုးက တစ်ပိုင်းတစ်စ ဟိုမရောက်ဒီမရောက်လေး ဆွဲဆောင်တာပေါ့ဗျာ၊ အဟဲ… ကြည့်ပါလား၊ ဟိုမှာ မီရှဲလ်ဝီ အတိုလေးနဲ့ ဘယ်လောက်တောင် ကြည့်ကောင်းလဲ''

'ဟယ်… ဒါလောက် ဆိုးဆိုးကြီးဟာကို'

'ဟာ… လှပါတယ်ဗျာ'

မအေဖြစ်သူမဲ့ရွဲ့ရင်း ခဏငြိမ်သွားတယ်။

'အို… ဘာပဲဖြစ်ဖြစ် ဖုန်းဆက်ပြီးပြော'

'ဘယ်ရမှာလဲလို့'





'ဒါဆို ကောင်မပုံတွေမပါတဲ့ အားကစားဂျာနယ်ဝယ်၊ ငဒိုပုံ များများပါတာလေ၊ ငါ့မှာ တစ်ယောက်တည်း ဂျာနယ်ပဲ အဖော်လုပ်နေရတာ'

'ဟာဗျာ… ဘယ်ရှိမလဲ'

သားဖြစ်သူက ခေါင်းတဗျင်းဗျင်းကုတ်ရင်း စိတ်ညစ်နေတယ်။

'မရဘူးပေါ့ ဟုတ်လား၊ ဒါဆို နင် မိန်းမအမြန်ယူ၊ ကလေး အမြန်မွေး၊ ဒါမှ ငါ မြေးလေးတွေနဲ့နေရတာ မပျင်းတော့ဘူး'

'အဟဲ… ဒါဆိုရင် တော်သေး'

'ဟွန်း'

အံမယ် မိန်းမယူခိုင်းတော့ သွားဖြဲကြီးနဲ့ ပြုံးနေတယ်။

'ဒါက ဒီလိုရှိတယ် အမေရဲ့၊ ကျုပ်ကိုတော့ ကြိုက်တဲ့သူ ပေါ်သားဗျ၊ ရုပ်ရှိရေလျှံမို့လား'

"ဒီရုပ်က'

မအေက တအံ့တသြ လက်ညှိုးတထိုးထိုးနဲ့ မေးတော့ ပြုံးတယ်။

'ဟာ… ဟုတ်တယ်လေ၊ အမေ့သားက လူချောပဲဟာကို အဟဲ'

'ဘာလဲ… အန္တာတေမှာလား'

'ဟာဗျာ'

အမေဖြစ်သူရဲ့ စကားကြားပြီး မျက်နှာကြီးမဲ့သွားတယ်။

'ဟယ်… နင် အပိုတွေပြောမနေစမ်းနဲ့၊ မစွံလို့ဘဲ အသက် ငါးဆယ်ပြည့်တော့မယ်၊ ပြော ငါ ရှာပေးရမလား'

'ဟာ… တိုးတိုးပြောပါ အမေရဲ့၊ ကြားသွားလို့'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ… သေမင်းလား၊ လာခေါ်လည်း အေးတာပဲ၊ ဒီပေါ်တောတောအကောင်ကို အလကားဆန်ကုန် အိမ်လေးတယ်'

'ဟာ… တော်ပြီဗျာ၊ မပြောတော့ဘူး'

ဒါနဲ့ပဲ နှုတ်ခမ်းကြီး အတော်ချွန်ပြီး ကောက်သွားတယ်။ မအေဖြစ်သူက ပြုံးရင်း…

'ကဲပါ… နင့်ဘာသာ ရှာချင်လည်းရှာ၊ ဟဲ့… မကြာစေနဲ့နော်၊ ငါမသေခင် မြေးချီချင်တယ်'

'အမေရာ၊ ဒါမျိုးက ခုချက်ချင်းမျိုချပြီး ချက်ချင်းကျတာမျိုး မဟုတ်ဘူးဗျ၊ အချိန်ယူရသေးတာ'

'ဘာပဲဖြစ်ဖြစ် ဆင်ခြေမပေးနဲ့၊ ငါနေရတာ ပျင်းတယ်၊ အေး… နင်ရှာလို့မတွေ့ရင် ငါရှာပေးတာတာ ယူရမယ်၊ ဒါပဲ'

'ဟာဗျာ… ကျုပ်က သီတာမှ သီတာပဲ'

ဆိုတော့ မျက်နှာကြီး ပိမဲ့သွားတယ်။

'ဟဲ့… ဟိုဟာမက အခုလောက်ဆို ကလေးတောင် အတော်ရနေလောက်ပြီ'

'အိ…'

'ဟွန်း… မရတာကို တ,မနေနဲ့၊ ကဲ… သွားရှာ၊ သွားဆိုအခုသွား၊ ငါ အိပ်လိုက်ဦးမယ်၊ နင့်ကိုဆုံးမရတာ မောတယ်၊ ဟွန်း…'

'ပြီးရောဗျာ'

အခန်းတံခါးကို အသာစေ့ရင်း။

'အင်း… အမေကတော့ မြေးချီချင်ပြီတဲ့၊ ယူမယ့်လူက မရှိ၊ ရှိတဲ့မုဆိုးမတွေကျပြန်တော့ ကလေးက အများသား၊ စိတ်နဲ့ငါနဲ့ နှစ်ခုပြူးညစ်တယ်။ ငါ့ဘာသာ နားအေး မျက်စိအေးတဲ့ ကော်ဖီဆိုင်ပဲ သွားတော့မယ်'





အိမ်ဖော်မလေးကို မှာစရာရှိတာမှာလို့ ကားသော့ယူပြီး အိမ်ထဲက ထွက်လာခဲ့တယ်။

♦♦♦

ကော်ဖီဆိုင်ဆိုတာ သာမန်ကြည့်မယ်ဆိုရင်တော့ အပိုတစ်ခုပါ။ ဒါပေမဲ့ ပိုက်ဆံကို ဘယ်လိုဖြုန်းရမလဲ။ ဒီလိုလူတွေနဲ့ သမီးရည်းစားအတွဲအတွက်တော့ အသုံးဝင်ရဲ့။

ဦးစိန်မင်း ဆိုင်ထဲကို လေလေး တအေးအေးနဲ့ ဝင်လာတယ်။ နမ့်ူးအပြောင်ကြီးကို ရှေ့ပစ်လို့ မျက်မှန်အနက်ကြီး တပ်ထားတယ်။

ဘာအလုပ်မှ မယ်မယ်ရရမရှိပေမယ့် ဖုန်းတစ်လုံးကို ခါးမှာချိတ်လို့။ တစ်လုံးကို လည်ပင်းဆွဲထားတယ်။ ရွှေတွေကို သီးနေအောင်ဝတ်ပြီး ပိုက်ဆံအိတ်ကြီးက ချိုင်းကြားညှပ်ထားသေးတာ။

ထိုင်နေတဲ့လူတွေက ပါးစပ်အပြဲသား ဝိုင်းကြည့်ကြတော့ သဘောကျသွားတယ်။ လူတွေ ဝိုင်းကြည့်လို့လေ။ ဒါပေမဲ့ ဟိုလူတွေက ငပေါကြီးထင်ပြီး ကြည့်ကြတာ။

ထားတော့။

လမ်းလယ်ရပ်ပြီး ဝေ့ကြည့်တယ်။ ပြီးမှ ဆိုင်အတွင်းရောအပြင်ပါမြင်ရတဲ့ အပေါက်ဘေးဝိုင်းမှာ ထိုင်တယ်။ မှန်ကာထားတော့ အပြင်ကိုမြင်သလို၊ အထဲကိုလည်း အကုန်မြင်ရတာလေ။ တကယ်တော့ ကော်ဖီဆိုင်ကိုလာတာ ဘူးချင်လို့ပဲ။

ကောင်မလေးတွေ များလို့လေ။ ဘီယာဆိုင်ဆို ယောကျ်ားတွေပိုများတယ်မို့လား။ အဲလိုအကြံကလည်း ကောင်းပြီးသား။ မှာစရာရှိတာမှာပြီး ဆိုင်ထဲဝင်လာသမျှ ကောင်မလေးတွေကို အတင်းငမ်းတယ်။ ဘေးမှာအတွဲပါလည်း ငမ်းတာပဲ။ မျက်မှန်အနက်ကြီးတပ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာ ဒါကြောင့်လေ။ မျက်လုံးကို မမြင်ရတော့ မသိရင် ရုပ်တည်နဲ့ ထိုင်နေတာလိုလို၊ ဘယ်ဟုတ်မှာလဲ အမှန်အကန် ကာဗာယူထားတာ။

ဒီကြားထဲ အပြင်လမ်းပေါ်ကသွားတဲ့ ကောင်မလေးတွေကို လည်း မို့အား(၂၂၀၀)နဲ့ လှမ်းငမ်းသေးတာ။ ကော်ဖီနဲ့မုန့် ရောက်လာ တာ အတော်ကြာပြီ။ ဒါပေမဲ့ တို့တောင်မတို့ဘူး။ အထဲဝင်လာတဲ့ ကောင်မလေးတွေကို ငမ်းလိုက် အပြင်ကို ငေးလိုက်နဲ့ တစ်ယောက် တည်း လက်မလည်နိုင်အောင် အလုပ်များနေတော့တာ။

'ဟင်... လန်းတယ်၊ အဟိ'

ဆိုင်ထဲ သူ့အတွဲနဲ့ အတူဝင်လာတဲ့ ကောင်မလေးတစ်ယောက် ကို လှမ်းငမ်းတယ်။

မျက်နှာကြီးကို ဖြီးနေရောပဲ။ ဒီလိုလေးတွေကို ငမ်းရတာ အရသာပိုရှိသလိုပဲ။

'အဟဲ... ကျက်သရေကို ရှိလို့၊ အဟိ'

မျက်စေ့တစ်ဆုံးငမ်းလို့ အားရမှ တစ်ခါဆိုင်အပြင်ကို လှမ်း အကြည့်မှာတော့ မျက်နှာကြီး မဲ့ရွဲ့သွားတယ်။

'ကျက်သရေ တစ်ပြားဖိုးမှကို မရှိဘူး၊ တောက်... ဒီနေ့ ကော်ဖီဖိုးတော့ ဆုံးပါပြီ၊ ဟင်း...'

စိတ်ဓာတ်ပါ ကျသွားတယ်။ မကျခံနိုင်ရိုးလား။ သူ့ဗိုက်ကြီး သူသယ်ရင်း လှုပ်လှုပ်လှုပ်နဲ့ ဆိုင်ထဲဝင်လာတာ။ ဘယ်သူ ရှိရမှာလဲ။ ဦးမင်းဇော်လေ။

ကြွရှုနေအောင် ဝတ်ထားတယ်။ ရှုတာက အဝတ်အစား။ ကြွတာက အင်္ကျီအောက်က ဗိုက်ကြီးကိုပြောတာ။ ရုပ်တည်နဲ့ ဝင်လာ ပြီး နေရာဝေ့ရှာတယ်။ ဦးစိန်မင်းကိုတွေ့တယ်ဆိုရင်ပဲ မဲ့သွားတယ်။ တိုးတိုးကြိတ်ဆဲရင်း တခြားဘက် လှည့်လိုက်တယ်။ အဲ... ဖြီးမှ





ဘာစိတ်ကူးပေါက်သွားတယ်မသိ။ ပြုံးပြီး ဦးစိန်မင်း ရှေ့တည့်တည့် ဝင်ထိုင်လိုက်တယ်။

ဦးမင်းဇော်က ပြုံးနေပေမယ့် ဦးစိန်မင်းက မဲ့ရင်းတစ်ဘက် လှည့်သွားတယ်။

ဒါပေမဲ့ ကြာကြာမနေနိုင်ဘဲ ပြန်လှည့်လာတယ်။ ဦးမင်းဇော် ကို စွေကြည့်တယ်။ တစ်ခါ ဦးမင်းဇော်က ပြန်စောင်းကြည့်တယ်။ မျက်စောင်း ပြိုင်ထိုးနေကြတော့တာလေ...။

♦♦♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

တကယ်တော့ ဒီနှစ်ယောက်က ညီအစ်ကိုတွေလို ချစ်ကြတဲ့ သူငယ်ချင်းအရင်းတွေ။ အိမ်က မျက်နှာချင်းဆိုင်။ ဒါပေမဲ့ သီတာကို နှစ်ယောက်ပြိုင်ကြိုက်ကြပြီးတဲ့အခါ ရန်ဘက်တွေ ဖြစ်ကုန်တယ်။ အဲဒီတုန်းက နှစ်ယောက်သား အပြိုင်အဆိုင် ဖြစ်လိုက်ကြသေးတာ။ ဒါပေမဲ့ သီတာက တခြားလူနဲ့ အိမ်ထောင်ကျသွားတယ်လေ။

ဒီကတည်းက သူမကောင်းတာ၊ ငါမကောင်းတာနဲ့ ပိုဆိုးပြီး ပိုငြိုးလာလိုက်ကြတာ ခုချိန်ထိပဲ။ ဦးမင်းဇော်က ပြုံးရင်း...။

'မင်း....မာသားကြီး နေကောင်းလားကွ'

'အေး... ဒေါင်ဒေါင်မြည်ပဲ'

အကောင်းမေးတယ်ထင်ပြီး ကြွားတယ်။ နေမကောင်းဘူးဆို ဝမ်းသာနေဦးမယ်လို့ တွေးပြီးလေ။ ဒါပေမဲ့...။

'ဟာ... ဝမ်းသာလိုက်တာကွာ၊ ငါ့အဖေလည်း ဒေါင်ဒေါင် ဒေါင်ပဲ၊ အဟဲ...ကျန်းမာရေးကောင်းပုံ ပြောပါတယ်။ မြည်ရုံတင် မဟုတ်ဘူး၊ မာပါနေတာ'

'ဟ... သူဟာသူမာတာ ငါနဲ့ ဘာဆိုင်တုံး'

'အဟဲ... မင်းနဲ့တော့ မဆိုင်ပါဘူး၊ မင်းအမေနဲ့ငါ့အဖေကို





ပေးစားလိုက်ကြရင် မကောင်းဘူးလား၊ ငါတို့လည်း နားငြီးသက်သာ တာပေါ့'

'အေး... ကောင်းတယ်၊ အဲ...'

ယောင်တောင်တောင်နဲ့ကောင်းပြီးမှ စဉ်းစားရင်းပြောတယ်။

'မကောင်းဘူးကွ၊ မင်းကွာ မပြောကောင်းမဆိုကောင်း၊ သေ ဘေးနဲ့ အတော်နီးနေပါပြီဟ'

'အေး... ကောင်းသားပဲ၊ အဲဒါမှမင်းအိမ်မှာ ငါ ဖဲလာရိုက်ရ မယ်'

'ဘာကွ'

စကားကောင်းပြောတာကို ထဖောက်တာနဲ့ စိတ်တိုသွားပြီး ဦးမင်းဇော်ကို ဘုကြည့်ကြည့်တယ်။

'ဟေ့ကောင်... တကယ်လို့ ငါ့အမေသေလည်း မင်းလို ကောင်မျိုးကို ငါ့အိမ်မှာ ဖဲပေးမရိုက်ဘူးကွ၊ ဟား... ဟား... ငါ့အိမ် ထဲ ဝင်ရဲဝင်ကြည့်စမ်းပါ၊ ဟွန်း'

မခံချင်အောင် ပြောတော့ ဦးမင်းဇော် ပြုံးနေရာက တည်သွား တယ်။

'ဩော်... မင်းက ဒီလိုလား'

'ဟုတ်တယ်'

'အချင်းချင်းတွေပဲကွာ၊ လာပါရစေ'

'ဟာ... မလာနဲ့ကွာ'

အောက်ကျို့ပြောတာတောင် မရတော့ တင်းသွားတယ်။ မျက်နှာမာနေတဲ့ ဦးစိန်မင်းကို စောင်းကြည့်တယ်။ ဟိုကတော့ ရုပ်ကို တမင် မာထားတယ်။

'ဩော်... မင်းက အဲလိုလား'



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

တကယ်တော့ ဒီနှစ်ယောက်က ညီအစ်ကိုတွေလို ချစ်ကြတဲ့ သူငယ်ချင်းအရင်းတွေ။ အိမ်က မျက်နှာချင်းဆိုင်။ ဒါပေမဲ့ သီတာကို နှစ်ယောက်ပြိုင်ကြိုက်ကြပြီးတဲ့အခါ ရန်ဘက်တွေ ဖြစ်ကုန်တယ်။ အဲဒီတုန်းက နှစ်ယောက်သား အပြိုင်အဆိုင် ဖြစ်လိုက်ကြသေးတာ။ ဒါပေမဲ့ သီတာက တခြားလူနဲ့ အိမ်ထောင်ကျသွားတယ်လေ။

ဒီကတည်းက သူမကောင်းတာ၊ ငါမကောင်းတာနဲ့ ပိုဆိုးပြီး ပိုငြိုးလာလိုက်ကြတာ ခုချိန်ထိပဲ။ ဦးမင်းဇော်က ပြုံးရင်း…။

'မင်း….မာသားကြီး နေကောင်းလားကွ'

'အေး… ဒေါင်ဒေါင်မြည်ပဲ'

အကောင်းမေးတယ်ထင်ပြီး ကြွားတယ်။ နေမကောင်းဘူးဆို ဝမ်းသာနေဦးမယ်လို့ တွေးပြီးလေ။ ဒါပေမဲ့…။

'ဟာ… ဝမ်းသာလိုက်တာကွာ၊ ငါ့အဖေလည်း ဒေါင်ဒေါင် ဒေါင်ပဲ၊ အဟဲ…ကျန်းမာရေးကောင်းပုံ ပြောပါတယ်။ မြည်ရုံတင် မဟုတ်ဘူး၊ မာပါနေတာ'

'ဟ… သူဟာသူမာတာ ငါနဲ့ ဘာဆိုင်တုံး'

'အဟဲ… မင်းနဲ့တော့ မဆိုင်ပါဘူး၊ မင်းအမေနဲ့ငါ့အဖေကို





ပေးစားလိုက်ကြရင် မကောင်းဘူးလား၊ ငါတို့လည်း နားငြီးသက်သာ တာပေါ့'

'အေး… ကောင်းတယ်၊ အဲ…'

ယောင်တောင်တောင်နဲ့ကောင်းပြီးမှ စဉ်းစားရင်းပြောတယ်။

'မကောင်းဘူးကွ၊ မင်းကွာ မပြောကောင်းမဆိုကောင်း၊ သေ ဘေးနဲ့ အတော်နီးနေပါပြီဟ'

'အေး… ကောင်းသားပဲ၊ အဲဒါမှမင်းအိမ်မှာ ငါ ဖဲလာရိုက်ရ မယ်'

'ဘာကွ'

စကားကောင်းပြောတာကို ထဖောက်တာနဲ့ စိတ်တိုသွားပြီး ဦးမင်းဇော်ကို ဘုကြည့်ကြည့်တယ်။

'ဟော့ကောင်… တကယ်လို့ ငါ့အမေသေလည်း မင်းလို ကောင်မျိုးကို ငါ့အိမ်မှာ ဖဲပေးမရိုက်ဘူးကွ၊ ဟား… ဟား… ငါ့အိမ် ထဲ ဝင်ရဲဝင်ကြည့်စမ်းပါ၊ ဟွန်း'

မခံချင်အောင် ပြောတော့ ဦးမင်းဇော် ပြုံးနေရာက တည်သွား တယ်။

'ဩော်… မင်းက ဒီလိုလား'

'ဟုတ်တယ်'

'အချင်းချင်းတွေပဲကွာ၊ လာပါရစေ'

'ဟာ… မလာနဲ့ကွာ'

အောက်ကျို့ပြောတာတောင် မရတော့ တင်းသွားတယ်။ မျက်နှာမာနေတဲ့ ဦးစိန်မင်းကို စောင်းကြည့်တယ်။ ဟိုကတော့ ရုပ်ကို တမင် မာထားတယ်။

'ဩော်… မင်းက အဲလိုလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ကွာ'

'အေး… မင်းစကားမင်းမှတ်ထား၊ ငါ့အဖေလည်း အခု ခုတင်ပေါ်မှာ လှဲနေရပါပြီကွာ၊ ဟား… ဟား… အေး… ငါ့အဖေ သေလည်း မင်း လာစရာမလိုဘူး'

'ဝေးသေး… ဟွန်း'

နှစ်ယောက်သား ပြိုင်စရာမရှိ ပြိုင်နေလိုက်ကြတာ။ နှစ်ယောက်လုံးက ငယ်ငယ်ကတည်းက ပေါတောတောတွေ။ ခုကြီးလာတော့ ပိုပိုပေါလာကြသလားမသိ။ ကြီးပေါကြီးတွေဖြစ်ပြီး အပေါပြိုင်နေကြတာလေ။ မိဘတွေကတော့ အိမ်မှာ တော်တော်မျက်ခုံးလှုပ်နေကြလောက်ပြီ။

နှစ်ယောက်သား တိတ်နေရင်း တစ်ယောက်နဲ့တစ်ယောက် ဘယ်လို နှိပ်ကွပ်ရမလဲ။ ကြံတယ်။ အကြံရပြီး ဦးစိန်မင်း ပြုံးသွားတယ်။

'မင်းဇော်၊ မင်း ဆိုင်မှားလာပြီ ထင်တယ်'

'ဘာလို့လဲ'

'မင်းဝင်လာတာ ကော်ဖီဆိုင်လေ၊ ဘီယာဆိုင်မဟုတ်ဘူး၊ အဟဲ… မင်းဗိုက်က ဘီယာဗိုက်မို့လား၊ မြင်တာနဲ့ သိသာပါတယ်ကွာ၊ အရက်သမားမှန်း'

'အေးလေ… တစ်ခါသောက် ငါးဂျား၊ ဟာ… ငါနော်.. ဟွန်း…'

ဗိုက်ကိုပွတ်ရင်း ယောင်ပြောတယ်။ ပြီး တစ်ဘက်လူကို ဘယ်လိုပြန်နှိပ်ကွပ်ရမလဲ စဉ်းစားနေတယ်။

ဒီတုန်းမှာပဲ ဦးစိန်းမင်း မျက်လုံးအပြူးကြီးနဲ့ မျက်မှန်ကိုချွတ်လိုက်တယ်။





တစ်နေရာကို မျက်နှာအပျက်ပျက်နဲ့ကြည့်ရင်း ပါးစပ်ကလည်း။

'သီတာ၊ သီတာ၊ ဟုတ်တယ်၊ သီတာ'

'ဟင်… အယ်မှာလဲ'

သီတာဆိုတာနဲ့ ဦးမင်းဇော် မျက်လုံးပါပြူးလို့ လိုက်ကြည့်တယ်။ ဆိုင်ထဲဝင်လာတဲ့ ကောင်မလေးတစ်ယောက်ကို ဝိုင်းကြည့်ရင်း နှစ်ယောက်သား အ,နေကြတယ်။

'ဟင်… ဟုတ်တယ် သီတာ'

မျက်ပြူးကြီးတွေနဲ့ ဝိုင်းငမ်းနေကြတော့တာ။

အတော်ကြာမှ သက်ပြင်းကိုချရင်း ဦးမင်းဇော် ပြောတယ်။

'သီတာ မဖြစ်နိုင်ဘူး၊ အသက်ကရှိလှမှ နှစ်ဆယ်ပေါ့၊ ဒါပေမဲ့ သီတာနဲ့ တစ်ပုံစံတည်းရယ်'

'ဟင်း… ဟုတ်တယ်ကွ၊ သီတာပေါက်စလေး'

ဦးစိန်မင်းကလည်း အံ့ကြိတ်သံနဲ့ ဝင်ပြောတယ်။

ကောင်မလေးကတော့ အဖေအရွယ်နှစ်ယောက် ဝိုင်းကြည့်နေကြတာကို မသိဘူး။ သူ့ဘာသာ ကော်ဖီသောက်နေတယ်။ လူကြီးနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ပြိုင်ကြည့်လိုက်ကြတယ်။

ဘာတွေ တွေးနေကြလည်း မသိဘူး။ သေချာတာကတော့ ပိုးတော့မယ် ဆိုတာပဲ။ ဦးစိန်မင်း မပြောမဆို ထရပ်လိုက်တယ်။ အဲ ဦးမင်းဇော်ကလည်း အားကျမခံ ထရပ်လိုက်ပြန်တယ်။ ပြီး နှစ်ယောက်သား စွေကြည့်ကြတယ်။ ဦးစိန်မင်းက ဘင်လာဒင်လေသံနဲ့ မာမာပဲ ခြိမ်းခြောက်တယ်။

'ဟေ့ကောင်… မင်း ဒီတစ်ခါတော့ မရှုပ်နဲ့ကွာ၊ ငါ အရင်မြင်တာ၊ မင်းနဲ့ မဆိုင်ဘူးကွနော်'



www.burmeseclassic.com

www.burmeseclassic.com



'မင်းနဲ့ရော ဆိုင်လို့လား'

အိုဘားမားလေသံ ပျော့ပျော့နဲ့ ပြန်ပက်တယ်။ ပြီးမှ ကောင်မလေးဆီကို ဣန္ဒြေမရမ်ပြေးရုံတမယ် သွားကြတယ်လေ။ တစ်ယောက်နဲ့ တစ်ယောက်တွန်းထိုးရင်း လုသွားနေကြတယ်။ မသိရင် ရထားလက်မှတ် တိုးဝယ်နေကြတာလိုပဲ။

'ဟင်...'

ကောင်မလေးကကြည့်ပြီး ပထမကြောင်သွားတယ်။ အနားလာရပ်ပြီး သွားဖြဲပြနေကြတာနဲ့ အံ့သြတကြီး ပြောတယ်။

'ဟိုလေ... အကြွေမရှိလို့ ကန်တော့ပါသေးရဲ့'

'အမ်'

မဲ့သွားကြလေရဲ့။ ဟုတ်တယ်လေ။ မျက်နှာငယ်လေးတွေနဲ့ဆိုတော့ ဟိုက လာတောင်းတယ်ထင်ထာကိုး။ ဒါနဲ့ ပျာပျာသလဲငြင်းတယ်။

'မဟုတ်ဘူး... မဟုတ်ပါဘူးကွယ်'

'အင်း... မထင်ရဘူးနော်၊ ကြည့်တော့သာ လူကြီးလူကောင်းပုံစံတွေနဲ့၊ ဩော်... လိုက်တောင်းနေကြတာကိုး'

ဒါပေမဲ့ ကောင်မလေးက စိတ်မကောင်းသလို ပြောရင်းစာနာသလို ကြည့်နေတယ်။

'ဟာ... မဟုတ်ပါဘူး ကလေးရယ်'

'ဟုတ်ပါတယ် ဦးလေး၊ အဲလေ... ကိုကြီးတို့က လိုက်တောင်းတာ မဟုတ်ပါဘူး'

'အဲတော်... ကန်တော့နော် ဦးလေး'

အတင်းရှင်းပြမှပဲ ကောင်မလေးက အားနာသွားတယ်။

'ဒါဆို ကျုန်မရှေ့ ဘာလို့ လာရပ်နေကြတာလဲဟင်၊ သေချာ





တာတော့ ဦးတို့ကို သမီးမသိဘူး၊ ဘာလဲ အမေ့သူငယ်ချင်းတွေလား'

'ဟာ'

'သေစမ်း'

မျက်နှာကြီးတွေ မဲ့သွားကြတယ်။ ဒါပေမဲ့ ခဏပဲ။ ထုံးစံအတိုင်း စပ်ဖြီးဖြီး ပြန်ဖြစ်သွားကြတယ်။

'အဟဲ... ဒါက ဒီလိုကွယ့်၊ ဦးလေး... အဲလေ ကိုကြီးတို့က ညီမလေးနဲ့ ခင်ချင်လို့'

'အဟီး... ဟုတ်ပါတယ်'

'ရှင်'

မျက်လုံးလေး ဝိုင်းသွားတယ်။ နားမလည်တဲ့ ပုံစံလေးနဲ့လေ။ နောက်မှ သူ့လာဘူးနေတယ်ဆိုတာသိပြီး မျက်နှာရဲသွားတယ်။

'ဦးလေးရယ်... ကိုယ့်သမီးအရွယ်လောက်ရှိတာကို လာပြီးတော့'

'ဟာ... အဲ့လို မဟုတ်ပါဘူး'

'ဟုတ်ပါတယ်၊ အဲ... မဟုတ်ပါဘူး'

လူကြီးနှစ်ယောက် ပြောနေတာကိုကြားပြီး စိတ်ရှုပ်သွားပုံရတယ်။ ခေါင်းကုတ်ရင်း မဲ့နေတယ်လေ။

'ဦးလေးတို့ကလည်း ဟုတ်တယ် မဟုတ်ဘူးနဲ့၊ ရှုပ်နေတာပဲကိုယ့်ဘာသာစိတ်ညစ်ရတဲ့အထဲ'

ဒါနဲ့ပဲ ဦးမင်းဇော်က ရှင်းပြတယ်။

'ဒီလိုပါ၊ ဟုတ်တယ်ဆိုတာက သူပြောတာ၊ မဟုတ်ဘူးဆိုတာ မင်းတွေးသလိုမဟုတ်ဘူးလို့ ပြောတာပါ'

'ဟုတ်ပါတယ် ကလေးရယ်၊ မထင်ပါနဲ့၊ မင်းတွေးသလိုမမြင်ပါနဲ့ဟယ်... အဲလေ... ယောင်လို့'



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး စိတ်ပျက်တဲ့ပုံနဲ့ ထရပ်လိုက်တော့ အစောင်းတားကြတယ်။

'ဟာ… မသွားနဲ့ ခဏနေပါဦးကွယ်၊ ကိုကြီးက ကလေးနဲ့ ခင်ချင်ရုံလေးပါ'

'ဟုတ်ပါတယ်၊ အဟဲ… ခင်ရုံလေးပါ'

'ကျွတ်… စိတ်ညစ်လိုက်တာ၊ ဒီနေ့ဘယ်လိုလူတွေနဲ့ လာတိုးနေပါလိမ့်နော်'

အတော်စိတ်လေဟန်နဲ့ ညည်းတယ်။ ဒါတောင်မှ ဦးစိန်မင်းက အတင်းမိတ်ဆက်တယ်။

'အဟဲ… ကိုကြီးက စိန်မင်းပါ'

'ကိုကြီးက မင်းဇော်တဲ့၊ အဟီး…'

ဦးမင်းဇော်ကလည်း အားကျမခံ နာမည်ပြောရင်း ဦးစိန်မင်းကို မျက်စောင်းထိုးတယ်။ ဟိုတစ်ယောက်ကလည်း ပြန်ထိုးတယ်။ ကောင်မလေးက အတော်ကြည်ဖြူပါတယ်။ နှုတ်ခမ်းလေးကိုက်ပြီး ကြည့်နေတယ်။ ဦးမင်းဇော်က …။

'အဟဲ… ဒီလိုပါ ညီမလေးကိုတွေ့တော့ ကိုကြီးရဲ့ ချစ်သူအဲလေ… သူငယ်ချင်းတစ်ယောက်နဲ့ တူလွန်းလို့ ခင်ချင်တာပါ'

တစ်လက်စတည်း ဦးစိန်မင်းကိုလက်ညှိုးထိုးရင်း…။

'ဒီကောင်ကတော့ ဘာလို့ ခင်ချင်တာလဲမသိဘူး၊ ကြောင်တောင်တောင်နဲ့'

'ဘာကွ… ဟောကောင် ငါ အရင်တွေ့တာနော်'

ဦးစိန်မင်းက ပြန်ဟောက်ပြီး ကြောင်တောင်တောင်လေး ကြည့်နေတဲ့ ကောင်မလေးကို…။

'အဟီး… ကိုကြီးကလေ ညီမလေးကို စမြင်ကတည်းက





ခင်ချင်တာ၊ ကိုကြီးက လူပျိုကြီးလေ၊ အဟဲ… ဟဲ… တကယ်တော့ ညီမလေးနဲ့ ကိုကြီးက ညတိုင်းဆုံနေကျ'

'ရှင်…'

'အဲလေ… အိပ်မက်ထဲမှာ ပြောပါတယ်၊ ရှေးရေစက်ပေါ့နော် အဟဲ…'

ကောင်မလေး တော်တော်ကို ရှက်လည်းရှက်၊ စိတ်လည်းပျက်နေတယ်။ ကိုယ့်ထက်အပြောကောင်းနေတဲ့ ဦးစိန်မင်းကို တွန်းထုတ်လိုက်ပြီး ဦးမင်းဇော်က…။

'ဟာ… ဒီကောင်က ဒီလိုပဲ၊ စိတ်က သိပ်မှန်တာမဟုတ်ဘူး၊ မျိုးရိုးလိုက်တာလေ'

'ဘာကွ'

ဦးစိန်မင်း နားခေါင်ကြီးနီသွားတယ်။ သူပြောကာမှာပဲ တစ်မျိုးလုံး ရှုးတော့တာတွေးရင်း တင်းသွားတယ်။ ဦးမင်းဇော်ကပြုံးရင်း။

'ဝတ်ထားတာကို ကြည့်ပါလား၊ အဟီး… အဲဒါ အတုတွေလေ ဒီဟာတွေပြ,ပြပြီး လုပ်စားနေတာ ကြာပြီ၊ မယုံနဲ့နော် ညီမလေး၊ ကိုကြီးပြောတာကို ယုံ၊ ခင်ချင်ရုံလေးပါ၊ နာမည်လေးနဲ့ လိပ်စာ၊ ဒါမှ မဟုတ်ဖုန်း… ဖုန်း…'

စကားတောင် မဆုံးဘူး ဦးစိန်မင်းက ပြန်တွန်းထုတ်လိုက်ပြန်တယ်။ ဝတ်ထားတဲ့ ရွှေတွေကို မြင်သာအောင်ပြရင်း။

'အဟဲ ကိုကြီးက company ငါးခုလောက်ကို ရှယ်ယာဝင်ထားတဲ့လူပါ၊ အဟဲ… အဲဒီငါးခုလုံး ကိုကြီးလက်ထဲမှာပဲ ရှိတယ်၊ ရှင်ဆိုရှင်၊ သေဆိုသေပဲ၊ ဒီကောင်ဆို ကိုကြီးပိုင်တဲ့ company တွေက လက်တို့လက်တောင်းခိုင်းတဲ့ အဆင့်လောက်ပဲ ရှိတဲ့ကောင်၊ ဒီလိုကောင်မျိုးက ညီမလေးနဲ့ မတန်ပါဘူး။ ပြော… ကိုကြီးကိုပဲ ပြော… အဟဲ… နာမည်လေး'



www.burmeseclassic.com

www.burmeseclassic.com



စကားတောင် မဆုံးဘူး၊ ဦးမင်းဇော်က ပြန်တွန်းထုတ်လိုက်ပြန်တယ်။ ကောင်မလေး မျက်စိကို ရှုပ်နေလေရဲ့။ ဇဝေဇဝါနဲ့ ကြည့်နေတယ်။

အလိုက်ကမ်းဆိုးမသိ သွားကြီးကို ဖြီးလို့ ပြောတယ်။

'ကိုကြီး ပြောပါတယ်။ ဒီကောင်က နဂိုရှုးပါဆို၊ အဲ… ပုံစံကြည့်ရင်တော့ company ငါးခုပိုင်တယ်ဆိုတာ ယုံနိုင်လောက်တယ်။ အဟဲ… နဖူးပြောင်နေလို့လေ'

'အဟု'

ကောင်မလေးက ပြုံးတယ်။ ဦးစိန်မင်း မျက်နှာကြီးမဲ့ရှင်းယောင်လို့ နဖူးစမ်းနေတယ်။

'တကယ်တော့ ကိုကြီးက သူ့ထက်မြင့်တယ်။ သူက ပုတာကိုး။ အဲလေ… ကိုကြီးက ဒီကောင့်ထက် သာတယ်။ အခု မြန်မာပြည်မှာ အချမ်းသာဆုံးသူဌေးကြီးဆယ်ဦးကို သိလား'

'ရှင်… မသိဘူး'

'အေး… ကောင်းတယ်'

ကောင်မလေးက ကြောင်တောင်တောင်နဲ့ပြောတော့ ဆရာကြီးအထာနဲ့ ပြုံးတယ်။ ပြီးမှ …။

'အဲလေ… မသိရင်လည်း မှတ်ထား။ အဲဒီသူဌေးကြီးဆယ်ဦးက ကိုကြီးနဲ့ ဘာတော်လဲ။ ညီမလေး သိလား၊ ဟွန်း… ဟွန်း…'

'ဘာတော်လဲဟင်'

ပြောရင်း မိန့်မိန့်ကြီးပြုံးတော့ ဟိုက ပြန်မေးတယ်။

'အဟဲ… ဘာမှမတော်ဘူးလို့ပြောတာ၊ ဒါပေမဲ့ ကိုကြီးက အဲလောက်နီးနီး ချမ်းသာတာ။ ဒီတော့ ပြောပါ နာမည်လေး'

'ဟွန်း…'





ကောင်မလေး မဲ့သွားတယ်။ သူ့ဘာသာချမ်းသာတာ ကိုယ်နဲ့ဘာဆိုင်တာလိုက်လို့လို့ တွေးနေတယ်။ ဦးစိန်မင်းက ဦးမင်းဇော်ကို ပြန်တွန်းထုတ်လိုက်ပြန်တယ်။

'တွေ့ပြီမို့လား ညီမလေး၊ ဒီကောင်က ကြွားၤသူမှ သူဌေးရှူးရှူးနေတာ။ ဟား… ဟား… ဥစ္စာရှူးကြီး'

'ဘာကွ… မင်းရူးတာ၊ မင်းသာ အရူး'

'မင်းပဲရူး၊ အသိသာကြီး'

နှစ်ယောက်သား သူ့တွန်းထုတ်လိုက်၊ ကိုယ့်တွန်းထုတ်လိုက်နဲ့ မျက်စိကို ရှုပ်နေရောပဲ။

ကောင်မလေး နှုတ်ခမ်းကို,ကိုက်။ မျက်စောင်းကို ဖောဖောသီသီထိုးတယ်။ ပိုက်ဆံကို စားပွဲပေါ်တင်လို့ ဆောင့်ဆောင့်အောင့်အောင့်နဲ့ ဆိုင်ထဲက ထွက်သွားတော့တာ။

နှစ်ယောက်သား ဘယ်သူရှုံးလဲတော့ မသိဘူး။ ငြင်းကောင်းကောင်းနဲ့ ငြင်းနေကြတာ ဘေးလူတွေ ဝိုင်းကြည့်တာသိမှ ရှက်သွားကြတယ်လေ။ ဘေးလူတွေကတော့ သူတို့နှစ်ယောက်ကို အရူးနှစ်ယောက်လို့ ထင်သွားကြတာ။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ရဲလင်းထွန်း၊ ကိုကိုပိုင်နဲ့ မင်းမင်းစိုးတို့သုံးယောက် ကော်ရစ်ဒါမှာ ထိုင်ပြီး လာသမျှ ကောင်မလေးတွေကို စ,နေကြတယ်။

အဲ··· ကောင်လေးတွေ လာရင်တော့ မသိယောင်ဆောင်။ ရုပ်တည်နဲ့ ထိုင်နေကြတယ်။

မလှမ်းမကမ်းမှာ စာထိုင်ကျက်နေတဲ့ ကောင်မလေးသုံးယောက်ကိုလည်း စ,စရာလူမရှိရင် လှမ်းစ,တယ်။

ဒီကောင်မလေးသုံးယောက်ကို သိတာ မကြာသေးသလို၊ ခင်လည်း မခင်သေးပါ။ ကိုပိုင်က စကားစ,တယ်။

'မင်း စာကြိုးစားလှချည်လား ရဲလင်းရဲ့'

'အဟဲ··· ကြိုးစားဆို ငါက ယောကျ်ားယူရင် လုပ်ကျွေးရမှာလေ···'

ဟိုဟာလေးတွေ အံကြိတ်သူ ကြိတ်။ မျက်စောင်းထိုးသူ ထိုးပေါ့။

သူတို့ကို စောင်းပြောနေမှန်း သိတာလေ။

'နင်ကလည်းဟယ်၊ ယောကျ်ားလုပ်စာ ထိုင်စားပေါ့'

'ဟယ်··· ငပိုင်ရယ် ခုခေတ်က ငါတို့မိန်းမတွေက ယောကျ်ားတွေနဲ့ ပြိုင်လုပ်တဲ့ခေတ်ဟဲ့'





အသံကိုနွဲ့ရင်း မာန်နဲ့ပြောတယ်။ မင်းမင်းစိုးက မေးတယ်။

'ဟာင်··· ဘာပြိုင်လုပ်တာလဲဟဲ့'

'ကောင်မရယ်··· ညည်းဟယ်··· ဒါတောင် မသိဘူးလား၊ အလုပ်လေ၊ အဟင်း၊ ပြီးတော့ ကိုယ်ချစ်လို့ယူထားတာ မနိုင်းရက်ပါဘူးဟယ်။ နောက်ပြီး တို့ကလေ ယောကျ်ားတစ်ယောက်ကို တင့်တောင်းတင့်တယ်ထားနိုင်တဲ့အခါကျမှ ယူမှာ၊ သိလား'

'သေနာတွေ'

ဝိုင်းလှောင်ကြတော့ ကောင်မလေးတွေဆီက ဆဲသံတွေ ပျံ့လာတော့တာ။ ဒါလည်း မနာဘူး။

'ဟယ်··· ငပိုင်၊ ဟိုကောင်မတွေ ငါတို့ကို ဘုတ်တယ်ဟဲ့'

'ဧကန္တ သူတို့တွေ ငါတို့စကားကို စိတ်ဝင်စားသွားပြီထင်တယ်။ ငါတို့ပြောသလိုပဲ သူတို့လည်းလိုက်လုပ်မှာနဲ့ တူတယ်၊ အဟိ'

'မသာတွေ၊ နင်တို့ညီမတွေပဲ စိတ်ဝင်စားမှာ'

'ဟွန်း··· ရုပ်တွေကိုက ထဘီနားကပ်စားမယ့်ဟာတွေ'

ကောင်မလေးနှစ်ယောက်က ပြန်ကောတော့ မျက်မှန်နဲ့ကောင်မလေးက ဝင်ထောက်တယ်။

'ဟဲ့··· ထဘီနားခိုစားတယ် လုပ်ပါ'

'ဟယ်··· ဝင်းဝင်းမော် နင်ဘာသိလဲ၊ ထဘီခိုစားရင် ကျွတ်ကျမှာပေါ့'

'အေးလေ'

ဟိုကောင်မလေးနှစ်ယောက် မျက်စောင်းဝိုင်းထိုးတာနဲ့ ဝင်းဝင်းမော် ပြန်ကုပ်သွားတယ်။ မျက်နှာငယ်လေးနဲ့ စာအုပ်ကို ပြန်ကြည့်တယ်။

ကိုပိုင်တို့သုံးယောက်က လှောင်ရယ် ရယ်နေကြတယ်။ ရဲလင်းက ···။



www.burmeseclassic.com

www.burmeseclassic.com



'အဲ့ဒါပဲ မိန်းမတွေဟာ မှန်တာပြောရင် နာတတ်ကြတာ'

'ဟုတ်ပါ့၊ ပြီးတော့ ဟုတ်တာလည်း မဟုတ်ဘူး'

'မင်းတို့ပြောတာ မှန်တယ်ကွ၊ အံမယ်… မပယူခင်သာ အသံ စွာစွာ ထွက်တာ။ ယူပြီးသွားကြည့်'

'မင်းမင်းစိုးရဲ့စကားကြားတော့ ဟိုဟာလေးတွေ ခေါင်း ထောင်သွားတယ်'

'ယောက်ျားယူပြီးသွားရင် ဘာလဲ အသံမမာနိုင်တော့ဘူးလား'

ကိုပိုင်က မေးတော့ …

'ဟား… ဟား… ဟုတ်တာပေါ့၊ ဒီအသံ ဘယ်ထွက်တော့ မှာလဲ၊ အနားက ခွာမှာကို မဟုတ်တော့ဘူး… အဟီ'

'သေနာကျတွေ'

ကောင်မလေးတွေ ဝိုင်းဆဲကြတယ်။ ကိုပိုင်က တမင်ကြား အောင် ပြောတယ်။

'ကြည့်စမ်း… ဒါလောက်နှုတ်သီးကောင်းတဲ့ဟာတွေ၊ ဟွန်း … ရမှတွေ့မယ်'

'အေး…ငါလည်းပါတယ်၊ ဒီနှုတ်သီးတွေကို ပြင်ပေးရမယ်'

ရဲလင်းက ရယ်နေတယ်။ ဟိုနှစ်ကောင်က အတိုင်အဖောက် ညီနေတော့ ဟိုဟာလေးတွေ အတော်တင်းသွားကြတယ်။

'တော်ပြီဟာ၊ အကုသိုလ်များတယ်၊ လာသွားကြမယ်၊ ဟိုကောင်မကလည်း ကြာလိုက်တာ'

'ဒီကောင်တွေနဲ့ ဝေး အေးတာပဲ'

သုံးယောက်သား ပေစောင်းစောင်းကြည့်ရင်း ကော့ပက်ကော့ ပက်နဲ့ ကင်တင်းဘက် ထွက်သွားကြတယ်။

ရဲလင်းက ငေးနေတဲ့နှစ်ယောက်ကို မေးတယ်။





'မင်းတို့ ဘယ်လိုသဘောရလဲ'

'ဘာကိုလဲ'

ဟိုနှစ်ယောက်က အူချာချာမေးတော့ ပြုံးတယ်။

'ငါတော့ အတန်းလစ်ပြီ၊ မင်းတို့ လိုက်မှာလား'

'ဟွန်း… အတန်းပဲ လစ်ချင်နေတာ'

'အေးလေ… မင်းပဲပြော ငပိုင်ရာ၊ ငါ မပြောချင်ဘူး'

'ဟော့ကောင်၊ မင်းမင်းစိုးပြောတာ ဟုတ်တယ်။ မင်းသွား ချင်သွား'

ညှိမရတာနဲ့ ရဲလင်း မျက်နှာငယ်သွားတယ်။ အတန်းမှ မတက်ချင်တာ။

'မင်းတို့ မလိုက်ဘူးပေါ့'

'ဟာ… လိုက်မှာပေါ့ဟ'

ရဲလင်း ကျွဲမြီးတိုသွားလို့ မျက်စောင်းထိုးတယ်။

'ဟွန်း… ဒါနဲ့များ'

'အဟဲ… ငါတို့လည်း မူကြည့်တာလေ'

ဒါနဲ့ပဲ ဟေးလေးဝါးလားနဲ့ ဆိုင်တန်းတွေဘက် ထွက်ခဲ့ကြ တယ်။ ပြီးတော့ ရုပ်တည်တွေနဲ့ ဟိုကောင်မလေးသုံးယောက် ထိုင်တဲ့ ဘေးဝိုင်းကို ဝင်ထိုင်ကြတယ်။

ဟိုဟာလေးတွေက မျက်စောင်းထိုးတော့ မင်းမင်းစိုးက လှမ်း ရယ်ပြတယ်။

'အဟဲ…'

'သေမယ့်မသာ'

ဘုလုံးတွေ လွှတ်လိုက်လို့ မင်းမင်းစိုး မဲ့သွားတယ်။ ဒါနဲ့ ကိုပိုင်က ကောင်မလေးတွေကို နှုတ်ခမ်းစုပြုံး၊ မျက်လုံးနဲ့ အတင်းပြုံးပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်... မျက်ပြူးကြီးတော့'

'အဟီ... ကြောက်စရာကြီးနော်'

'အေးဟဲ့'

ကိုပိုင် မျက်နှာကြီးမဲ့သွားပေမယ့် ဟိုကောင်မလေးတွေက ငြိမ်သွားကြတယ်။ ကိုပိုင့်ကို ကြောက်ကြလို့ ထင်တယ်။ ရဲလင်းက တော့ ပြုံးနေတယ်။ ဒီကောင်မလေးတွေကို စိတ်မဝင်စားပါ။ စိတ် ဝင်စားတဲ့သူတစ်ယောက်က ရှာမတွေ့ဘူး။ ရဲလင်းတို့သုံးယောက်စလုံး ဒုတိယနှစ်ကျောင်းသားတွေ။

လူငယ်တွေပီပီ ပွေးကြတယ်။ မပွေးဘဲ နေနိုင်မလား။ ဒီနေရာ မှာ ဒီလောက်အချောအလှတွေ စုနေတာ။

တကယ်တော့ ရဲလင်း ဆေးတက္ကသိုလ်တက်ဖို့ အမှတ်မီ တယ်။ တော်ကလည်း တော်တာကိုး။ ဒါပေမဲ့ ဆေးတက္ကသိုလ်က ပျင်းဖို့ကောင်းသလို၊ အလကားနေအလကား ဓားတစ်ချောင်းနဲ့ ဖား လေးသတ်လိုက်။ ကြွက်ကလေး ဖြတ်လိုက်။ ဒီအလုပ်တွေကို ဝါသနာ လည်း မပါဘူး။ သနားစရာသတ္တဝါလေးတွေကို နှိပ်စက်ရာကျတယ် လို့ပဲ မြင်တယ်။ ဝါသနာမပါတဲ့အပြင် ကိုယ်တိုင်ကလည်း သွေးသံ ရဲရဲကို ကြောက်တယ်။ ဒီတော့ ပွေးလို့ကောင်းအောင် အီကိုပဲ ယူထား တယ်။ ဒီမှာက ကောင်မလေးတွေ ပေါက ပေါနဲ့လေ။

မင်းမင်းစိုးက ကိုပိုင့်လက်မောင်းကိုကြည့်ပြီး အားကျနေ တယ်။ လက်ပြတ်ဝတ်ထားတဲ့ ကိုပိုင့်လက်မောင်းက နဂိုကြီးလေ။

'ကိုပိုင် မင်းလက်မောင်းမှာ တက်တူးထိုးရင် အရမ်းကြည့် ကောင်းမှာ'

'ဟုတ်တယ်ကွ'

ရဲလင်းကလည်း မြှောက်ပေးတယ်။





ဒါပေမဲ့ ကိုပိုင်က မဲ့သွားတယ်။

'ဟာ... မထိုးချင်ပါဘူးကွာ၊ အဲဒါ ထိုးပြီး ပြန်ဖျက်လို့မရ တော့ဘူး၊ ပြီးတော့ ကလေကချေ အထင်ခံရဦးမယ်'

'မင်းကလည်း ကလေကချေမို့လား'

ကိုပိုင်က မကြားယောင်ဆောင်ကာ ယောကျ်ားကြီးပီပီ အတင်း ချတယ်။

'ဟိုကောင် မျိုးသန့်း ထိုးထားတာ ကြည့်ပါလား။ အံမယ်... သတ္တဝါကောင်းမှန်းတော့ သိသာပါရဲ့။ ထိုးထားတဲ့ပုံကျမှပဲ ပန်းပွင့် တွေလေ'

'ဟုတ်တယ်၊ မသိရင် အခြောက်ကြီးအတိုင်းပဲ၊ အဟီး...'

မင်းမင်းစိုးက ထောက်ခံတော့ ရဲလင်းကလည်း...

'ဟုတ်ပါ့ကွာ၊ ထိုးမယ့်ထိုးတော့ ကျားပီပီသသ နဂါးရုပ်လေး ဘာလေးထိုးပေါ့၊ အခုတော့ အဟီး... လက်မောင်းမှာ ပန်းတွေကို ပွင့်လို့'

'အေးကွာ... တကယ့်ကောင်ပဲ'

သူတစ်ပါးရဲ့ မကောင်းကြောင်းပြောရတာ တယ်ခံတွင်းတွေ့ ကိုး။ ကိုပိုင်က သူ့ဘယ်လက်မောင်းကိုပြရင်း ပြောတယ်။

'ငါ့လက်မောင်းကို ကြည့်ကြစမ်း၊ ဘာရှိလဲ'

'အေး... ဒီမှာ အစက်တွေ တွေ့တယ်'

'ဟုတ်တယ်ဟ၊ အေမိုး စပြီထင်တယ်'

'ဟာ... ဘယ်ကလာ၊ အဲဒါ စာလို့ခေါ်တယ်ကွ'

'သြော်...'

နှစ်ယောက်သား သြော်ဖြစ်အောင် သြော်လိုက်ပြီး ပြူးပြဲ ကြည့်ကြတယ်။ မြင်မှ မမြင်ဖူးပဲ။



www.burmeseclassic.com

www.burmeseclassic.com



'အဟဲ… အသေအချာကြည့်ထားကြ မမြင်ဖူးရင်'

'အေး… လက်မောင်းမှာ စာပါတာ ဘာဖြစ်လဲ'

'အေးကွ၊ ငါတို့ကြားဖူးတာ ကျောက်စာတို့၊ ပေစာတို့ပဲ။ ဒီကောင့်လက်မောင်းမှာ ပါတဲ့စာ ဒီစာက လက်မောင်းမှာပါတဲ့စာ၊ ဒီစာက လက်မောင်းစာပေ၊ ဟုတ်ဘူးလား'

ဝိုင်းလှောင်ကြပေမယ့် ငနဲက အပြုံးမပျက်ဘူး။ နဂိုပြုံးမျက်လုံးကို ပိုကျယ်လိုက်တယ်။

'ဟွန်း… မင်းတို့ ဘာသိလဲ၊ ဘာဗဟုသုတမှ မရှိဘူး၊ လက်မောင်းမှာ စာပါရင် ပညာရှိကွ၊ ပညာရှိတဲ့၊ အဟင်း'

'ဟုတ်လား'

'ကြားဖူးပေါင်ကွာ'

ဝင့်ဝင့်စားစားပြောတာနဲ့ အဟုတ်ထင်သွားကြတယ်။ ငနဲက မျက်နှာကြီးမဲ့သွားတယ်။

'ဒါပေမဲ့ နေရာချင်းလွဲသွားတယ်၊ ညာလက်မောင်းမှာဆို ပညာရှိကွ၊ အခုတော့'

'အေး… မင်းက ဘယ်လက်ကြီးမှာပဲ'

'ဘယ်လက်မှာ ပါရင်ရော ဘာတဲ့လဲ'

ကိုပိုင်ရေနွေးကို စိမ်ပြေနပြေသောက်ရင်း အချိန်ဆွဲထားတယ်။ ရဲလင်းနဲ့ မင်းမင်းစိုးကလည်း အရမ်းသိချင်နေတယ်။

ရေနွေးခွက်ကို ချလို့ ထပ်ထည့်တယ်။ ပြီးမှ နှစ်ယောက်လုံးကို ဝေ့ကြည့်ကာ။

'ညာမှာဆို ပညာရှိ၊ ဘယ်မှာဆို'

'ဘာတဲ့လဲ'

'ငပျင်းတဲ့လေ'





ခဏအုံ့သွားပြီး နောက်မှ ဝါးခနဲ ရယ်ကြပါလေရော။ ကိုပိုင်က မဲ့ရင်းပြောတယ်။

'အဲ့ဒါကြောင့်… ငါ ပျင်းလှချည်လား မှတ်တာ၊ ဒီစာကြောင့်ကွ'

'အံမယ်… ဘာမှကို မဆိုင်ဘူး၊ မင်းဘာသာ နဂိုပျင်းဟာကို'

'အေးလေ'

ကိုပိုင်က ပြူးရင်း တစ်ဘက်ဝိုင်းကို ကြည့်လိုက်တော့ ကောင်မလေး လေးယောက်ဖြစ်နေပြီ။ ဒါနဲ့…။

'ရဲလင်း၊ မင်းဟာလေး ရောက်နေပြီကွ'

'ဟုတ်လား'

မတွေ့ချင်ရှာပါဘူး။ အတင်း လိုက်ဝေ့ရှာတယ်လေ။ လမ်းပေါ်ရော၊ လမ်းဘေးပါ နေရာအနှံ့လိုက်ရှာတယ်။

'ဟာ… ဘယ်မလဲကွ၊ မတွေ့ပါဘူး'

'အာ… ဒီအကောင်တော့ မင်းနောက်ဝိုင်းမှာလေ'

'ဩော်… ဒါကြောင့် မတွေ့ပါဘူးမှတ်တယ်၊ အဟဲ…'

ပြူးရင်း ကျောပေးထိုင်ထားတဲ့ဝိုင်းကို ပြောင်းပြီးမျက်နှာချင်းအတင်းဆိုင်တယ်။ နောက်မှရောက်လာတဲ့ ကောင်မလေးကို အတင်းငမ်းလို့ အရင်ရောက်နေတဲ့ ကောင်မလေးတွေ မဲ့ရွဲ့သွားကြတယ်။

ရဲလင်းက ဂရုမစိုက်ပါ။ အသေအချာကြည့်လို့ ပြောတယ်။

'ဟင်… မျက်နှာကလည်း မာလိုပါလားကွ'

'အေးလေ၊ ကြည့်ရတာ သူ့ဘဲနဲ့ ဘူလာပုံရတယ်၊ အဟဲ…'

'ဘာကွ… ချွေးသူခိုး'

စပ်ဖြဲဖြဲဖြစ်နေတဲ့ မင်းမင်းစိုးကို ဆဲတယ်။

ဒီကောင်မလေးမှာ ချစ်သူမရှိသေးပါ။ ရဲလင်းနဲ့ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ဒါပေမဲ့ ငယ်ပေါင်းတော့ မဟုတ်ပါ။ နာမည်က သူသူဝင်းတဲ့။ ဒါပေမဲ့ သိပ်မကြာခင်ကမှ ရဲလင်းကိုစိတ်ဆိုးပြီး ဟိုကောင်မလေးတွေနဲ့ ပေါင်းနေတာ။

ရဲလင်းတို့နဲ့ မတွဲတော့ဘူး။ ဒါက ဒီလို။ ရဲလင်းက သူသူဝင်း သူငယ်ချင်းမ,မှန်သမျှ သူသူဝင်းကို အတင်းအောင်သွယ်နိုင်းတာ။ အစပိုင်းတော့ ဟိုဟာလေးက ပြောပေးပါတယ်။ ဒါပေမဲ့ ရဲလင်းက အတည်မဟုတ်ဘူး။ ဒီနေ့ ဒီလူဆို။ နောက်နေ့ကျ နောက်တစ်ယောက်ပဲ။

ဒီတော့ စိတ်မဆိုးဘဲ နေနိုင်မလား။ အခုလည်း မျက်နှာလေးကို ရှုပုပ်နေတယ်။ ဒါပေမဲ့ ရဲလင်းက ဂရုမစိုက်တဲ့အပြင် လှမ်းရယ်ပြတယ်။ ဟိုဟာလေးက လှမ်းမကြည့်တော့ ရဲလင်း ပြုံးပြလျက် တန်းလန်းကြီးနဲ့ အလကားဖြစ်နေတယ်။ ဒါကိုမြင်တော့ မင်းမင်းစိုးကတော့ ဝင်လှောင်တယ်။

'သူငယ်ချင်း၊ မင်းပါးစပ်ကို ခဏပိတ်ထားဦး၊ ယင်ကောင်တွေ ဝင်ကုန်ပြီ'

အခွက်ပြောင်တဲ့ ရဲလင်းက မလျှော့ဘူး။ မကြည့်မချင်း အကြိမ်ကြိမ် ရယ်ပြနေတယ်။ ဟိုဟာလေးကလည်း မနေနိုင်။ တစ်ကြိမ်မှာ လှမ်းကြည့်တော့ ရဲလင်းရယ်ပြနေတာနဲ့ တန်းတိုးတာပဲ။ အံမယ်… တော်တော်ကြည်တာ။ နှုတ်ခမ်းကိုကိုက်ပြီး တစ်ဘက်လှည့်သွားတယ်။ ဒါတောင် ရဲလင်းက အားရဝမ်းသာ ပြောသေးတယ်။

'ဟောကောင်တွေ အခြေအနေ တော်တော်ကောင်းတယ်ကွ'

'ဟေ'

'ဟွန်း… ဘာလဲ ပါးအချခံရဖို့လား'

ငနဲနှစ်ကောင်က မျက်ကလဲဆန်ပျာနဲ့ ထောက်ခံကြတယ်။





'အဟင်း… ငါ ပိုင်ပါတယ်ကွ၊ မစိုးရိမ်ပါနဲ့၊ ဒီဟာလေးက ဒီလိုပဲ မင်းတို့လိုက်မှာလား'

'ဟင့်အင်း၊ မင်းဘာသာသွား၊ လိုက်ဘူး၊ ဟောကောင် ဟုတ်တယ်နော်'

'အင်းလေ၊ ဟိုဟာတွေ အပေါက်ကဆိုး၊ လက်သံကပြောင်နဲ့၊ လိုက်ဘူး'

မျက်နှာမာတွေနဲ့ အတင်းငြင်းတယ်။

'ဒါဆိုလဲ ပြီးရော၊ နောက်မှ ဟိုကောင်မလေးတွေနဲ့ ငါ့ကို လာမိတ်မဆက်ခိုင်းနဲ့နော်၊ မရဘူး၊ ဟွန်း…'

'ဝေးသေး'

'အေးလေ'

နှစ်ယောက်သား ခါးခါးသီးသီးငြင်းနေကြတာများ အဆိပ်ငွေ့လွှတ်ထားတဲ့ အလုံပိတ်ခန်းထဲ ဝင်ရမယ့် ဂျူးတွေလိုပဲ။ ကြောက်တာ ပြောပါတယ်။ ရဲလင်းက ကြောက်ရန်ကောလို့ တွေးပြီး မျက်စောင်းချိတ်တယ်။

ရဲလင်း အပြေးကလေးသွားရင်း သူသူ့ဘေး ဝင်ထိုင်တယ်။ ဟိုကောင်မလေးသုံးယောက်က မျက်လုံးပြူးသွားကြတယ်။ သူတို့နဲ့ ခင်မှမခင်ဘဲ သွားထိုင်တာကိုး။ ဒီတော့ မျက်စောင်းဝိုင်းထိုးကြတယ်။

သူသူဝင်းက မသိဟန်ဆောင်နေတယ်။

'အဟဲ…'

'ဟယ်…'

'ဟဲ့… အဲ့ဒါ ဘယ်ကအကောင်လဲ'

'အေးလေ… သူနဲ့မသိဘဲ အတင်းဝင်ထိုင်တယ်'

ရဲလင်း သွားဖြဲပြလိုက်တော့ ဟိုဟာလေးတွေ ပြူးပြူးပြဲပြဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဟောက်ကြတယ်။ ရဲလင်းက သူသူဝင်းကို အားကိုးတကြီး ကြည့်တယ်။ သူသူဝင်းက မျက်နှာငယ်နေတဲ့ ရဲလင်းကို မျက်စောင်းထိုးတယ်။

'သူက ငါ့သူငယ်ချင်းပါ'

'ဟုတ်ဘဲနဲ့'

'ဟုတ်လို့လား'

မသင်္ကာသလို ဝိုင်းကြည့်ကြတယ်။ နဂိုကတည်းက မျက်မှန်းကျိုးပြီးသားဆိုတော့ မယုံဘူး။ တကယ်တော့ သူတို့နဲ့ သူသူ ပေါင်းမိတာ သိပ်မကြာသေးပါ။ ဒါပေမဲ့ စောဒက သိပ်မတက်ကြဘဲ လက်ခံလိုက်တယ်။

'အေးလေ၊ နင့်အကောင်ဆိုလည်း ပြီးတာပဲ'

'ဟွန်း… ရုပ်က အတော်ပြောင်တာ'

'ဟုတ်ပ၊ ကြည့်လို့ကို မရဘူး'

တစ်ယောက်တစ်မျိုး ဝိုင်းချိုးမွမ်းကြတယ်။

ရဲလင်းက မျက်နှာကို အတင်းငယ်ထားတယ်။ မသိရင် လူရိုးလေးပေါ့။ တကယ်တော့ သူသူ့ကို တမင်ဘေးလူနဲ့ လိုက်အောင်သွယ်ခိုင်းနေပေမယ့် တကယ်ချစ်တာ သူသူ့ကိုပဲ။

သူသူကိုယ်တိုင်ကလည်း ဒါကိုသိတယ်။ ဒါပေမဲ့ ရဲလင်းက ချော်တောငေါ့ပြီး သူ့ကိုရည်စားစကားမပြောဘဲ သူ့အပေါင်းအသင်းတွေချည်း လက်ညှိုးထိုးတော့ တင်းသွားတာပေါ့။

အခုလည်း မျက်နှာသာပေးလိုက်တာနဲ့ မျက်နှာအပြောင်ကြီးထားပြီး…

'သူသူ၊ အဟီး… ငါ့ကို မိတ်ဆက်ပေးဦးလေဟာ'

'ဟွန်း… မျက်နှာက အရှက်ကိုမရှိဘူး'





မနာဘူး။ သူသူ့စကားကို မကြားဟန်ဆောင်လို့ ဟိုသုံးယောက်ကို အတင်းမိတ်ဖွဲ့တယ်။

'ငါကတော့ ရဲလင်းထွန်းပါ၊ အဟဲ… ခင်ဗျားလေးတို့က ရောဟင်'

'အဟဲ…'

'အဟီး…'

ဒီတုန်းမှာပဲ စောစောက ဘာလေးညာလေးပြောတဲ့ ကိုကိုပိုင်နဲ့ မင်းမင်းစိုး ရောက်လာတယ်။ သွားတွေကို ဖြဲနေရောပဲ။ ခင်တင်းတင်းပဲ ဝင်ထိုင်တယ်။ ဟုတ်တယ်လေ။ အခြေအနေက အေးဆေးဖြစ်သွားပြီ။ အဲလို ပါးရည်နပ်ရည်ကလည်း ရှိပြီးသား။ ရဲလင်းက မျက်စောင်းချိတ်လို့ အံကြိတ်ပြတော့ မမြင်ဟန်ဆောင်ရင်း မျက်နှာတွေကိုဖြဲကာ။

'သူသူ၊ အဟဲ… ငါတို့ကို မိတ်ဆက်ပေးဦးလေ'

'အေးလေ… နင်ကလည်း အချင်းချင်းတွေပဲ ဟုတ်ဘူးလား'

သူသူဝင်းက မျက်စောင်းထိုးရင်း ကြိတ်ဆဲတယ်။ ဟိုကောင်မလေးသုံးယောက်က မကြည်မသာ ကြည့်တယ်။ ဒါပေမဲ့ ခဏပဲ။ မိတ်ဆက်ပေးပြီး အတော်ကြာတော့ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးနဲ့ ဟေးလေးဟားလား ဖြစ်ကုန်တယ်။

သူသူက စိတ်ပျက်လက်ပျက်ညည်းတယ်။

'ညကတည်းက အိပ်မက်မကောင်းလို့ လူက မရွှင်ဘူး။ အဲဒါနဲ့ စိတ်အေးလက်အေး ကော်ဖီဝင်သောက်ပါတယ်။ စိတ်တင်မဟုတ်ဘူး။ လူပါမအေး ဖြစ်သွားတယ်။ ကော်ဖီဝင်သောက်မှပဲ ပြဿနာက စတော့တာ'

'ဟင်… ဘာလဲ၊ ဘယ်ကောင် နင့်ကို ရည်စားစကားပြောတုန်း၊ တောက်… ငါနဲ့တွေ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ရဲလင်းက ဘာမှမဆိုင်ဘဲ တိုတယ်။ ကိုယ်က ကြံရုံရှိသေးတာ။ ဘယ်ကောင်လဲပေါ့။ သူသူက ခေါင်းယမ်းရင်း ပြောတယ်။

'ငါ့မှာဟယ်ရှယ်တူ၊ ဒါမှမဟုတ် ဆယ်နှစ်ကြီးမှလား ရသေးတယ်၊ ခုဟာက လွန်ကိုလွန်တယ်'

တခြားလူတွေက ငြိမ်ပြီးနားထောင်နေပေမယ့် ရဲလင်းက ထိုင်မလိုထမလို ဖြစ်နေတယ်။ သူသူဝင်းစကားက လိုရင်းမရောက်တော့ စိတ်မရှည်ဘူး။

'ဟဲ့... နင့်စကားကို တစ်ခါတည်း အပြီးပြောစမ်း၊ ငါ စိတ်တိုရတာ မောတယ်'

'အံမယ်... နင်ဟာနင် တိုတာပဲတိုပေါ့၊ ငါ့ကို လာမအော်နဲ့၊ သေချင်လို့လား ကောင်စုတ်'

'အဟဲ... နင်ကလည်း စိတ်ချည်းပဲ၊ ငါက နင့်အတွက် စိုးရိမ်လို့ပါ'

'သေလိုက်ပေါ့'

'မဖြစ်သေးဘူးဟ၊ ငါ မိန်းမတောင် မရသေးဘူး။ တော်ကြာ ငိုမယ့်သူမရှိရင် အသုဘက လူစည်မှာ မဟုတ်ဘူး၊ ငိုမယ့်လူ ရှာရဦးမယ်၊ အဟဲ...'

သူသူဝင်းကိုကြည့်ပြီး ပြောနေတယ်။ ဟိုက မသိယောင်ဆောင်နေပေမယ့် ကိုပိုင်က...။

'ဟာ... ဒီအတွက် မပူနဲ့ ငါတို့ရှိတယ်လေ၊ အငိုလောက်ကတော့ ပိုင်ပါတယ်၊ ဟုတ်တယ်မဟုတ်လား မေင်း'

'ဟုတ်တာပေါ့ကွာ၊ မင်းသေမယ်ဆို ကြိုသာပြော၊ ငါတို့ ကြီးကြီးစားစားကို ငိုပေးမှာ၊ မင်းမရှိရင် မျက်စိနောက်သက်သာသလို၊ မလိုတဲ့လူတွေ စိတ်အတော်ချမ်းသာသွားမှာ၊ အဟဲဟဲ...'





မင်းမင်းစိုးကလည်း ကိုပိုင့်စကားကို ထောက်ခံတယ်။ ရဲလင်း မျက်နှာမဲ့ကြီးနဲ့ ကြိတ်ဆဲတယ်။ အဲ... အရင်ဘဝကတည်းက အမြင်ကတ်နေပုံရတဲ့ ကောင်မလေးသုံးယောက်ကလည်း ဝိုင်းဟားကြတယ်။ ခတ္တာက မဲ့ရွဲ့ရင်း ဝင်ပြောတယ်။

'ဘာမှ မပူပါနဲ့ဟာ၊ ငါတို့လည်း အငိုအပြောလောက်တော့ ရပါတယ်နော်... မျက်သွယ်'

ဘေးနားက ကောင်မလေးကို ခွဲထည့်တော့ ဟိုကလည်း...။

'အေးလေ... မျက်ရည်လွယ်ချက်ကတော့ ငါ့ရှေ့မှာ မဲ့ပဲပြ ငါက မျက်ရည်တောက်တောက် ကျနေပြီ၊ အဟီး... လွယ်ပုံပြောပါတယ်'

သူသူဝင်းက ပြုံးပေမယ့် ရဲလင်းက မဲ့သွားတယ်။

'ဟာ...ငါပြောတာက၊ ဟင်း...ဘာလဲ၊ နင်တို့နှစ်ယောက်က ငိုရအောင်... ငါ့ရည်စားတွေလား'

'ဘာ'

'ငါပြောတာက ငိုမယ့်သူဆိုတာ၊ အဟဲ... ဟိုလေ ရည်းစားကိုပြောတာ'

ကောင်မလေးနှစ်ယောက် ဒေါကန်သွားတယ်။ အဲ... သူသူဝင်းကတော့ မသိယောင်ဆောင်နေတယ်။ ကိုပိုင်နဲ့မင်းမင်းစိုးက ရဲလင်းကို ကြိတ်ဆဲနေကြတယ်။

ရဲလင်းက မိန့်မိန့်ကြီးပြုံးနေတယ်။ ဒါကို အမြင်ကတ်လာတဲ့ သွယ်က သူ့ဘာသာ အေးအေးနေတတ်တဲ့ ဝင်းဝင်းမော်ကို လက်ညှိုးထိုးပြောတယ်။

'ရတယ်၊ ရတယ်၊ ငါ့ကိုတော့ မဟုတ်ဘူး၊ ဟဲ့... ဝင်းဝင်းမော် နင် ရည်းစားလိုချင်တယ်ဆို'



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်… နင်နော် ငါ့ကိုချောက်မတွန်းနဲ့'

ဝင်းဝင်းမော်က မျက်မှန်ကိုပင့်ရင်း မျက်စိမျက်နှာပျက်ပြီး ငြင်းတော့ ခတ္တာက…။

'ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ် သူသေရင် ဟန်ဆောင်ငိုပေးရုံပဲ၊ လုပ်လိုက်စမ်းပါ၊ ငါ အမြင်ကတ်လွန်းလို့'

ဝင်းဝင်းမော်က ရဲလင်းမျက်နှာ စပ်ဖြီးဖြီးကို မော့ကြည့်တယ်။ မျက်လုံးလေးကို ပြူးနေရောပဲ။ ပြီးကပျာကယာ ခေါင်းပြန်ငုံ့ပြီး ပြောတယ်။

'ဟယ်… နင်တို့ မကောင်းကျောင်းပို့ မလုပ်ကြနဲ့၊ နင်တို့အကောင်က ကားတက်ကြိတ်တာတောင် သေမယ့်ပုံမရှိဘူး၊ တော်ကြာ ငါဒုက္ခရောက်နေမယ်'

'အဟဲ… ဘာပဲဖြစ်ဖြစ်နင်တို့သုံးယောက်ထဲက တစ်ယောက် လောက်ပဲရ တော်ပြီ'

'ဘာ'

ရဲလင်းစကား ကြားတယ်ဆိုရင်ပဲ ကောင်မလေးတွေ ဒေါပွသွားကြပြန်တယ်။

မျက်စောင်းထိုးသူထိုး ဆဲသူဆဲပေါ့။ သူသူဝင်းက ရဲလင်းကို မျက်စောင်းထိုးရင်း စိတ်မရှည်တဲ့ အသံနဲ့ပြောတယ်။

'ဟဲ့… ဒီနေ့ ငါဆက်ပြောရဦးမှာလား မပြောရဘူးလား'

ဒီတော့မှ တိတ်သွားကြတယ်။ ဒါပေမဲ့ ရဲလင်းကိုတော့ မျက်စောင်း ဆင့်ဆင့်ထိုးနေကြတယ်။

'ငါဟယ် တကယ်ပဲ စိတ်ကိုကုန်သွားတာပဲ၊ ဦးလေးကြီး နှစ်ယောက် ငါ့ကို လာကြောင်တယ်လေ'

'ဟယ်… ဟုတ်လား'





'အဟီး… တော်သေးတာပေါ့'

ကောင်မလေးတွေက မခံမရပ်နိုင်ဖြစ်နေပေမယ့် ရဲလင်းက အခုမှ အလုံးကြီးရော အပြားကြီးပါကျသွားတယ်။

'တစ်ယောက်ဆို ထိပ်ကိုပြောင်နေရောပဲ၊ တစ်ယောက်က ဗိုက်ပူကြီး၊ ငါ့ကို အတင်းလာကြောင်တယ်၊ ကြုံဖူးဘူး၊ တကယ်ပါဟယ်၊ ငမ်းငမ်းကိုတက်နေရောပဲ၊ ပြီးတော့ နှစ်ယောက်ပြူးကြီးလေ'

'ပုံဆိုးကြီးတွေပါဟယ်၊ ဗိုက်ပူပူနဲ့ လူကြီးက ဦးမင်းဇော်တဲ့၊ ထိပ်ပြောင်ပြောင်နဲ့ လူကြီးက ဦးစိန်မင်းတဲ့၊ အတင်းလာရောတာနဲ့ ငါလည်းဘုပြောပြီး အတင်းလစ်လာရတယ်၊ တကယ်မလွယ်တဲ့ဟာကြီးတွေ'

ရဲလင်းကလွဲပြီး ကျန်လူတွေ တစ်ယောက်တစ်မျိုးထင်ကြေးပေးသူပေး။ ရန်စကားပြောသူပြော ဖြစ်ကုန်တယ်။

ရဲလင်း ထိုင်စဉ်းစားနေတယ်။ သူဦးလေးဖြစ်ဖို့ သေချာနေပြီ။ ပြီးတော့ ဦးစိန်မင်းပါ,ပါတော့ ပိုသေချာသွားတယ်။

အခု သူ့သူ့ကို ကြောင်တာ ထပ်ပြိုင်ကြတာလား စဉ်းစားတယ်။ အရင်တစ်ယောက်တုန်းက အပြိုင်ကောင်းလို့ကျန်ခဲ့ကြတာ။ ဘာပဲဖြစ်ဖြစ် သူ့သူ့ကို တကယ်ကြောင်ကြရိုးမှန်ရင်တော့လို့ တွေးရင်း ပြုံးလိုက်တယ်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

အိမ်ပြန်ရောက်လို့ ဧည့်ခန်းထဲ ကြည့်လိုက်တော့ ဦးလေးဖြစ်သူကို တွေ့ရပါတယ်။ ဆိုဖာပေါ်မှာ ပက်လက်ကြီး။ မသိရင် ဝက်မိုက်ပုကြီး စဉ်းနီးတုံးပေါ် တင်ထားတာလို့။ တူပုံ ပြောပါတယ်။

ဓာတ်ပုံတစ်ခုကိုကြည့်နေပြီး ရဲလင်းဝင်လာတာကို မမြင်ဘူး၊ ပါးစပ်ကနေ ပတွတ်ပတွတ်နဲ့ ပြောနေသေးတာ။ အနားသွားပြီး နိုးနားထောင်မှပဲ ကြားရတယ်။

'ဩော်… သိတာရယ်၊ မင်းကိုမရလိုက်ပေမယ့် အခုမင်းကိုယ်ပွားလေးကို တွေ့ရပြီလေ၊ ဒီတစ်ခါတော့ …'

စကားတောင် မဆုံးဘူး။ ဓာတ်ပုံကိုလုလို့ ကြည့်လိုက်တော့ ရဲလင်းကို တွေ့သွားတယ်။

'ဟာ… ဟေ့ကောင် ဘာလုပ်တာလဲကွ၊ ပြန်ပေးစမ်း'

'ဦးလေးကလည်း ကြည့်ရုံလေးပါ'

'မရဘူး၊ ပြန်ပေးကွာ'

'မပေးဘူးဗျာ'

ဒါနဲ့ တူဖြစ်သူက ပတ်ပြေး၊ ဦးလေးဖြစ်သူက ပတ်လိုက်နဲ့။ တူဝရီးနှစ်ယောက် ဧည့်ခန်းထဲ စုန်းဒိုင်းကျဲသောင်းကျန်းနေကြတယ်။

အတော်ကြာကြာ ပြေးလိုက်တော့ ဦးလေးဖြစ်သူ ဗိုက်ကြီး





ပိုက်လို့ ထိုင်ကျသွားတယ်။ ဒီတော့မှ မလှမ်းမကမ်းမှာထိုင်ကာ ဓာတ်ပုံကို သေသေချာချာကြည့်တယ်။ အံ့ဩသွားတယ်လေ။

'ဟင်… သူသူ'

ဟုတ်ပါတယ်။ ဓာတ်ပုံထဲမှာ သူသူနဲ့ ထပ်တူညီတဲ့ မျက်နှာပိုင်ရှင်ကို တွေ့လိုက်ရလို့လေ။ ဒါပေမဲ့ အဝတ်အစားနဲ့ ဆံပင်ပုံစံက ခြားနားနေတယ်။ သေချာတာကတော့ ဒီပုံဟာ သူသူ့ပုံ မဟုတ်ဘူးဆိုတာပဲ။

'ဩော်… ဒါကြောင့် သူသူ့ကို တွေ့တော့ ဒီလူကြီးနှစ်ယောက် အငမ်းမရ ဖြစ်သွားတာကိုး'

တွေးရင်း ရဲလင်းမျက်နှာ ပြုံးသွားတယ်။ ခွင်ကြီးကြီးတစ်ခုတော့ တွေ့ပြီလေ။

တရုတ်ကားထဲက စကားကို ငှားသုံးရမယ်ဆိုရင်တော့ သူလုပ်ဖို့ 'လုပ်နေးကြီး' တစ်ခုက သူ့ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာ။ ပြီးမှ ဓာတ်ပုံကို ပြန်ပေးလိုက်တယ်။

'ရှေ့ဗျာ… အင်း ဓာတ်ပုံထဲမှာတောင် အတော်လှတာ။ အပြင်မှာဆို တကယ့်လှမယ့်ရုပ်ဗျ'

'ဟာ… လှဆို သူက အချောအလှစာရင်းဝင်ကွ၊ အဟဲ'

ပီတိရိပ်တွေထင်းနေတဲ့ မျက်နှာကြီးနဲ့ ကြွားတယ်။ ဒါပေမဲ့ အဲဒီမျက်နှာကြီး ချက်ချင်းပြန်မဲ့သွားတယ်။

'ဒါပေမဲ့… ဒါပေမဲ့… ငါ မရလိုက်ပါဘူးကွာ၊ တောက်… အဲဒါ ဟိုကောင် စိန်မင်းကြောင့်'

'ဩော်… ဟုတ်လား၊ အတော်ရှုပ်တဲ့လူကြီးပဲ'

မသိမသာ ထောင်ပေးတော့ ခံစားမှုအရှိန်က ပိုမြင့်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်။ သင်းမကောင်းလို့ ကြားက အောင်သွယ်တော် စား၊ အဲလေ အောင်သွယ်တော်နဲ့ ညားသွားတာ၊ ဩော်… သီတာ သီတာ…'

'ဩော်…'

ရဲလင်းက စာနာဟန်နဲ့ မျက်နှာလေးကို ဩော်လို့ အော်လိုက်တယ်။ ဦးလေးဖြစ်သူက အတိတ်အကြောင်းကို ပြန်တွေးတယ်။

မျက်နှာကြီး မာရာကနေ တဖြည်းဖြည်း အိ၊ အိရာကနေ မဲ့ချင်ချင် ဖြစ်လာတယ်။ ဒီလိုပဲ လူတိုင်းဟာ အတိတ်အကြောင်း ပြန်တွေးရင် ငိုချင်ကြတယ်။

'ဒါဆို ဦးလေး အခုချိန်ပြန်တွေ့ရင် စိတ်ကုန်မယ်မထင်ဘူး'

'ဟာ… ဘယ်ကုန်မှာလဲ၊ အဲ… နေဦး၊ ဒီနေ့ ကော်ဖီဆိုင်ထဲမှာ သီတာအသေးစားလေးကို တွေ့လိုက်တယ်ကွ၊ တကယ်ချစ်စရာလေး'

သွားရည်ကို အနိုင်နိုင်သိမ်းလို့ အပိုင်အနိုင်ပြောတာနဲ့ အမြင် ကတ်သွားတယ်။

'ဘာလဲဗျ၊ သီတာဆို သီတာပေါ့၊ ဘယ်နှယ့် အသေးစား လေးလဲ'

'ဟာ… မင်း မသိပါဘူး။ သီတာနဲ့ တစ်ပုံစံတည်းတူတဲ့ ကောင်မလေးကွ။ ဒါကြောင့် သီတာအသေးလေးလို့ ပြောတာ'

'ဩော်… ဟုတ်လား၊ ဒါဆို ဦးလေး ကြောင်လိုက်သေးတာ ပေါ့'

'အေး… ဟာ… ဘယ်ကလာ…မကြောင်လိုက်ရပါဘူးကွာ၊ တောက်… ဟိုကောင်စိန်မင်း ဝင်ရှုပ်လို့လေ'

ကြိတ်မနိုင် ခဲမရနဲ့ ပြောတယ်။ ဗိုက်ကြီး ဖောင်းလိုက်ပိန် လိုက်နဲ့ စိတ်ဆိုးနေလေရဲ့။ ဒါကိုကြည့်ပြီး ရဲလင်းက ထောင်တယ်။





'ဟင်း… အဲ့လူကြီးက ဘယ်လိုပါလာရပြန်တာလဲ'

'သူလည်း ဒီနေ့မှ အကြံတူပြီး ကော်ဖီဆိုင်ရောက်နေတာ၊ တောက်… ဒီကောင်နဲ့ အကျိုးမပေးတာပြောပါတယ်၊ သီတာနဲ့တုန်း ကလည်း သူဝင်ရှုပ်လို့'

'နေပါဦးဗျ၊ အဲ့ဒီ ဒေါ်သီတာနဲ့ ဦးလေးတို့နှစ်ယောက်က မရှင်းမရှင်းဖြစ်နေတယ်၊ ဦးလေးက ကြိုက်တာလား၊ ဒါမှမဟုတ် ဒေါ်သီတာက မကြိုက်တာလား'

ပြောတော့ စဉ်းစားဟန်ပြုတယ်။ တကယ်တော့ ကိုယ်က ကြိုက်တာလေ။ သူ့ဘက်ကတော့ …။

'ဟာ… သီတာက ငါ့ကို ချစ်သူအဖြစ်ရွေးပြီးသား၊ ဒီကောင် က ကြားချောင်နှိုက်တာလေ'

'ဩော်…'

'အခုလည်း…သီတာအသေးလေးကိုငါကြောင်ဖို့ကို ဒီကောင် က ဝင်ကလန့်သေးတာ'

'ဩော်… နေပါဦးဗျ၊ ကောင်မလေးကို ဘယ်သူ အရင် စတွေ့တာလဲ'

မေးတော့ ဇဝေဇဝါနဲ့ ဖြစ်နေတယ်။ ဦးစိန်မင်းက အရင်တွေ့ တာ။ ဒါပေမဲ့… ။

'အင်း… တွေ့တာတော့ အတူတူပဲ၊ ကောင်မလေးကလည်း နှစ်ယောက်ပြူးရှိတဲ့အချိန်ကျမှ ရောက်လာရတယ်လို့ အဲဒီမှာ ဆိုးသွား တာ'

'ဩော်… ကျွတ်… ကျွတ်…'

စပ်ဖြီးဖြီးဖြစ်နေတဲ့ ရဲလင်းကိုကြည့်ပြီး ကျွဲမြီးတိုသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ… မင်းက ငါ့ကိုလာပြောင်နေတာလားကွ၊ ဟေ…'

'ဟာ… တူဝရီးချင်း ပြောင်စရာလားဗျ'

ဦးလေးဖြစ်သူက သက်ပြင်းကို ချရင်း…

'ဒီကောင်မလေးက သီတာနဲ့ တူရုံတင်မဟုတ်ဘူး။ ပိုလှတယ်ကွ၊ ငါတော့ မြင်မြင်ချင်းပဲ ချစ်မိသွားပြီ'

'ဟွန်း… ဒီရုပ်ကြီးက'

ရဲလင်း မဲ့သွားတယ်။ ကိုယ်ချစ်တဲ့သူကို ပေါ်တင်ကြီး မြည်းနေလို့လေ။

'ဟူး… ခုချိန် သိန်းတစ်ထောင်လည်း မပေါက်ချင်ဘူး။ နိုဗယ်ဆုလည်း မလိုချင်ဘူး။ ဒီကောင်မလေးရဲ့ နာမည်လေးလောက် သိရရင် တော်ပါပြီ၊ တော်ပါပြီ'

'ဦးလေးက ညံ့ပါ့ဗျာ၊ နာမည်တောင် မသိလိုက်ဘူးလား'

'အေးကွာ၊ ငါလည်း အချစ်ဆိပ်တွေတက်ပြီး သူ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေမိတာကွ'

'ငါနော်'

ရဲလင်းတစ်ဘက်လှည့်ပြီး တိုနေတော့တာ။ ဦးလေးဖြစ်သူကတော့ ပြန်တွေးရင်း ပြုံးနေတယ်။

'နေပါဦး၊ ဒီအချိန်မှာ ဦးစိန်မင်းက အနားမရှိဘူးလား'

'ဟာ… ရှိတာပေါ့၊ ဒီကောင်ဝင်ရှုပ်လို့ ဘယ်သူလဲ၊ ဘယ်မှာနေမှန်းတောင် မသိလိုက်ဘူး၊ တောက်… မဟုတ်ရင် ငါ့ရုပ်ခံနဲ့ဆို နာမည်လောက်တော့ သိရမှာ သေချာတယ်'

'အဟီ…'

မျက်နှာကြီးမဲ့ရင်းပြောတော့ တူဖြစ်သူက ကြိတ်ရယ်တယ်။





စိတ်ထဲမှာလည်း တစ်ယောက်တည်းသာဆို ပါးအချခံရမှာ ကျိန်းသေပြီ။ ဒီရုပ်ခံနဲ့သာဆို နှစ်ချက်ပဲလို့ တွေးနေတယ်။

'တကယ်ပါကွာ၊ ခုချိန် သူ့အကြောင်းလေးသိရရင် ဘာပဲ ပေးရပေးရ ငါ ပေးပါတယ်'

'တကယ်လား၊ သူ့အကြောင်းအစုံသိရရင် တကယ် ဘာတောင်းတောင်း ပေးမှာလား'

'ဟာ… သူလေးအကြောင်းသာ သိရယ်ဆို ငါ…ငါ… အဲ…'

ပြောရင်း အ,သွားတယ်။ လူက ဘီးစိပ်မို့လား။ စိပ်ပုံပြောပါတယ်။ အဲ ကပ်တာကလည်း ကော်အတိုင်းပဲဗျာ။ အခု လေနဲ့ပေးတာတောင် နမြောနေတာကြည့်'

တူဖြစ်သူကို စောင်းကြည့်လိုက်တယ်။

'ဘာလဲ၊ မင်း သိလို့လား'

'အဟဲ… ဒါကတော့ ဦးလေးပေါ်မှာ မူတည်တယ်လေ။ ဦးလေး လိမ္မာရင်သိတယ်၊ မလိမ္မာရင်တော့… အဟင်း…'

ရဲလင်းက ဈေးကိုင်တော့ အကြာကြီးစဉ်းစားတယ်။ တခြားနေရာမှာသာ ကပ်တာ။ အဲ ဖွန်ကိစ္စနဲ့ပတ်သက်ရင်တော့ ရက်ရောပြီးသား။ ဒါပေမဲ့ တူဝရီးချင်းဆိုတော့ မူရသေးတာ။ မယုံသလိုနဲ့။

'မင်း တကယ်သိလို့လား'

'ဟာ… သိရုံတင် မဟုတ်ဘူး။ ဦးလေးနဲ့ ပေးပါတွေ့ဦးမှာ'

'တကယ်လား'

'တကယ်ပေါ့'

ရဲလင်းက ရုပ်ကိုတည်ထားတော့ ကြည့်ပြီး ယုံသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ မင်း ဘာလိုချင်လဲ'

'ဦးလေး...တကယ်ပေးမှာလား'

'အေး'

'တကယ်နော်'

'ဟာ... မင်းအမှန်ဆို ငါလည်း မညာဘူး'

မတည့်စဖူး အတော်ကြာကြာ ထိုင်တည့်နေကြတယ်။

'ဦးလေးပဲ စဉ်းစားကြည့်၊ ကျွန်တော် အခုဒုတိယနှစ်ရောက်နေပြီ၊ ဟမ်းဖုန်းတစ်ခါမှ မကိုင်ရသေးဘူး၊ ဝယ်ပေးမယ်ဆိုရင်တော့ ပေးတွေ့မယ်'

'ဟင်... ဟမ်းဖုန်း ဟုတ်လား'

လမ်းသလားရင်း စဉ်းစားတယ်။ တကယ့် စွဲလမ်းတာနဲ့ တန်ရဲ့လားပေါ့။ ဒါပေမဲ့ လူပျိုကြီးတွေရဲ့ထုံးစံအတိုင်း ဖွန်အတွက်နဲ့ ဆို ဖြစ်တယ်။ အဲ မူကြည့်တယ်။

'ငါ့ဖုန်းယူကွာ'

'ဟာ... မယူဘူးဗျာ၊ အသစ်ပဲ လိုချင်တယ်'

'အသစ်၊ အင်း... အသစ်'

ရဲလင်းက ငြင်းတယ်။ တည့်တုန်းပေးပြီး မတည့်တဲ့အခါ ပြန်တောင်းရင် မခက်လား။

'ကောင်းပြီလေ... ဝယ်ပေးမယ်၊ ဒါပေမဲ့ ကောင်မလေးနဲ့ တွေ့ပေးတဲ့နေ့မှနော်၊ အခုမရဘူး'

'စိတ်ချ၊ သန်ဘက်ခါဆိုရင် ဖြစ်တယ်မို့လား'

'အေး... ဖြစ်တယ်ကွာ'

သူတို့နှစ်ယောက် လက်ဝါးချင်း ရိုက်လိုက်ကြတယ်။ ရဲလင်း





အတွက်တော့ သူ့ရဲ့ 'လုပ်ငန်းကြီး' အတွက် ပထမဦးဆုံးအောင်မြင်မှု...။

•••

'ဟင်... ရဲလင်း'

'အဟဲ...'

[illegible] အတော်ကြာပြီဖြစ်တဲ့ ရဲလင်းကိုတွေ့တော့ အံ့ဩသွားတယ်။ ဒီကောင်က [illegible] အကောင်။ သူ လာရင် [illegible] ကြီး လာတာဆိုတော့ ချစ်တော့ချစ်တယ်။ အဲ... သင်းဦးလေးနဲ့က အခု [illegible] မျက်မုန်း ကျိုးပြီးသွား[illegible]

'မင်း... [illegible]'

'ဟာ... ဦးစိန်ကလည်း [illegible] ဘာတာဘာ ဖြစ်လဲ [illegible]'

[illegible] ဓာတ်ပုံကိုကြည့်လို့ လွမ်းကောင်းနေတာလေ။ [illegible] ကြည့်'

'ပြပါဦးဗျ'

ရဲလင်းက [illegible] ချစ်ဟောင်း တဲ့ [illegible] မဆိုင်ရပါဘူးလေ။

'ဟာ... ချစ်စရာလေးဗျ၊ အဟီး'



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်၊ အောင်မာ မတန့်မရာ ပြန်ပေးစမ်း၊ မင့်အမေ လောက်ရှိတာကို'

'ဟာဗျာ ဘာဖြစ်လဲ၊ အမေလောက်ရှိလည်း လှရင် ခံစား ကြည့်ရမှာပဲ'

'သယ်… ဒီကောင်တော့ ပြန်ပေးကွာ၊ ငါ…'

အတင်းပြန်လုတယ်။ တိုတာတ်တာ ပြောပါတယ်။ ဟိုကတော့ အခုလောက်ဆို ကလေးသုံးယောက်လား…လေးယောက်လားပဲ။

'ဖြစ်နေလိုက်တာ၊ ရော့ဗျာ၊ ဟွန်း… ဟိုကဖြင့် အခု လောက်ဆို သူ့ယောက်ျားနဲ့ ပျော်နေမှာ မြင်ယောင်သေး'

'ဘာကွ'

ရဲလင်း ကုပ်သွားတယ်။ ဦးစိန်မင်းက မျက်ပြူးကြီးနဲ့ အော် ပြီးမှ အသေအချာတွေးလို့ ဓာတ်ပုံကို တွေ့တွေ့ကြီး ကြည့်နေတယ်။ ပြီးမှ မျက်နှာကြီး အို၊ အိုရာကနေ မဲ့သွားတယ်။

'ဩော်… သီတာရယ်'

မချိတင်ကဲ ရေရွတ်ရင်း မျက်ရည်စို့ချင်ချင် ဖြစ်လာတယ်။ ငယ်ကချစ် အနှစ်တစ်ရာမို့လား။ ဒီတော့ ခံစားရတာပေါ့။

'အဟိ'

'ဟော့ကောင်… ငါ ခံစားနေရတာကို မင်းက လာပြောင်နေ တယ်ပေါ့လေ'

ရဲလင်း ပြုံးဖြီးဖြီးလုပ်နေတာနဲ့ ဟောက်တယ်။

'မဟုတ်ပါဘူးဗျာ၊ ဦးစိန် ဖီးလ်တက်တာ တာဇံကားထဲက လူဝံကြီး မျက်ရည်ကျနေတာလိုပဲ၊ တကယ်တူတာ၊ အဟုတ်'

'အု'





ဒေါသထွက်ပြီး ဖီးလ်ပါ ပျက်သွားတယ်။

'တော်ပြီကွာ၊ ဟော့ကောင် ငါမင်းနဲ့ စကားဆက်ပြောရင် ထထိုးမိတော့မယ်၊ ဟွန်း… တူဝရီးတွေ တစ်လေသံတည်းပဲ၊ အေး လေ… အကျင့်ကလည်း အတူတူပဲ၊ မျိုးနဲ့ရိုးနဲ့ကို မကောင်းတာ'

'ဟာ… ဦးစိန်ကလည်း ဒေါသရှေ့ထားမှားမှာပေါ့ဗျ၊ မေတ္တာ တရားသည်သာ အောင်နိုင်ရာတဲ့၊ ကျွန်တော့်အပေါ် မေတ္တာထားမှ ဦးစိန်ပျော်ရမှာ၊ နေပါဦးဗျ'

လုံချည်လေး မ,ပြီး မျောက်နှာကြီးပုံစံ ကုပ်ဖေးဖေးနဲ့ အိမ်ထဲ ဝင်မယ်လုပ်တော့ အတင်းဆွဲထားတယ်။

'ဘာလဲကွာ၊ ငါနော်… ဟွန်း…'

'ကျွန်တော်ပြောတာကို နားထောင်ပါဦးဗျ'

'ဟာ… ဘာလဲကွ၊ ပြော စိတ်ကို မရှည်တာနော်၊ ပြော မြန်မြန်'

ဘုပြောတော့ ရဲလင်းက ပြုံးတယ်။ ပြီးမှ ဖလားရထားတဲ့ ဖာဂူဆန်လေသံနဲ့ အပိုင်အနိုင်ပြောတယ်။

'ဦးစိန် ကျန်ခဲ့မှာစိုးလို့ စေတနာနဲ့ပြောတာ၊ ကျွန်တော့်ဦးလေး ကတော့ ဖုန်းတစ်လုံးကုန်၊ အဲလေ စွံတော့မှာဗျ၊ ဟဲဟဲ'

'အံမာ… ငါကဘာကျန်ခဲ့ပြီး မင်းဦးလေးက ဘာစွံမှာလဲ၊ မျက်စိလား၊ ငါ့ကို လာမပြောနဲ့၊ ငါ မျက်စိဆရာဝန် မဟုတ်ဘူးကွ'

'ဘာလဲ… သွားဆရာဝန်လား'

'အေးလေ၊ ဟာ… ဟော့ကောင်၊ မင်းနော် ဟွန်း…'

တစ်ယောက်က ပုဆိုးစဆွဲလို့ စ,နေတယ်။ တစ်ယောက်က ရှန်းရင်း စိတ်ဆိုးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးလေးက ပြောတယ်၊ ဒီနေ့ သီတာပေါက်စလေးကို တွေ့ခဲ့တယ်တဲ့'

'ငါလည်း တွေ့ခဲ့တာပဲ၊ အဲ့ဒါဘာဖြစ်လဲ'

'ဟာ… ဘာဖြစ်ရမှာလဲ၊ အဲဒီကောင်မလေးက ကျွန်တော့်သူငယ်ချင်းဗျ'

'ဟေ'

ရဲလင်းကို မယုံတဲ့ပုံစံနဲ့ မျက်လုံးပြူးပြီးကြည့်နေသည်။ ဟိုက မိန့်မိန့်ကြီး ပြုံးနေပြီ။

'အဲဒါ ဦးလေးကို အဲဒီကောင်မလေးနဲ့ ပေးတွေ့မလို့လေ၊ ဦးလေးစိန်ကတော့ ကျန်ခဲ့ပြီပေါ့ဗျာ၊ အဟဲ…'

'ဟင်'

အတော်ကြာကြာ ငိုင်သွားတယ်။ နောက်မှ မျက်နှာဖြီးလာပြီး ရဲလင်းဘေးပြန်ဝင်ထိုင်တယ်။ မျက်နှာပြောင်ကို ဂိတ်ကုန်ငယ်ကာ။

'တူလေး၊ အဟေး… အဲလိုတော့ လုပ်ပါနဲ့ကွာ၊ အဟီး… နော်လို့နော်'

'ဟာ… ရဘူးဗျာ၊ ဦးလေးဆီက ကျွန်တော်ဟာမ်းဖုန်းတစ်လုံးရမှာဗျ၊ ဟဲ… ဟဲ'

ရဲလင်းက သူတောင်းစားသံ ပတ်ချွဲနှပ်ချွဲကို အနိုင်နင်းတယ်။

'သြော်… ဒီကောင်က ဒီလိုစည်းရုံးတာလား'

'ဒါပေါ့ဗျ'

'ငါ့ကိုလည်း စဉ်းစားပေးပါဦးကွာ၊ တူကြီး ဘာလိုချင်လဲပြော၊ ဦးစိန် ဝယ်ပေးမှာ၊ အဟဲ… မင်းငယ်ငယ်ကတည်းက ငါ့လက်ပေါ်ကြီးလာတာပါကွာ၊ ရက်စက်တော့မှာလား'





'မရဘူးဗျာ'

ရဲလင်းက အတင်းဈေးတင်တယ်။ ဒီအထိရောက်အောင် မနည်းပြောထားရတာလေ။ ဦးစိန်မင်း မျက်နှာအတင်းငယ်ထားတာကို မသိဟန်ဆောင်ပြီး သူ့မျက်နှာကို အတင်းမာထားတယ်။

'လုပ်ပါကွာ၊ မစားရတဲ့ဝက်သား သဲနဲ့ပက်မယ်၊ ပက်ပစ်မယ်'

'ဟာဗျာ… အမဲလုပ်ပါဗျ'

'လျှာမရှည်နဲ့၊ ငါ အမဲသားရှောင်ထားတယ်၊ လုပ်ပါကွာ ငါမရရင် သင်းလည်းမရစေရဘူး၊ ပြော ဘာလိုချင်လဲ၊ ဘာဝယ်ပေးရမလဲ၊ ငါ့ကို မိတ်ပဲဆက်ပေး'

ရဲလင်းက အတော်ကြာကြာ စဉ်းစားနေတယ်။ ဘယ်လိုကလည်ရမလဲ ဆင်ကြံကြံတယ်။ အတော်ကြာမှ သက်ပြင်းကိုချလိုက်တယ်။

'ဟင်း… တကယ်တော့ နေစရာမရှိလို့သာ ဦးလေးအိမ်ကပ်နေရတာ၊ နေမပျော်ပါဘူးဗျာ'

'ဟေ… မဟုတ်တာ၊ မင်း အဘိုးအရင်းကြီး ရှိသေးတာပဲ'

'အဲ့ဒါကြောင့် ခက်တာ၊ အဘိုးက ရှိပေမယ့် ဦးစိန်သိတဲ့အတိုင်း ကျွန်တော့်ဦးလေးက အကျင့်မကောင်းဘူးလေ'

'အေး… အဲ့ဒါတော့ ဟုတ်တယ်၊ ဒီကောင်အကျင့်က နဂိုပျက်ဆိုတော့ ဘယ်လိုမှ ပြင်မရဘူး'

ရဲလင်းက သူ့ဘက်ပါလာတာနဲ့ မျက်နှာလေးကို အိုချလိုက်တယ်။ ညောင်နာနာလေသံနဲ့…

'အဲ့ဒါပြောတာပေါ့၊ ကျွန်တော်မှာ မိဘတွေလည်း မရှိကြ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလေ၊ နည်းနည်းကတောက်ကဆဖြစ်တာနဲ့ အိမ်ပေါ်ကဆင်း ခိုင်းတော့တာ'

'ဟာ…'

ဦးစိန်မင်း ဒေါသနည်းနည်း ထွက်သွားတယ်။ အကြီးနဲ့အငယ် ဆိုတော့ ဟိုကောင်မင်းဇော် အနိုင်လွှတ်ကျင့်မှာပဲ တွေးတယ်။ လက် ညှိုးကြီးငေါက်ငေါက်ထိုးလို့ ဦးလေးဖြစ်သူကနှင်ချ။ မျက်နှာလေးငယ် နေမယ့် ရဲလင်းပုံကိုတွေးကြည့်ပြီး ဂရုဏာသက်သွားတယ်။

ရဲလင်းက ကြိတ်ပြုံးတယ်။ တကယ်တော့ နှင်ချဖို့နေနေ သာသာ ပိုက်ဆံတောင်းတိုင်း မပေးတာကလွဲလို့ ကောင်းပြီးသား။ ဒါပေမဲ့ ဇာတ်ကို လက်ကုန်နှာပြတယ်လေ။

'ဦးစိန်သိတဲ့အတိုင်း အဘိုးက အခန်းထဲပဲအောင်းနေတတ် တာ၊ ဒီတော့ ဦးလေးက အနိုင်ကျင့်တာပေါ့၊ တစ်နေ့ကလည်း ရုပ် အမာကြီးနဲ့ လက်ညှိုးငေါက်ငေါက်ထိုးပြီး ဟစ်တလာသံကြီးနဲ့ ဟော့ ကောင် ဆင်း၊ မင်းအဖေလုပ်စာရော မင်းလုပ်စာပါ တစ်ပြားမှမရှိဘူး၊ ဆင်းဆို တစ်ဆင်းတည်းဆင်းခိုင်းနေတာ'

'အင်း…အဲလိုကြီး'

ကြည့်ရင်း ပိုသနားလာတယ်။ ရဲလင်းက မင်းသားရှုံးအိုက် တင်နဲ့ မျက်လုံးကို ပေကလည် ပေကလည်လုပ်ရင်း ဆက်ပြောတယ်။

'ဦးစိန်ပဲ စဉ်းစားကြည့်ဗျာ၊ ကျွန်တော့်မှာ သွားစရာ နေစရာမှ မရှိတဲ့ဟာ၊ ငြိမ်နေရတော့ပေါ့'

ရဲလင်းက အတော်ဝမ်းနည်းတဲ့ လေသံနဲ့။

'ဩော်… တစ်ခါတလေများ စဉ်းစားမိပါရဲ့၊ နေစရာလေး တစ်ခုရှိရင် ကောင်းမယ်ပေါ့၊ ဒါပေမဲ့ဗျာ…'





ဦးစိန်မင်း ကြိတ်မနိုင်ခဲမရ ပြောတယ်။

'တောက်… ဒီကောင်ကွာ၊ ဒီတူလေးတစ်ယောက်ရှိတာကို ဒီတစ်ခါနှင်ချရင် မင်းအမှုပြောမခံနဲ့ကွာ၊ ငါ့အိမ်လာနေ'

'အင်…'

ကိုယ့်လမ်းကြောင်းပေါ်က ဖွဲ့ဆင်းသွားတာနဲ့ ရဲလင်း နင်သွား တယ်။ အဲဒါနဲ့ ကပျာကယာ ပြန်ဇာတ်ရတယ်။

'အဲဒါပြောတာ၊ ကျွန်တော်က လူသာဖွတ်၊ အသားကုန် ဇီဇာ ကြောင်တာ၊ ဒီတော့ ဦးစိန်နဲ့လည်း ဖြစ်မှာမဟုတ်ပါဘူး၊ ကျွန်တော် စဉ်းစားရင်း မုန့်ဖိုးလေးတွေ စုထားတာတော့ အတော်များနေပြီ'

'ဟုတ်လား… ဘာလုပ်ဖို့လဲ'

'ဩော်… ပိုက်ဆံလေးများပြည့်ရင် တိုက်ခန်းလေးတစ်ခန်း လောက်ပေါ့နော်၊ ဝယ်မယ်ပေါ့၊ ခပ်ညံ့ညံ့ထဲကပါ၊ ဒီလောက်ပဲ တတ် နိုင်မယ် မို့လား'

'ဩော်… အေးလေ၊ နိုင်သလောက် ဈေးပေါတာ ဝယ်ပေါ့ ကွာ'

'ဦးစိန် သိတဲ့အတိုင်းပဲ၊ ဦးလေးက အကျင့်မကောင်းဘူးလေ၊ ဒီလိုလူမျိုးလက်ထဲ ကျွန်တော့်သူငယ်ချင်း ကောင်မလေးကို အပ်မခံ နိုင်ပါဘူး'

'ဟုတ်တယ်၊ အပ်မခံနဲ့၊ ငါလက်ထဲပဲ အဲလေ… ဒီကောင် က အကျင့်မကောင်းဘူး၊ မင်း စဉ်းစားကြည့်၊ သီတာနဲ့တုန်းကလည်း ဒီကောင် အကျင့်မကောင်းလို့ ငါမရလိုက်တာ'

'အဲ့ဒါပြောတာ၊ ကျွန်တော်က ဦးလေးနဲ့ သဘောမကျချင် ပေမယ့် ဦးစိန်နဲ့တော့ အင်း… ဘယ်လိုပြောရမလဲပေါ့… အဟဲ'



www.burmeseclassic.com

www.burmeseclassic.com



ရဲလင်းက လှည့်ဆွယ်တော့ ဦးစိန်မင်း သွားဖြဲကြီးနဲ့ သဘောခွေ့သွားတယ်။

'စိတ်ချ၊ မင်းသူငယ်ချင်း ငါနဲ့သာပေါင်း၊ အဲလေ… ငါနဲ့သာဆို စိတ်မဆင်းရဲစေရဘူး၊ ငါက ဒီကောင်လို အကျင့်မပုပ်ဘူး၊ အဖြူထည်ကွာ၊ အဟဲ…'

'သိပြီးသားလေ၊ ဦးစိန်ကို ကျွန်တော့်ဦးလေးအရင်းထက် ပိုချစ်တာ၊ ဒါကြောင့်မို့ လာပြောပြရတာ၊ တော်ကြာ ရသွားခဲ့ရင် ဦးလေးက အကျင့်ပုပ်လို့ ကျွန်တော့်သူငယ်ချင်း စိတ်ဆင်းရဲမှာ၊ ဒါဆို ကျွန်တော့် ခေါင်းပေါ်ပဲ နင်မကောင်းလို့ ရဲလင်းရဲ့ ဆိုတာက လာဦးမှာလေ၊ ဒီတော့…'

'အဟေး… အေး… ဘာပဲပြောပြော ဒီကောင် အကျင့်မကောင်းတာတော့ အမှန်ပဲကွ'

ရည်းစားလုဘက်ချင်း အကောင်းမမြင်ကြဘူး။ ရဲလင်းကလည်း ကိုယ့်ဘက်ပါလာပြီဆိုတော့ မျက်နှာကြီး ဖြီးနေတော့တာ။ ရဲလင်းက ဒီအကွက်ကို နင်းတယ်။

'ဒီတော့ဗျာ၊ ဦးစိန်ကိုလည်း ကျွန်တော် ကူညီချင်တယ်၊ ပြောခဲ့သလိုပေါ့၊ ဦးစိန်ကို ကျွန်တော်သူငယ်ချင်းနဲ့ ဖြစ်စေချင်တယ်၊ ပြီး ဦးစိန်ရဲ့ နဂိုရုပ်ခံကလည်း ကျွန်တော်ဦးလေးနဲ့ ဘာမှမဆိုင်ဘူး၊ မဟုတ်လား'

'အဟီး… မင်းကလည်း အဟဲ…'

ဦးစိန်မင်းက လက်ဝါးနှစ်ဘက်ကိုပွတ်လို့ ရှက်နေတယ်။ ဒီတော့မှ ရဲလင်းက အပိုင်ကြံတယ်။

'ဒါပေမဲ့ အဟဲ… ဦးစိန်လည်း ကျွန်တော့်ကို ပြန်ကူညီရမယ်လေ… ဒါမှ မျှတမှု ရှိမှာမို့လား'





'ဟာ… ဟုတ်တာပေါ့၊ တစ်ဦးမေတ္တာ…တစ်ဦးကကူသိုလ်၊ အဲလေ…လူရွှင်တော်တွေနဲ့ ရောကုန်ပြီ၊ ဒါပေါ့၊ မင်းက ငါ့တူလို သားလိုကောင်မို့လား၊ အဟီး… ရပါတယ်၊ ရပါတယ်'

'ဝမ်းသာလိုက်တာဗျာ၊ ထင်ပါတယ်၊ ဦးစိန်ရဲ့ဥပဓိကို ကြည့်ကတည်းက ဘူးကြီးဆိုတာ'

'ဘာကွ'

'အဲလေ… ကျွန်တော်ဦးလေး ဘူးကြီးနဲ့တခြားစီပဲ၊ ဥပဓိက သန့်သန့်ခန့်ခန့်၊ အဟဲ… ဆန့်ဆန့်ကြီးလေ'

'အေး… အဲလိုလုပ်ပါ၊ ငါ့ရုပ်ကိုက သန့်လည်းသန့်၊ ခန့်လည်းခန့်၊ အဟဲ… သေရင်လည်းဆန့်၊ ဆန့် ဆန့် ဆန့်နဲ့၊ အဲ… မင်းက ငါ့ကို မသာကြီးလို့ ပြောတာလား'

'ဟာ… မဟုတ်ပါဘူးဗျာ၊ နည်းနည်းဆန့်ပြီး လမ်းလျှောက်ရင် နီကိုလပ်ကေ့ချ်နဲ့ တော်တော်တူတာလို့'

'ဟာ… တကယ်'

နီကိုလပ်ကေ့ချ်နဲ့ တူတယ်ဆိုတော့ သွားကြီးဖြဲသွားတယ်။

'အဟဲ… နဖူးပြောင်တာ ပြောပါတယ်'

'ဟွန်း… မင်းနော်'

'အဟီး… နောက်တာပါဗျာ၊ ကျွန်တော့်ဆန္ဒ ပြည့်ဝသွားတော့မှာဆိုတော့ ပျော်လို့ပါ'

'နေပါဦး၊ မင်းသူငယ်ချင်းနဲ့ ငါ့ကိုပေးတွေ့တာနဲ့ မင်းဆန္ဒ ပြည့်ဝသွားရောလား'

'အေးလေ… အဲဒါပေါ့ဗျ'

'ကောင်းတယ်ကွာ၊ ကောင်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



အသေအချာ ပြန်စဉ်းစားပြီးမှ ရဲလင်း မဲ့သွားကာယ်။

'ဟာ… နေဦးဗျ၊ ကျွန်တော့်သူငယ်ချင်းနဲ့ပေးတွေ့ရင် ဦးစိန် ဆန္ဒပဲ ပြည့်မှာပေါ့၊ ကျွန်တော့်ဆန္ဒက ရှိသေးတယ်လေဗျာ၊ တစ်ဦး မေတ္တာ၊ ဟာ… ရှည်လိုက်တာ ကုသိုလ်ပါ, ပါလာဦးမယ်၊ အသွား အပြန်လေးတော့ ရှိသင့်တာပေါ့'

'ဒါပေါ့ကွာ၊ ဒါပေါ့'

'ဒီတော့ဗျာ၊ စောစောက ကျွန်တော်ပြောခဲ့သလို တိုက်ခန်း လေး တစ်ခန်းလောက်ဝယ်မယ်၊ တစ်ယောက်တည်း မတတ်နိုင်ဘူး လေ၊ ဒီတော့ လိုတဲ့နည်းနည်းပါးပါးကို ဦးစိန် စိုက်ပေးပါလားဟင်'

'ရပါတယ်ကွာ၊ ဒါလောက်ပိုက်ဆံက ငါ့အတွက် မခဲယဉ်း ပါဘူး၊ အဓိက,က သူလေးနဲ့ အဆင်ပြေဖို့ပဲ'

သူသူဝင်းရဲ့ပုံစံလေးကို မျက်စိထဲ ပြန်မြင်လို့ ဦးစိန်မင်း ပြုံးတယ်။

'သိပါတယ်၊ ဦးစိန် ဘယ်လောက်ချမ်းသာတယ်ဆိုတာ၊ ပြီး တော့ ဘာအလုပ်မှ မလုပ်ဘဲ ထိုင်စားနေတာလည်း သိတယ်၊ အေးလေ ဒါလောက်ချမ်းသာနေတာ ဘာလုပ်စရာလိုလဲ၊ ဟုတ်ဘူးလား'

'အဟဲ… ဒါပေါ့၊ ငါက နဂိုရှိပြီးသားပဲ၊ ပစ္စည်းပြောပါတယ်၊ ကဲ… ဦးစိန် စိုက်ပေးပါမယ်ကွာ၊ မင်းသာ ကတိတည်ပါစေ၊ ကဲ… ပြော ဘယ်လောက်စိုက်ပေးရမလဲ'

'အဟဲ'

နည်းနည်းပါးပါးထင်ပြီး အတင်းအာမခံတယ်။

ရဲလင်းက ပြုံးတယ်။

'ဦးစိန်ကို အားတော့နာပါတယ်ဗျာ၊ ဒါပေမဲ့ မဝယ်မဖြစ်မို့ပါ၊





ပြီးတော့ ကျွန်တော့်သူငယ်ချင်းကလည်း ဦးစိန်လိုလူမျိုးကို ငြင်းမယ် မထင်ပါဘူး'

'ဟေ… ဟုတ်လို့လားကွာ၊ အဟီး…'

'ဟုတ်တယ်ဗျ၊ သူက အသက်ကြီးတာ ငယ်တာ မမြင်ဘူး၊ စိတ်ထားဖြူတာကိုပဲ မြင်တာ၊ ကျွန်တော့်ဦးလေးနဲ့တော့ ဖြစ်မှာမဟုတ် ဘူး'

'အဟီး… ဟုတ်တယ်၊ မင်းပြောတာ ဟုတ်တယ်၊ ကဲ… တူကြီး ပြောကွာ၊ ဘယ်လောက်စိုက်ပေးရမှာလဲ'

'ဟာ… မများပါဘူးဗျ၊ ခပ်ညံ့ညံ့ထဲကဝယ်မှာဆိုတော့ နည်း နည်းပါးပါးပဲစိုက်ရမှာ၊ အင်း… အများဆုံးစိုက်ရ သိန်း(၁၀၀)ပေါ့'

'ဟေ… သိန်း တစ်ရာ… သိန်းတစ်ရာ… သိန်း… ဂစ်…'

မျက်လုံးလေး လည်တယ်တယ်နဲ့ လက်ညှိုးဟိုဒီထိုးရင်း တစ် ခါတည်း မျက်ဖြူဆိုက်သွားတယ်လေ။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

စားသောက်ဆိုင်ထဲမှာ ရဲလင်းကလွဲလို့ လူစုံနေပြီ။ သူသူနဲ့ သူငယ်ချင်းမသုံးယောက်၊ ပြီးတော့ ကိုပိုင်နဲ့ မင်းမင်းစိုး။

အားလုံးဟာ တရင်တနှီးနဲ့ တစ်ယောက်အကြောင်း တစ်ယောက် သိကုန်ပြီ။ အဲ… ရဲလင်းတစ်ယောက်က လွဲလို့ပေါ့။ ပြောသာပြောရတယ်။ ရဲလင်းက သူသူတစ်ယောက်ကလွဲလို့ သိပ်ဂရုစိုက်လှတာရယ် မဟုတ်။

ကိုပိုင်က မျော်နေတဲ့ သူသူကိုကြည့်ပြီး တမင်ကြားအောင် ပြောတယ်။

'ဟိုတစ်ယောက်တော့ သနားပါတယ်ကွာ၊ သူ့မှာ မျှော်ရတုန်းပဲ'

'ဘယ်တစ်ယောက်လဲ'

သူသူက ဟိုနှစ်ယောက် ဝိုင်းကြည့်တော့ ရှက်သွားတယ်။ တကယ်လည်း ရဲလင်းကို မျှော်နေတာလေ။ ခတ္တာ ဝင်ပြောင်တယ်။

'ဟွန်း… ပြောတော့၊ သူငယ်ချင်းဆို'

ဘေးက မျက်သွယ်ကလည်း…။





'ခုခေတ်က ရည်းစားထက် သူငယ်ချင်းကို ပိုချစ်ကြတာ ဟဲ့၊ ခစ်… ခစ်…'

'အေးနော်'

ဝင်းဝင်းမော်ကလည်း ထောက်ခံတယ်။ သူသူက ဇာတ်လမ်းတွေထဲကလို မျက်နှာမာနဲ့ ကောင်မတွေနော်လို့ မပြောပါ။

ဟုတ်နေလို့လားတော့မသိ၊ သူ့ဘာသာ ငြိမ်နေတယ်။ စိတ်ထဲမှာလည်း ရဲလင်း ဘယ်ကောင်မလေးနဲ့ လျှောက်ပွေးနေလဲလို့တွေးရင်း စိတ်တိုနေတယ်။

တကယ်တော့ ရဲလင်းကို သူငယ်ချင်းထက် ပိုတယ်။ ရဲလင်းကလည်း သူသူ့ကိုချစ်တယ်။ ဒါပေမဲ့ ဒီနှစ်ယောက်ကြားမှာ မပွင့်လင်းကြဘူး။

ဘေးလူတွေက ပိုတော့ပိုပါရဲ့။ ဒါပေမဲ့ မရောက်ဘူး။ အဲ… ရဲလင်းဆိုတဲ့ကောင်ကလည်း တခြားသူဆိုရင်သာ ရည်းစားစကားပြောရမလား။ ဟိုလို လုပ်လိုက်ရမလား။ ဒီလို လုပ်လိုက်ရမလား။ ရတယ်။

ဒါပေမဲ့ သူသူနဲ့ပတ်သက်ရင်တော့ ကြောက်တာလေ။ ကောင်မလေး အတော်များများနဲ့ ရဲလင်းက အောင်သွယ်နိုင်းခဲ့တယ်။ သူသူက စိတ်မဆိုးပါ။

ပြောခိုင်းတယ်မို့လား ပြောပေးလိုက်တယ်။ အဲဒီကောင်မလေးတွေက ရည်းစားရှိပြီးသား။ ရဲလင်းကို ပြန်မကြိုက်မှန်းသိတယ်။ ပြီးတော့ ရဲလင်းကလည်း တမင်ပြောခြင်းသာ။

ကြာတော့လည်း သူသူ တင်းလာတယ်။ မိန်းကလေးဖြစ်နေတော့လည်း မျှော်လင့်နေရုံကလွဲပြီး တခြားမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



အတွေးစကို ဖြတ်ပြီးကြည့်လိုက်တော့။ အံမယ် ဟုတ်နေကြတာ။ ဝင်းဝင်းမော်တစ်ယောက်ပဲ ဘက်ပဲ့ပြီး ငူငူကြီး။ ခတ္တာနဲ့ မျက်သွယ်က ကိုပိုင်တို့နှစ်ယောက်နဲ့ လေပေးဖြောင့်နေကြတယ်။ ဝင်းဝင်းမော်က လှမ်းမေးတယ်။

'သူသူ နင် သူ့ကို စိတ်မဆိုးဘူးလား'

'ဘယ်သူ့ကို'

'ဟယ်… နင့်အကောင် ရဲလင်းလေ၊ ဒီတစ်ခါလည်း ဘယ်သူနဲ့ အောင်သွယ်နိုင်းမလဲ မသိဘူးနော်'

သူသူ ပြုံးလိုက်ပြီးမှ…။

'လောလောဆယ် နင် ဘဲမရှိသေးဘူးဆိုတော့ နင့်ကိုပဲ နေမှာ'

'ဟယ်… နင့်ဟာကို ငါမလိုချင်ပါဘူး၊ ဟွန်း… သူကနင့်ပဲချစ်မှာ၊ အံမယ်… ငါ့ကို ပြောနိုင်းရဲ ခိုင်းကြည့်ပါလား၊ ကိုယ့်ပါးကိုယ်ပြန်ကောက်သွားရမယ်၊ ဘာမှတ်လဲ'

မျက်နှာလေးမော်ကာ မော်ကာနဲ့ ပြောတော့ သူသူက ရယ်တယ်။ ဟိုလေးယောက်လည်း ဝိုင်းရယ်ကြတော့ ဝင်းဝင်းမော် ရှက်သွားတယ်။ ကိုပိုင်က စ,တယ်။

'အဲ့ဒါပေါ့၊ ငှက်ပျောသီးက ဘယ်နားနေမှန်း မသိဘူး၊ ရင်ပြည့်တာနဲ့ တည့်ပါ့မလား ဆိုတာလေ'

'ကောင်စုတ်'

ဝင်းဝင်းမော် ရှက်ရမ်းရမ်းပြီး အအေးပုလင်းနဲ့ ကိုပိုင်ကိုရွယ်တယ်။ ပြီးမှ လမ်းကိုကြည့်ပြီး မျက်နှာလေးမဲ့သွားတယ်။

'လာပါပြီ… နင့်အကောင်'

'ဘယ်မှာလဲ'





ဒါနဲ့ပဲ ဝိုင်းကြည့်ကြတော့ ရဲလင်းကို ပျာပျာပျာပျာနဲ့ တွေ့ရတယ်။ မင်းမင်းစိုးက ပြောတယ်။

'ဟဲ့… ကြည့်ကြစမ်း၊ ဒီကောင်ပုံ ဆယ်ပြာသည်လင်ပျောက်တာလိုပဲ၊ ရှပ်ပျာပျာကို နိုင်နေရောပဲ'

'ဟာ… မင်း အဲ့လိုတော့ မပြောသင့်ဘူး ငမင်းရဲ့'

ကိုပိုင်က ဝင်ဟန့်တော့ သူသူက မင်းမင်းစိုးကို မျက်စောင်းထိုးတယ်။ ဆက်ပြောတဲ့စကားကြားမှာပဲ နှစ်ယောက်လုံး အဆဲခံရတော့တာ။

'အဲ့ဒီထက် ဆိုးဆိုးပြောရမှာကွ'

'မသာကောင်တွေ'

'အဟီး… ဟီး…'

ရဲလင်းက ဘယ်သူ့ကိုမှ မကြည့်ဘူး။ သူသူ့ဝင်းနား ရပ်တည်နဲ့ကပ်ရင်း ရေးကြီးသုတ်ပျာပြောတယ်။

'သူသူ… ပြောစရာရှိလို့ လိုက်ခဲ့ဟာ'

'ဟယ်… ဒီမှာပြောလည်း ရတာပဲ၊ လိုက်ဘူး'

ရင်တုန်ပန်းတုန်နဲ့ မူတယ်။ ရဲလင်းက စိတ်မရှည်သံနဲ့…။

'သူသူရာ၊ လာပါ၊ ငါ အရေးကြီးလို့ လာပါဆို'

'မလာဘူး'

ဘေးလူတွေကလည်း ဘာမှဝင်မပြောကြဘူး။ ပါသွားလည်း နားအေးတာပဲ တွေးလို့ ရပ်တည်နဲ့ ကြည့်နေကြတယ်။

'လာ… ဟာ…'

'ရဲလင်း၊ နင်နော်…အတင်းပဲ၊ ဘာလာဖြစ်နေတာလဲ၊ ဟဲ့… ပြောကြဦးလေ'



www.burmeseclassic.com

www.burmeseclassic.com



'မပြောပါဘူး'

'ဟယ်'

အားကိုးတကြီး ပြောပါတယ်။ မဆိုင်သလို ထိုင်ကြည့်နေကြတာနဲ့ မျက်နှာလေး ငယ်သွားတယ်။

ရဲလင်းက စိတ်ရှည်လက်ရှည်ပဲ လက်ကနေ အတင်းဆွဲခေါ်သွားတယ်။ ကန့်လန့်ကန့်လန့်နဲ့ ပါသွားတယ်လေ။ ခတ္တာရဲ့ မှတ်ချက်ချသံ ပေါ်လာတယ်။

'အလကား၊ အသံပဲကျယ်ပြီး အဖြစ်မရှိတဲ့ ဗျောက်အိုးမ၊ အံမယ်… ပြောတော့ ဘာလေးညာလေးနဲ့၊ ကောက်ကောက်ကို ပါရော'

♦♦♦

'မလုပ်ဘူး၊ မလုပ်ဘူး၊ မလုပ်ဘူးဟာ'

'နှင်ကလည်းဟာ၊ လုပ်လိုက်ပါ'

'နှင်နော် ငါ မလုပ်ချင်တာကို အတင်းပဲ၊ မလုပ်ဘူးဟာ'

'ဟာ… လုပ်ပါဟာ၊ငါ့ကို ဒါလေးတော့ ကူညီပါ၊ ဒီတစ်ခါတည်းပါ၊ အဟဲ… နောက်တစ်ခါ နှင်လုပ်ချင်ပါတယ်ဆိုတာတောင် မလုပ်ရတော့ဘူး'

'ဘာ'

နှုတ်ခမ်းကိုက်ရင်း ရဲလင်းကို မျက်စောင်းထိုးတယ်။

'နှင်ငါ့ကို နိုင်းလို့ကောင်းတယ်ဆိုပြီး လာလာခိုင်းနေတာ၊ ဟန်ဆောင်တယ်ဆိုတာ လွယ်တယ် မှတ်နေလား'

'ဟာ… လွယ်လွယ်လေးပါ၊ ကဲ… နှင် အခု ငါ့ကို ပြုံးပြီးကြည့်'





'ဟဲ့… ငါစိတ်ဆိုးနေတာ ပြုံးလို့ရမလားဟဲ့'

ပြုံးမပြတဲ့အပြင် ရဲလင်းကို မျက်စောင်းဆင့်ဆင့်ထိုးနေတော့တာ။ ဒါတောင် ဖွဲ့က မလျှော့ဘူး။ မျက်နှာလေးကို အိုတယ်။

'ပြုံးကြည့်စမ်းပါဟာ၊ ကြည့်၊ ပြုံးတော့မယ်၊ အံမယ်… သိလား၊ နှင်က ပြုံးလိုက်ရင် အတော်လှတာ၊ တကယ်'

'နှင်နော်'

ရှက်ပြုံးပြုံးရင်း ခေါင်းငုံ့သွားတော့ ရဲလင်းက ဝမ်းသာအားရ ပြောတယ်။

'ဟော… တွေ့လား၊ ဟား… ဟား… ပြုံးပြီ၊ နှင်စောစောက စိတ်တိုနေတယ်၊ ဟော… စိတ်တိုရင်းနဲ့ နှင်ပြုံးနိုင်တယ်၊ ဒီတော့ ဟန်ဆောင်ရတာ လွယ်မှာပါဟာ လုပ်ပါ'

'ဟဲ့… နှင်က မပြုံးပြုံးအောင် ပြောမှတော့ ပြုံးတာပေါ့၊ စိတ်ဆိုးတာက ဆိုးတာပဲ'

'နှင် ငါ့ကိုခင်ရင် ဒီလူကြီးနှစ်ယောက်ကို ခဏကြိုက်ချင်ယောင်ဆောင်ပေးပါဟာ၊ ငါ တောင်းပန်ပါတယ်'

'ဟွန်း… နိုးပဲ၊ ခင်တာနဲ့… ဟန်ဆောင်ချစ်ပေးရမယ်တဲ့၊ တော်ပြီ၊ နှင့်ကို မခင်တော့ဘူး၊ ငနာကောင်ရဲ့'

အရေးတကြီးဆိုလို့ ရည်းစားစကားပြောမယ်မှတ်တာ။ ဘယ်မှာလဲ ဟိုလူကြီးနှစ်ယောက်ကို ကြိုက်တန်ဆောင်ပေးပါတဲ့။

တင်းနေတော့တာ။ ရဲလင်းက ကလေးလိုချော့မော့ပြောတယ်။

'နှင် ငါ့ကိုခင်ရင် ဒါလေးတော့ ကူညီပါဟယ်၊ဟိုလေ ကြိုက်ဟန်ဆောင်တယ်ဆိုတာ စကားအဖြစ်ပြောတာ၊ တွေ့ရင်စကားအလိုက် အထိုက်ပြောရုံပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



'နင်ငါ့ကိုနိုင်တယ်ဆိုပြီး အနိုင်ကျင့်တယ်၊ မလုပ်ဘူး၊ အဲ့လို ဟန်ဆောင်ချင်မှတော့ ငါ့ဘာသာ မင်းသမီးပဲ လုပ်တော့မှာပေါ့'

ရဲလင်းခေါင်းကို ကုတ်ရင်း အကြံခက်သွားတယ်။ ဟိုလူကြီး နှစ်ယောက်နဲ့ ပေးတွေ့ဖို့ကို ဘယ်လိုမှ စည်းရုံးလို့မရ။

'ကူညီပါဟာ၊ ဒီလူကြီးနှစ်ယောက်ကို တို့ပြောင်ရအောင်လေ၊ နော်… ပျော်ရတာပေါ့'

'ရဲလင်း'

အကျယ်ကြီးအော်လိုက်လို့ ရဲလင်းလန့်သွားတယ်။ သူသူက မျက်စောင်းထိုးလို့ ပြောတယ်။

'နင့်ညီမကို ဟန်ဆောင်ခိုင်းပါလား၊ အဖေအရွယ်ကြီးတွေဟဲ့၊ ဘေးလူမြင်ရင် ဒီကောင်မက ဒီလိုပဲ ချူစားနေတာလားဆို ငါ့ကိုဘယ် ကောင်က ကြိုက်တော့မှာလဲ၊ ငါက မိန်းကလေးလေ၊ နာစရာရှိငါပဲ နာမှာ'

'ဟာ… မနာစေရပါဘူး၊ ဒီလူကြီးတွေ ဒီလောက်မစွံပါဘူး'

'ဘာ…'

'အဲလေ… အဲ့လိုမဖြစ်ပါဘူး၊ နင်သူတို့နဲ့ ဘယ်သွားသွား ငါ နိုးလိုက်မယ်လေ၊ စိတ်ချ ဘာမှမဖြစ်စေရဘူး'

သူသူ စိတ်အတော်ပျက်နေတယ်။ နှုတ်ခမ်းကို ချွန်နေရောပဲ။ ရဲလင်းက အနားကို ဖြည်းဖြည်းကပ်ထိုင်ရင်း ဆက်ပြောတယ်။

'စိတ်ချ၊ နင့်ကို ဘေးလူတွေက တစ်မျိုးထင်ပြီး ဘယ်သူမှ မယူလည်း ငါ ယူမယ်'

'ဟယ်… မဖြစ်နိုင်တာ'

ရှက်ကိုးရှက်ကန်းနဲ့ မော့ကြည့်တယ်။ ရဲလင်းက မရရအောင် ဆက်စည်းရုံးနေတယ်။





'နင်နဲ့ငါ ရည်းစားမှ မဟုတ်တာ'

'ရည်းစားမဟုတ်လည်း ငါယူမယ်၊ ငါ့ကို သူတို့နဲ့ရေလိုက် ငါးလိုက်ပဲ နေပေး'

'ဘာလဲ၊ နင်က ငါ ဟန်မဆောင်မှာစိုးလို့ ပြောနေတာမို့လား၊ နိုးပဲ၊ ငါ့ကို မချစ်ဘဲနဲ့ ငါ မယူဘူး'

'မဟုတ်ပါဘူးဟာ၊ ငါ နင့်ကို အရမ်းချစ်တာ သိလား'

'ဟုတ်ပဲနဲ့'

သူသူက ရှက်နေတယ်။ ရဲလင်းက လက်ကလေးကို ကိုင် တော့ မရုန်းဘူး။ မျက်နှာအတင်းငုံ့ဖွက်ထားတဲ့ သူသူမေးစေ့ကိုဆွဲပြီး ရဲလင်းက မော့စေလိုက်တယ်။ ပြီးမှ မျက်နှာကို စေ့စေ့ကြည့်ရင်း…

'နင်ရော ငါ့ကို ချစ်လားဟင်'

'အင်း'

'ဒါဆို… သူတို့နဲ့ အလိုက်အထိုက်နေပေးပါလား၊ သူတို့နှစ် ယောက်မတည့်လေ ငါ့အတွက် အကျိုးရှိလေပဲ'

'ဘာ… နင်ဟယ် သူများတွေကို ဒုက္ခလိုက်ပေးဦးမယ်၊ မရဘူး၊ နင့်ကိုချစ်တာနဲ့ပဲ ဟန်မဆောင်နိုင်ဘူး၊ ငါချစ်တာ နင့်ကိုပဲ၊ ဘာလဲ နင်က ခိုင်းချင်လို့ချစ်တာလား'

'ဟာကွာ'

ရဲလင်း သက်ပြင်းချတယ်။ ဒီအတိုင်းဆိုမဖြစ်။ ဒါနဲ့ တစ်မျိုး လှည့်ကြံတယ်။ ဘယ်လို ကလိမ်ရမလဲဆိုတာလေ။ ဒါနဲ့…။

'သူသူ… ငါ နင်နဲ့ အတူနေချင်ပြီ'

'ဘာ'

သူသူ မျက်လုံးပြူးသွားတယ်။ အခုပဲ ရည်းစားစကားပြော၊ အခုပဲ အတူနေချင်တယ်ဆိုတော့။ ရှက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်... နင်ဟယ် အခုပဲ ရည်းစားဖြစ်တယ်၊ ဟင့်အင်း၊ ကျောင်းပြီးမှ'

'အေးလေ... ကျောင်းပြီးမှ ယူကြမှာပဲ၊ ဒါပေမဲ့...' အဲဒါလည်း နင် ခုလောလောဆယ် ငါပြောသလို ဟန်ဆောင်မှဖြစ်မှာ'

'အောင်မာ... ငါယောက်ျားယူတာနဲ့ ဟန်ဆောင်ရမှာလား၊ မဆောင်ဘူး၊ ဘာမှလည်း မဆိုင်ဘူး'

ရဲလင်းက မျက်နှာလေးကို ဂိတ်ကုန် အိုလိုက်တယ်။ ဟိုဟာလေးကတော့ ရယ်ကိုတည်ထားတယ်။

'ဟူး... ခုမှတော့ မတတ်နိုင်တော့ဘူး၊ ရှင်းပြမှရတော့မယ်၊ အဘိုးက ငါ့ကိုပြောထားတယ်၊ ငါတို့နှစ်ယောက် အဲ... ငါရယ်၊ ငါ့ဦးလေးရယ်ပေါ့ဟာ အရင်အိမ်ထောင်ကျတဲ့လူကို အမွေပေးမယ်တဲ့'

'ဘာ... နင်က အမွေလိုချင်လို့ ငါ့ကို ချစ်တာပေါ့လေ'

'ဟာ... ငါပြောပြတာကို အသေအချာနားထောင်ဦး၊ ငါ့ဦးလေးက ငါ့ကို အနိုင်တအားကျင့်တာ၊ ဒီတော့ သူ တခြားသူနဲ့ရသွားရင် ငါ နာပြီလေ၊ လောလောဆယ် နင့်ကို စိတ်ဝင်စားနေတာဆိုတော့ နင်က ကြိုက်ဟန်ဆောင်ပြီး အချိန်ဆွဲထား၊ ဟော ကျောင်းပြီးတော့ ငါတို့ သူ့အရင်ယူကြမယ်၊ ဒါဆို ငါတို့အတွက် အေးဆေးဖြစ်သွားပြီလေ'

'ဟုတ်ဘဲနဲ့'

မယုံသလို ပြောတော့ ရဲလင်းက စွေကြည့်တယ်။

'ကောင်းပြီ၊ ဒါဆိုလည်း နင် အခု ငါနဲ့လိုက်ခဲ့၊ ဒါမှ အမွေရမှာ'





'ဟယ်... နင်နော်... မလိုက်ဘူး'

ဒါကျတော့လည်း ရှက်ပြီးခေါင်းငုံ့နေတယ်။ ရဲလင်းက ကြိတ်ပြုံးတယ်။

'ဒါဆို ဟန်ဆောင်ဟာ၊ အချိန်ဆွဲထားပေးပါနော်'

'နေပါဦး၊ ဟိုဦးစိန်မင်းကရော ဘာဆိုင်လို့လဲ'

'ဒါက ဒီလိုဟာ၊ သူတို့က ပြိုင်ကြတာလေ၊ ဒါပိုကောင်းတာပေါ့၊ အရင်ကတည်းက ပြိုင်ဘက်တွေလေ၊ ငါ့ကိုချစ်ရင် ကူညီပါဟာနော်'

အတော်ကြာတဲ့အထိ စဉ်းစားနေပြီးမှ သူသူ ခေါင်းညိတ်လိုက်တယ်။

'ဒါဆိုလည်း ပြီးရော'

'အဟင်း... အဲ့လိုလုပ်ပါဟာ၊ ငါ နင့်ကို တကယ်ချစ်တာပါ၊ သိလား'

သူသူက ရဲလင်းပခုံးကို မှီလိုက်တယ်။ ပြီး... တိုးတိုးတိုးတိုးနဲ့ တွတ်ထိုးနေကြတယ်လေ။

•••

ရဲလင်း အဘိုးဖြစ်သူကို ပြုံးကြည့်နေတယ်။ အဘိုးဖြစ်သူကလည်း ပြုံးနေတယ်။ ပြုံးမပေါ့ ခုတင်ဘောင်ကို မှီထိုင်နိုင်းပြီး မြေးဖြစ်သူက ခြေထောက်တွေကို ထိုင်နှိပ်ပေးနေလို့လေ။

အဘိုးဖြစ်သူက အံမယ် ငါ့မြေးလေး လိမ္မာလှချည်ရဲ့တွေးလို့ ပြုံးနေတယ်။ မြေးဖြစ်သူကလည်း ပြုံးနေတယ်။ ပြုံးမပေါ့ သူ့အကြံနဲ့သူပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ အဘိုးကပြုံးလိုက်၊ မြေးကပြုံးလိုက်နဲ့ မသိရင် အပြုံးပြိုင်ပွဲဝင်နေကြတာလိုပဲ။ ပြုံးလုံးကောင်းပုံ ပြောပါတယ်။ အဘိုးဖြစ်သူ ပီတိနဲ့ ပြောတယ်။

'အင်… ငါ့မြေးတောင် လိမ္မာပြီး အလိုက်သိတတ်လာပြီ၊ အဟဲ… အဘိုးသွေး အပြည့်ပါပေကိုး'

'အဟဲ'

'မဟုတ်မှလွဲရော မုန့်ဖိုးလိုချင်ပြီ ထင်တယ်'

'ဟာ… မုန့်ဖိုးမဟုတ်ပါဘူး ဘိုးဘိုးရဲ့'

'အဟဲ… ဒါကြောင့် မဟုတ်မှတော့ လွဲပြီပေါ့၊ ဒါဆို ဘာလိုချင်လဲ'

'အဟဲ'

အဘိုးက ပြောလိုက်၊ မြေးက ပြုံးလိုက်နဲ့။ မိန္နာလီဇာသာ တွေ့လိုက်ကတော့ ဟယ်… ဒီကောင်လေး အာမသြောင်းဘူးလား တွေးမှာ။

သူတောင် ပြုံးရတာ နှစ်ပေါင်းများစွာ ကြာလို့ထင်တယ်။ တစ်ခါတလေ အသေအချာ ကြည့်။ မဲ့နေတယ်လေ။ ထားတော့။ ရဲလင်း ဆင်ကြံကြံလို့ပြုံးကာ နှိပ်ပေးရင်း စကားစတယ်။

'ဒါတွေ အသာထားပါ၊ ဘိုးဘိုးကို မေးစရာရှိလို့၊ အဲဒါ အဟဲ…'

'သြော်… ဒါများ မြေးရယ်၊ မေးပေါ့ မေး၊ အဘိုးမသိတဲ့အကြောင်း မတတ်တဲ့အရာဆိုလို့ ခပ်နည်းနည်းရယ်'

'အင်း… ဟုတ်မယ်၊ ဘယ်လိုပြောရမလဲ၊ ဘိုးဘိုးက ရှေ့မီနောက်မီ ပုံစံမျိုး ဖြစ်နေတယ်ဗျ'





'အဟဲ…'

ကြုံတုန်း မြေးအဘိုးချင်း ကပ်ကြွားတာနဲ့ ရဲလင်းက မြှောက်ပေးတယ်။ အဘိုးဖြစ်သူ သွားဖြဲကြီးဖြစ်သွားတယ်။ အဲ… အံကပ်ပြုတ်ကျမှာ စိုးတာနဲ့ အတင်းပါးစပ်ကို ပြန်စေ့တယ်။

'ဟုတ်တယ်၊ ဘိုးဘိုးဆီက မေးရင် မြေးတို့မမီလိုက်တဲ့အကြောင်းတွေ သိရတာပေါ့၊ ဒါပေမဲ့ ဦးလေးကတော့ ဘိုးဘိုး သွေးမပါဘူး ထင်တယ်'

'ဟေ… ဘာလို့လဲကွ'

'ဟာ… မြေး ဘာမေးမေး ဘူးချည်းခံတာ၊ သူကျတော့ ရှေ့မီနောက်မီ မဟုတ်တော့ဘူး၊ ဟိုမရောက်ဒီမရောက်လို့ ခေါ်ရမယ်၊ ဘာမှကို မသိဘူး'

မြှောက်ပေးရင်း ဦးလေးဖြစ်သူနဲ့ မသိမသာလှည့်တိုက်ပေးတယ်။ ဒါက သုံးနေကျအကွက်၊ ဦးလေးဆီက ပိုက်ဆံတောင်းတာ အကြိမ်ရေ များသွားရင် ဘိုးဘိုးသားက ဘာဖြစ်တယ် ဘာညာဆိုပြီး အဘိုးဆီ တောင်းတာ။

အဲ့လို ကလိမ်ကျသေးတာ။ အခုလည်း အဘိုးဖြစ်သူက မဲ့ရွဲ့သွားတယ်။

'ဟာ… ဒီကောင့်အကြောင်းမပြောစမ်းနဲ့၊ ငါ့သားလို့ပြောရမှာ ရှက်တယ်၊ ငါ့သွေးတစ်စက်မှကို မပါတာ၊ အားအားရှိ အမွေတောင်းဖို့ပဲ၊ အလကားကောင်'

'ဟာ… ဒါဆို အဘွားများတာပေါ့၊ အဲလေ အဘွားသွေးပဲ ပါတာပေါ့'

'မပါဘူး၊ သင်းက ဘယ်သူ့သွေးမှကို မပါတာ၊ ဘယ်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



မစွံဘူး၊ လူပျိုကြီးဖြစ်နေတာကိုက အသုံးမကျဘူးဆိုတာ အသိသာကြီး၊ ဟွန်း… ငါ့တုန်းကများ မင်းအဘွားကို နှစ်ခါပဲပိုးလိုက်ရတာ တန်းရတာပဲ၊ အဲ့လောက်ထိ မင်းအဘိုးကစွံတာ၊ ဟူး… မောလိုက်တာ'

မာန်နဲ့ပြောရင်း မောနေတယ်။

'အဘွားကလည်း အညှာလွယ်လိုက်တာနော်'

'ဘာကွ'

'အဲလေ… အဘိုးကစွံတယ်လို့ ပြောတာ၊ အဟဲ'

ဒီတော့မှ ပြန်ပြုံးလာတယ်။ ရဲလင်းက တစ်ဘက်လှည့်ပြီး မဲ့နေတယ်။ အတွေးထဲမှာတော့ အဘွားက အဘိုးကို ဘာကြည့်ကြိုက်တာပါလိမ့်လို့ တွေးနေတယ်လေ။

'မြေးက ဦးလေးကို မေးတယ်၊ ဦးလေး… မင်းတုန်းမင်းမှာ မိဖုရား ဘယ်နှယောက်ရှိလဲမေးတာ မသိဘူးတဲ့'

'ဟာ… ဒီကောင်ကွာ၊ ဒါလောက်လွယ်တဲ့မေးခွန်းကို အဘိုး စာထဲမှာ ဖတ်ဖူးတာကို ပြောပြမယ်၊ မင်းတုန်းမင်းက သူ့ရဲ့ဆံပင်ရှင်းတာတို့၊ ခေါင်းဖြီးဆီတည့်တာတို့ကို သူ့မိဖုရားခေါင်ကြီး စကြဒေဝီက လွဲလို့ ဘယ်သူ့ကိုမှ ခွင့်မပြုဘူးတဲ့။ မိဖုရားခေါင်ကြီး ကွယ်လွန်သွားတဲ့ အချိန်ကျတော့လည်း အဲဒီတာဝန်ကို ဘယ်သူ့ကိုမှမပေးခဲ့ဘဲ ဒီအတိုင်း နေခဲ့တယ်။ ကြာတော့ ဘယ်နေနိုင်မလဲ၊ သန်းတွေများပြီး ယားလာတာပေါ့။ ယားလို့မခံနိုင်တော့မှ သမီးတော် တစ်ပင်တိုင်မင်းသမီး စလင်းမြို့စားကို သန်းရှာ ခေါင်းဖြီးစေရတယ်။ သူ့ခေါင်းကသန်းတွေ မသေစေချင်လို့ မိဖုရားတစ်ပါးကို သန်းတစ်ကောင်နှုန်းနဲ့ယူပြီး မွေးစေတယ်တဲ့'





'အဲဒီလောက်များပြားတဲ့ သန်းတွေကို မိဖုရားတစ်ဦး၊ သန်းတစ်ကောင်နှုန်းနဲ့ ဝေတာတောင်မှ မိဖုရားမောင်းမ မိဿံဦးရေက သန်းဦးရေထက် ပိုများနေသေးတယ်တဲ့၊ ကဲ…'

'ဟိုက်… ရှားပါး…လို့ အော်ရတော့မယ်နဲ့ တူတယ်၊ အဘိုးရေ'

'သိသွားပြီလား'

'ကြည့်စမ်း၊ အဘိုးက ဦးလေးနဲ့တော့ကွာပါ၊ အဘိုးတော်ရ ကျိုးနပ်ပါတယ်၊ အဲလောက် ကတ်သီးကတ်သတ်ကအစ သိတယ်'

'အဟဲ… ဟဲ…'

သူ့ဘာသာနေတဲ့ ဦးလေးနဲ့ ကိုင်ကိုင်ပေါက်လို့ မြှောက်တော့ သဘောအကျကြီးကျပြီး မြှောက်နေတော့တာ။

မြေးဖြစ်သူကို အမှတ်တွေဖွတ်ပေးတယ်။ ဟိုကောင် မင်းဇော်နဲ့ကတော့ အရက်ဖြူနဲ့ ရေလိုပဲ အရောင်သာတူတာ အရည်အချင်းချင်း ကွာပါ့လို့ တွေးနေတယ်။

'နောက်တစ်ခု သိချင်တာ ရှိသေးတယ်'

'မေးလေကွာ'

'ဒီလို ဘိုးဘိုးရဲ့၊ အမွေဆိုတာပေးချင်တဲ့ အချိန်ပေးလို့ရလား ဟင်'

'ဟာ… ရတာပေါ့၊ သိပ်ရတာပေါ့'

'ဟင်… တချို့ပြောပြောနေကြတာတော့ အဘိုးသေမှ မြေးက အမွေရ၊ အဖေသေမှ သားက အမွေရဆို'

'သြော်… ဒါက ဒီလိုကွ၊ အယ်… အင်းဟာ'

'ဂေါင်'



www.burmeseclassic.com

www.burmeseclassic.com



'သေပါပြီဗျ'

အခုမှ အမွေတောင်းဖို့ ပြင်နေတယ်ဆိုတာ သိသွားတယ်။ ခုတင်ဘေး အမြဲမပြတ်ဆောင်ထားတဲ့ တုတ်တောက်နဲ့ တီးထည့်လိုက်တယ်။

ရဲလင်း မျက်နှာကြီးမဲ့လို့ အီစလန့်ဝေသွားတယ်။ မျက်လုံးထဲမှာ ကြယ်တံခွန်နှစ်ခုက တရွှီးရွှီးနဲ့ ပတ်ပြေးနေတယ်။ နောက်အပတ်ရေများက ပြီးအချင်းချင်းဝင်ဆောင့်လို့ လည်တယ် လည်တယ်နဲ့ ပြုတ်ကျပြီး ပျောက်ကုန်တယ်။

'ဩော်... ငါက လိမ္မာလှချည်ရဲ့ဆို ဘယ်ဟုတ်မှာလဲ၊ သင်းက ငါတောင် မသေသေးဘူး၊ အမွေက လိုချင်နေပြီ၊ အတူတူပဲ၊ မင်းလည်း မင်းဇော်နားနီးလို့ သုံးမရတော့ဘူး'

'မဟုတ်ပါဘူး ဘိုးဘိုး၊ သိချင်လို့ မေးကြည့်တာ'

'ဟော့ကောင်၊ဒီအကြောင်းနဲ့ပတ်သက်ရင် မေးလည်းမကြည့်နဲ့၊ နမ်းလည်း မကြည့်နဲ့၊ ငါ မသေသေးဘူးကွ'

'ဟုတ်'

စိတ်ချည်းလွှတ်တိုနေတာနဲ့ ရဲလင်း ဇက်ပုနေရတယ်။ တော်တော်ကြာမှ တစ်ခါပြန်မေးတယ်။

'မြေးကို ဘယ်တော့ အမွေပေးမှာလဲဟင်'

'ဟာ... ထပ်တီးလိုက်ရ'

'သိချင်လို့ပါ ဘိုးဘိုးရ'

ရွယ်ထားတဲ့တုတ်ကို ပြန်ချလိုက်တယ်။ အေးလေ... သူလည်း သိချင်ရှာမပေါ့။ တွေးရင်း စိတ်လျှော့လိုက်တယ်။

'မင်း... အသက်နှစ်ဆယ့်ငါးနှစ်ကျမှ ပေးမှာ'





'ဟာဗျာ... ကြာလိုက်တာ၊ မြေးက ခုမှ နှစ်ဆယ်ပဲ ရှိသေးတာ၊ ငါးနှစ်တောင် စောင့်ရမှာပေါ့'

'ဟ... စောင့်ပေါ့'

'မစောင့်နိုင်ဘူး ဘိုးဘိုးရဲ့၊ လုပ်စရာတွေ ရှိသေးတယ်'

'အံမယ်'

ကြီးကြီးကျယ်ကျယ် စကားတွေပြောတာနဲ့ စွေကြည့်တယ်။ ရဲလင်းက ရုပ်တည်နဲ့နေတယ်။

'ပြောပါဦး၊ မြေးက ဘာလုပ်ချင်တာလဲ'

'ဘာမှတော့ မဟုတ်ပါဘူး၊ မြေးက အဘိုးသွေး အပြည့်ပါတော့ မိန်းမယူ၊ အဲလေ... ဒီကြားထဲ မတော်တဆ မိန်းမရသွားရင်ရော (၂၅)နှစ်မှပဲလား'

'အမ်'

ကိုယ့်ဘာသာ မိန်းမလိုချင်တာကို သူ့ပါဆွဲထည့်တော့ တင်းသွားတယ်။

'ဟော့ကောင်၊ တော်ပြီ၊ ဆက်မနှိပ်နဲ့တော့ကွာ၊ မင်း ဝေးဝေးနေတာ ကောင်းမယ်'

'သိချင်လို့ပါဆို'

အတင်းတွန်းထုတ်တာတောင် လက်က မလျှော့ချင်ဘူး။ အတင်းမေးတော့ စိတ်မရှည်သံနဲ့ ပြောငယ်။

'ငါပြောတာ စကားကုန်နေပြီ၊ အသက်(၂၅)နှစ် မပြည့်မချင်း မင်းဘာသာ မိန်းမ,မကလို့ ယောက်ျားပဲယူယူ၊ မပေးဘူးကွ'

'ဟာဗျာ... ဒါတော့ မတရားဘူး'

'ဘာကွ'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အဘိုးဖြစ်သူ တင်းသွားတယ်။ သူ့လုပ်စာတစ်ပြားဖိုးမှ မပါဘဲ မစောင့်နိုင်ဘူး ဆိုလို့လေ။

'နေပါဦး၊ မင်းလုပ်စာ ဘယ်နှစ်ပြားပါလို့ ဒီလောက်နန့်နန့်တက် လိုချင်နေရတာလဲ'

'လိုချင်လွန်းလှတယ်တော့ မဟုတ်ပါဘူး၊ ဒါမျိုးက ဖြစ်တတ်လို့၊ မပြောမဆို ဘိုးဘိုးသေသွားရင် သားပဲ ဒုက္ခရောက်မှာလေ၊ ဒီတော့ ကြိုမေးထားရတာပေါ့'

'ဟွန်း… ငါနော်'

ဘာကိုမှ မပြောချင်တော့နဲ့ ဘာမှကို မပြောတော့ဘူး။ ဒါတောင်မှ မေးသေးတယ်လေ။

'ဘိုးဘိုး… မိန်းမယူတော့ အသက်ဘယ်လောက်ရှိပြီလဲ'

'ဆယ့်ကိုးနှစ်'

'အဲဒါပဲ… အဲဒါပဲ… ဘိုးဘိုးတောင် ဆယ့်ကိုးနှစ်ပဲ နေနိုင်တာ၊ ဟော… အခု မြေးအသက်နှစ်ဆယ်ကျော်ပြီ၊ ဒီတော့ အမွေစောစော ပေးသင့်တယ်၊ နော်လို့နော်'

'အံမာ… ဘာမှ မဆိုင်ဘူး၊ ဟေ့ကောင်သွား၊ ငါ့အခန်းထဲက ထွက်သွား၊ သွားဆို အခုသွားကွာ'

ဒါလောက် နှင်ထုတ်တာတောင်မှ ဖွဲကကောင်းသေးတာ။ ဟိုကတော့ စိတ်အတော့်ကို တိုနေပြီ။

'လုပ်ပါ ဘိုးဘိုးရာ၊ ပေးပါ၊ အဟင့် ငိုမှာနော်'

'ပေးမှာ၊ ပေးဦးမှာ၊ ဟွန့်… အမွေတော့ မဟုတ်ဘူး၊ မင်းငိုလို့ ကောင်းအောင်တော့ ပေးလိုက်မယ်၊ ရော့…'

'ဂေါက်… ဂလောင်'





'သေပြီ'

တုတ်ကောက်နဲ့ နှစ်ချက်ဆင့်ဆော်ပြီး

'သွား၊ ထွက်သွား၊ ဘာလဲ တူဝရီးတွေ အလကားနေ အမွေပဲ လာတောင်းနေတာ၊ ငါ ဒီလောက်အမာကြီးဟာကို'

ရဲလင်း ရှုံ့မဲ့လို့ ခေါင်းပွတ်တယ်။ အပြင်ကိုထွက်ပြီး အခန်းတံခါးကို စေ့နေတုန်း။ ဦးမင်းဇော်ကိုတွေ့လို့ ပြုံးလိုက်တယ်။

'ဦးလေး၊ ခဏ'

'ဟေ… ဘာလဲကွ'

အနားကပ်လာတော့ အရေးတကြီးလေသံနဲ့ တိုးတိုးပြောတယ်။

'အခုပဲ ဘိုးဘိုးက ပြောတယ်၊ ငါလည်း ကြာကြာနေရမှာ မဟုတ်တော့ဘူးတဲ့၊ လောလောဆယ် အသက်ရှည်နေတာ ဝဋ်ရှိလို့တဲ့၊ အဲဒါ မသေခင် ဘဝကူးကောင်းအောင် ဘုန်းကြီးဝတ်မလို့တဲ့'

'ဟေ… ဟုတ်လား'

ဟိုက အဟုတ်မှတ်ပြီး နားထောင်နေတယ်။

'ပြီးတော့ မင်းဦးလေးကလည်း အမွေခဏခဏတောင်းတယ်တဲ့၊ အေးလေ… တစ်ဦးတည်းသောသားဆိုတော့လည်း ဦးလေးကို ချစ်ရှာမှာပေါ့'

'အဲ့ဒီတော့'

'ဘာပဲဖြစ်ဖြစ်တဲ့ သားအချစ်မို့လား သူ ဘယ်လောက်ပဲဆိုးဆိုး၊ ငါက ဖအေဆိုတော့ အပြစ်မမြင်ပါဘူးတဲ့၊ အံမယ် ဦးလေးရှေ့တင်သာ ဘိုးဘိုးက ဆဲတာ၊ ကွယ်ရာမှာဆို သူ့သားကို ဘယ်လောက်ချစ်ကြောင်း တစ်ဖွဖွနှစ်ဖွဖွပြောတာဗျ'

'ဟေ့ကောင်… တဖွဖွလုပ်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ··· ဦးလေး ဘာသိလဲ၊ တစ်ခါတည်း ဖွတာနည်းလို့ များမှန်းသိအောင် နှစ်ခါဖွတာဗျ''

'အဲ့ဒါဘာဖြစ်လဲ ဟော့ကောင်၊ မင်းစကားက လိုရာမရောက်ဘူး'

'ဟာ··· ဦးလေးက ဝေးတယ်၊ အမွေလွှဲဖို့ ကိစ္စပြောမလို့လား မသိဘူး၊ ဦးလေးကို သူ့အခန်းထဲ လာခဲ့ပါဦးတဲ့'

'ဟေ··· ဟုတ်လား'

'ဟုတ်တယ်ဗျ၊အဘိုးကြည့်ရတာ လူလောကကြီးကို အတော်စိတ်ကုန်နေပုံပဲ၊ သွက်သွက် သွားလိုက်ဗျာ၊ ဘိုးဘိုး စိတ်ဆိုးနေတုန်း'

'ဘာ···'

'အဲလေ··· ဘိုးဘိုး စိတ်ကောင်းဝင်နေတုန်း သွားလို့ ပြောတာ'

ဒါနဲ့ပဲ ဦးမင်းဇော် ပျော်သွားတယ်။ မျက်လုံးထဲမှာ အဖေဖြစ်သူကို ဒေါသကင်းတဲ့ မျက်နှာနဲ့ အေးအေးချမ်းချမ်းတွေ့မယ် တွေးပြီး တော့လေ။

'သြော်··· အေး··· အဟဲ··· သွားလိုက်ဦးမယ်၊ အင်း··· အမွေက မလိုချင်ဘဲ ရဦးမယ်'

'ဟွန်း··· ဒီရုပ်လား လိုချင်တာမှ မေ်းမေ်းတက်'

'ဘာ'

'အဲလေ··· မြန်မြန်သွားလေ ကောင်းလေပဲ'

'အေးပါဟ'

ရရချည်သေးရဲ့တွေးရင်း ဘာမသိညာမသိနဲ့ မျက်နှာကြီးအတင်းဖြီးလို့ တံခါးကို ဖွင့်ဝင်လိုက်ပြီး တံခါးကို ပြန်စေ့လိုက်တယ်။





မကြာပါဘူး။ အခန်းထဲက တဂေါင်ဂေါင်ခေါင်းလောင်းထိုးသံ အတော်များများ ကြားလိုက်ရတယ်။ အသံအောင်ချက်ကတော့ နားပါအူသွားတော့တာ။

'ဂေါင်··· ဂေါင်··· ဂလောင်···'

ရဲလင်း ကောင်းကောင်းတောင် မပြုံးလိုက်ရဘူး။ လစ်သွားရတယ်။ မကြာပါဘူးနဖူးမှာ ဘုနှစ်လုံးနဲ့အတူ မျက်နှာကြီးမဲ့လို့ ဦးမင်းဇော် ပြန်ထွက်လာတယ်။ ပါးစပ်ကလည်း···

'ဟော့ကောင်၊ ခွေးသား ရဲလင်း၊ ဘယ်ရောက်သွားလဲကွ၊ ဟေ··· မင်းတော့လား၊ သေဖို့သာပြင်'

ဆံနည်းပေါင်းကို စုံနေအောင်ဆဲလို့ အိမ်ထဲအနှံ့လိုက်ရှာတယ်။ မတွေ့တော့ ခြံထဲပတ်ရှာပြန်တယ်။ ဒါပေမဲ့ ရဲလင်းရဲ့ အရိပ်တောင် မတွေ့ရတော့ဘူးလေ။ ဘုတွေကို လက်နဲ့ပိတ်ရင်း ကြိတ်မနိုင်ခဲမရ ဖြစ်နေတော့တာ။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

ရဲလင်း စိတ်အတော်ပျက်နေတယ်။ တကယ် ဆိုးဆိုးရွားရွားကြီးပါပဲ။ မသာမယာနဲ့ ဖြစ်နေတုန်းမှာပဲ ဦးလေးဖြစ်သူ အခန်းထဲက အဟဲဟဲနဲ့ ရယ်ထွက်လာတယ်။

'ဟဲ… ဟဲ… ဟဲ… ဒီပုံနဲ့ ဆိုရင်ရော ဂေါ်ရဲ့လား'

'ဟာ'

ကြည့်ပြီး စိတ်လေသွားတယ်။ ဝတ်ထားတာက ဆယ့်ကိုးရာစုပုံကြီး။ အသက်အကြီးဆုံး ဂျိမ်း(စ)ဘွန်းမင်းသားကြီးလို ဝတ်ထားတယ်။

'ဟာ… ဦးလေးရာ၊ ကိုလိုနီခေတ်က အဝတ်အစားကြီးလား၊ အခုသွားမှာ ကောင်မလေးနဲ့ တွေ့ဖို့လေ၊ လူဆိုးဖမ်းဖို့ မဟုတ်ဘူး၊ ထောက်လှမ်းရေးကထင်ပြီး ထွက်ပြေးနေမှ ခက်မယ်'

'ဟော… ဒါဆို ပြန်လဲရဦးမပေါ့'

အခန်းထဲ ပြန်ဝင်ပြေးသွားတယ်။ သူ့သူနဲ့ တွေ့ပေးဖို့ကို အခု အဝတ်အစားလဲနေတာနဲ့တင် နာရီဝက်လောက်ကြာပြီ။ စိတ်ကို ပျက်နေရောပဲ။ နောက်တစ်ခါ ပြန်ထွက်လာတယ်။

'အဟဲ… ဒီလိုရော'





'ဟောဗျာ'

ကြည့် ဝတ်ထားတာ အောက်က ပန်းရောင်ပုဆိုး။ အပေါ်က လည်းကတုံး အဖြူကြီးနဲ့။

ပြီးတော့ ရှူးဖိနပ်က မချွတ်ရသေးတော့ ကြည့်ကောင်းနေရောပဲ။

'ဟာဗျာ… ဦးလေးရာ ဖလေဇာကုတ်နဲ့ တုတ်ကောက်သာ ယူပြီးလာခဲ့တော့ ဘိုးရှူးနဲ့တူတယ်… အခုမှ ကောလိပ်ဂျင်နေဝင်းနဲ့ တူတာ၊ ဗိုက်ပူတာပါ တူတာ'

'ဟော… အဲလိုကြီးလား'

အထဲ ပြန်ဝင်ပြေးပြန်တယ်။ ရဲလင်း စိတ်လေနေရောပဲ။ တစ်ခါပြန်ထွက်လာတယ်။

'အဟဲ… ဒီလိုရော'

'မဂေါ်ဘူး၊ ဘယ်နှယ်… တိုးရစ်ကြီးနဲ့တူတယ်၊ စွပ်ကျယ် ချိုင်းပြတ်နဲ့ ဘောင်းဘီတိုနဲ့ ကလေးကလားဗျ၊ ဒါမှ ကျပ်မပြည့်မှန်း သိသာတာ'

'အေးလေ၊ အဟဲ… ငါးပြားတည်းလို၊ ဟာ… အဲလိုလား၊ မဖြစ်ဘူး'

တစ်ခါ ပြန်ဝင်ပြေးသွားပြန်တယ်။ စိတ်ကို ညစ်နေရောပဲ။ ပြန်ထွက်လာပြန်တယ်။

'ဟာ… ရက်ပါကြီး'

'ဟဲ… ဟဲ… ဂေါ်ရဲ့နော်'

မျက်လုံးပါပြူးပြီး စိတ်ပါလေသွားတယ်။

'မဂေါ်ဘူး၊ ဒီလောက်ပူရတဲ့အထဲ အကျီအပွ၊ ဘောင်းဘီ



www.burmeseclassic.com

www.burmeseclassic.com



အပွနဲ့ ဖိနပ်လည်ရှည်ကြီးစီး၊ ခေါင်းပေါင်းပြီး လျှာထိုးဆောင်းထား တော့ မံမီနဲ့ တူတာပေါ့'

'ဟင်… ဟုတ်လား'

'လူတွေက ထင်ကြပါလိမ့်မယ်၊ ဒီလူကြီး ဒါလောက်ပူတာ တောင်မှ ဒါတွေ ဝတ်ထားတာ၊ နူနေလို့ ဖုံးတာလားဆို…'

စကားတောင် မဆုံးဘူး ပြန်ဝင်ပြေးသွားတယ်။ ခေါင်းကုတ် ရင်း စိတ်ပျက်နေတယ်။

'ဒီလိုလေးရော'

'ဟာ… ဦးလေး… အဲဒါ ကျွန်တော့်ဘောင်းဘီအသစ်မို့ လား'

'အဟဲ… ဟုတ်တယ်လေ၊ မင်းနဲ့ မတော်ဘူးမို့လား'

'ဟုတ်တယ်၊ ခါးဆိုက်ကြီးလို့ ပြင်ဝတ်မယ်ကြံတာ၊ သွား ပါပြီဗျာ'

ထိုင်ပါ ငိုချင်သွားတယ်။ ရိုက်တာ ဘောင်းဘီမတော်တာကို အတင်းစွပ်ထားတယ်။

မိုက်ကြီးကို အတင်းရှပ်ပြီး အင်္ကျီအကျပ်၊ ဘောင်းဘီအကျပ် ကို ဝတ်ထားတယ်။ မိုက်တစ်ဝက်က ပေါ်နေသေးတာ။ ကြည့်ရင်းနဲ့ ဝက်ကြီးကို ကျပ်စီးထားတာလို။ တူတာ ပြောပါတယ်။

'ဟာဗျာ… ဦးလေး ဝတ်ထားတာကြည့်ပြီး Rocker တွေ ထိုင်ငိုသွားမယ်။ တိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးက မြင်ရင်လည်း ကျွန်တော့်ကို ညှဉ်းပန်းနှိပ်စက်မှုနဲ့ ဖမ်းဦးမယ်'

'ဘာလို့လဲ'

'ဟာ… ဝက်ကို ကျပ်စည်းပေးထားတယ် ဆိုပြီးတော့လေ'





'အန်… ဖုန်း…'

အ,သွားတယ်။ အသက်အောင့်ထားတာကို ပြန်ထုတ်လိုက် တော့ ဗိုက်ကပူပြီး ကန်ထွက်တယ်။ အင်္ကျီအောက်ကြယ်သီးနှစ်လုံး ပြုတ်ထွက်ပြီးဘောင်းဘီက ဗိုက်အောက်ကျသွားတယ်။

'ကျွတ်… ဦးလေးလုပ်ပုံနဲ့တော့ မရပါဘူးဗျာ၊ ကျွန်တော်ပါ လိုက်ခဲ့မယ်'

'အစတည်းက ဒါဝတ်၊ ဟိုဟာဝတ် ဦးလေးရေဆို… ပြီးရော'

တူဝရီးနှစ်ယောက် မျက်စောင်းပြိုင်ထိုးကြရင်း အခန်းထဲဝင် လိုက်တယ်။

'ဟာ'

ရဲလင်း မျက်လုံးပြူးပြီး စိတ်ပါ လေသွားတယ်။

အခန်းထဲမှာ အဝတ်အစားတွေ ပလဲနေတာ တစ်ခန်းလုံး အပြည့်။

♦♦♦

သူသူဝင်းကို ဝိုင်းကြည့်ပြီး မဲ့ရွဲ့နေကြတယ်။ တစ်ယောက်နဲ့ တစ်ယောက်ကြည့်လို့ မေးငေါ့နေကြတယ်။ ဝင်းဝင်းမော်က စပ်ဖြီးဖြီး မျက်နှာပေးနဲ့…

'ကြည့်စမ်း၊ မိန်းမ ပြင်ထားလိုက်တာ မှုံနေတာပဲ'

'အေးလေ… သူ့ကိုယ်သူ ရှုတင်လာတယ်များ ထင်လား မသိဘူး'

'သြော်… နင်တို့ကလည်း အဲဒါ ရဲလင်းရဲ့ ဖူးယောင်းသိမ်း သွင်းမှုတွေလေ၊ ခစ်… ခစ်…'



www.burmeseclassic.com

www.burmeseclassic.com



မျက်သွယ်နဲ့ ခတ္တာကလည်း လှောင်တယ်။ သူများတွေလို ဟန်လုပ်ပြီး ရှက်ပြမနေဘဲ ရုပ်တည်နဲ့ ပြောတယ်။

'ဒီလောက်ပြင်ထားတာတောင် တန်ကာမကျဘူး၊ နင်တို့မြင်တဲ့အတိုင်း သူက မိန်းကလေးတွေ ကြိုက်လောက် ကျလောက်တဲ့ မျက်နှာလေ၊ အခု ကိုရီးယားမင်းသားတွေ ချောတယ်ဆိုတာ သူ့ကို မီတာ မဟုတ်ဘူး၊ ယောကျ်ားအချင်းချင်းတောင် နှစ်ခါပြန်ကြည့်ရတာ၊ မျက်နှာကလည်း ပွင့်ပါ့'

'အဟွတ်'

ကိုကိုပိုင်နဲ့ မင်းမင်းစိုးထံက ပြုံးတူအသံထွက်လာတယ်။

'အံမယ်… ကောင်မ ကိုယ့်ဖိုးထုပ် ကိုယ်ချဉ်နေတာ'

'အေးလေ… သူ့အကောင်က ပြောင်ဟာကို'

ခတ္တာတို့ နှစ်ယောက်စကားကိုကြားတော့ ဝင်းဝင်းမော်က ထုံးစံအတိုင်း ဝင်ပြောတယ်။

'ဟဲ့… ကိုယ်ငါးချဉ်ကိုယ်ချဉ် တယ်လုပ်ပါဟဲ့'

'ဝင်းဝင်းမော် နင် ဘာသိလဲ၊ ငါက ငါးချဉ်ကို ရှံ့လို့မစားဘူး၊ ဖိုးထုပ်ပဲ စားတာဟဲ့'

'ဩော်… ဖိုးထုပ်လုပ်တာကမှ ပိုညစ်ပတ်တာများ'

ခတ္တာကပြောက်တော့ ဝင်းဝင်းမော် ဖက်ပုသွားပြီး ပွစိပွစိ ဆက်ပြောသေးတယ်။ သူက နေရာတကာ လျှာရှည်တာလေ။

သူသူဝင်းက…။

'ဟဲ့… ကိုယ့်ရည်းစားမို့လို့ ကိုယ် တင်စားတာ မဟုတ်ဘူး၊ ငါသာမရှိရင် နင်တို့လည်း သူ့ကိုကြိုက်ကြမှာပဲ မို့လား'

'ဘာ'





ဟိုသုံးယောက် အတော်ကင်းသွားကြတယ်။ ဟုတ်တော့လည်း ဟုတ်တယ်၊ ရဲလင်းတို့ ပါရမီကောင်းတာဆိုလို့ ဒီရုပ်လေးပဲရှိတာ။ သူသူဝင်းက ကြက်နာကြီးတွေလို ဖြစ်နေတဲ့ ကိုပိုင်နဲ့ မင်းမင်းစိုးကို စွေကြည့်တယ်။

'ပြီးတော့ နင်တို့ အကောင်တွေလို ရုပ်ဆိုးကြီးတွေ မဟုတ်ဘူး'

ခတ္တာနဲ့ မျက်သွယ်က ကြိတ်ဆဲတယ်။ ရုပ်မဆိုးကြပေမယ့် ရဲလင်းကိုတော့ မမီပါ။ ဝင်းဝင်းမော်က လွဲလို့ မကြည်ကြည့် ကြည့်နေတဲ့ဟိုနှစ်တွဲကို ပြုံးကြည့်တယ်။ အဲ… ပြီးမှ နာရီကိုကြည့်လို့ မျက်နှာပြန်မာသွားတယ်။

'ခုချိန်ထိ မလာသေးဘူး၊ ဘယ်ဝင်ကြောင်နေလဲ မသိဘူး၊ ဟင်း… ဒီနောက်ကို အဖြေပေးမိတာ မှားပြီနဲ့တူတယ်'

အားလုံး ပြုံးကုန်ကြတယ်။ မျက်သွယ်က လောင်တယ်။

'သိပြီမို့လား၊ အခစ်… ဩော်… ကြိုက်မရှက်၊ ငိုက်မရှက်နဲ့။ တစ်ခါတည်းနဲ့ အဖြေတန်းပေးပြီး အခု ဒုက္ခရောက်နေပြီ။ အဟိ… မူတောင် မမူနိုင်ဘူးတဲ့တော်'

ကောင်မလေးတွေက တစ်ယောက်တစ်မျိုး လှောင်ကြတယ်။ ဒါကို သူသူဝင်းက ရှက်လားဆို နိုးပဲ။ ရုပ်ကိုတည်ပြီးတော့ ပြောတယ်။

'ဘာဖြစ်လဲ၊ ငါချစ်လို့ချစ်တယ်ပြောတာ မူစရာလား၊ နောက်လည်း ဒီစကားက ပြောရမှာပဲဟာ၊ နင်တို့ပဲ မူ၊ ဟွန်း… အဲဒီမှာကျန်ခဲ့လိမ့်မယ်၊ မိန်းကလေး ဈေးကိုင်လို့ မရတော့ဘူး၊ ယောကျ်ားလေးတွေ အလှည့်ရောက်ကုန်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေ ပါးစပ်ပိတ်သွားကြတယ်။ ကိုပိုင်က သွားကြီးဖြဲပြီး မင်းမင်းစိုးက မရှိတဲ့ကော်လံကို ကောက်ထောင်နေတယ်။ သူသူဝင်းပြောတဲ့အထဲမှာ ဒီစကားကို သဘောအကျဆုံးပဲ။ သူသူက ဆက်ပြောတယ်။

'နင်တို့ မသိပါဘူး၊ ငါ့မှာ သူ့ကို ဘယ်လောက်မျှော်လင့်ခဲ့ရတယ်ဆိုတာ၊ အခု ကုလားအုတ်တွေသာမရှိရင် ငါလည်းပင်း အရှည်ဆုံးဖြစ်မှာ၊ မျှော်ရလွန်းလို့ ပြောပါတယ်၊ ဟော... ပြောရင်းလာကြပြီ၊ ဟဲ့... တွေ့လား... ငါ့ကိုကြောင်လိုက်တဲ့ ဘိုးတော်ကြီးတွေလည်း ပါတယ်'

ဒါနဲ့ ဝိုင်းကြည့်လိုက်ကြတော့ ရဲလင်းနဲ့အတူ ပိန်ပိန်ပြောင်ပြောင် လူကြီးတစ်ယောက်နဲ့ ဗိုက်ပူပူကြီးတစ်ယောက်ကို တွေ့ရတယ်။

ကိုပိုင်က ပြုံးရင်းပြောတယ်။

'သြော်... သူသူတို့ ပြင်လှချည့်လားလို့တယ်၊လက်စသတ်တော့ ဒီဘိုးတော်ကြီးတွေနဲ့ တွေ့ဖို့ကိုး၊ ဟိုး... ဟိုး...'

'သေနာကောင်'

ကျန်တဲ့လူတွေ ပြုံးကုန်ပေမယ့် သူသူဝင်းက ဆဲတယ်။ အနားရောက်မှ တွေ့ရတာ ရဲလင်း အဲတော်စိတ်ပျက်နေပုံရတယ်။

ဟိုလူကြီးနှစ်ယောက်ကလည်း ပွစိပွစိနဲ့ ရန်ဖြစ်လာကြတယ်။ မသိရင် မုန့်အဝေမတည့်တဲ့ ကလေးတွေလိုပဲ။ တစ်ယောက်နဲ့ တစ်ယောက် မျက်စောင်းလည်း ချိတ်ကြသေးဟ။

ရဲလင်းက လူကြီးနှစ်ယောက်ကို တိန်းလာရင်းနဲ့ သူသူ့ကိုတွေ့ပြီး ပါးစပ်ပြဲသွားတယ်။ ဒီနေ့မှ ပိုလှနေတော့ ခဏငေးနေတယ်။ လူကြီးနှစ်ယောက်ကလည်း ခုံတွေမှာ ဝင်ထိုင်ရင်း မျက်ပြူးကြီးတွေနဲ့ သူသူကို ဝိုင်းကြည့်ကြတယ်။





ရဲလင်းသဝန်တိုသွားတယ်။ ဒါပေမဲ့ လိုချင်တာရှိတော့ ကြိတ်ခံရင်း ပြုံးတယ်။

'ဦးလေး၊ ဒါ ကျွန်တော့်သူငယ်ချင်း၊ သူက ခင်ဗျာ၊ ဟိုမျက်ပြူးက မျက်သွယ်၊ ဟိုမှန်ကြောင်က ဝင်းဝင်းမော်၊ ဒီနှစ်ယောက်ကတော့ ကိုပိုင်နဲ့ မင်းမင်းစိုး'

'သြော်... အင်း... တွေ့ရတာ ဝမ်းသာပါတယ်'

'ဟုတ်ပါတယ်'

လူကြီးနှစ်ယောက်က အောင့်သက်သက်နဲ့ အတင်းမဲ့ရင်း ဝမ်းသာတယ်။ ရဲလင်းက ဟိုကောင်မလေးကို တမင်ချန်ထားတော့ မကြည်ကြည့် ကြည့်ကြတယ်။

ဒါနဲ့ ရဲလင်းက ပြုံးရင်း ရပ်တည်နဲ့နေတဲ့ သူသူကို မျက်စေ့မှိတ်ပြပြီး...

'သူကတော့ သူသူဝင်းတဲ့၊ ဦးလေးရော ဦးစိန်ရော မှတ်ထားပါဗျာ၊ အဟဲ... လမ်းတွေ့ရင် ခေါ်ပေါ့'

ရဲလင်းပြောတာက ခေါ်ပေါ့တစ်ခွန်းတည်း။ ဒါပေမဲ့ ဦးလေးဖြစ်သူရဲ့ မကြည်တဲ့မျက်နှာက ချက်ချင်းဝင်းလက်သွားပြီး...

'ဟာ... ခေါ်မှာပြောမှာ နှုတ်ဆက်မှာ... အဟီး...'

ဦးစိန်မင်းကလည်း အားကျမခံ သွားအဖြဲသားနဲ့...

'ဟုတ်ဒယ်၊ ကိုကြီးကလည်း သူပြောသလိုပဲ၊ အဟဲ'

ပြီးမှရပ်တည်နဲ့ တစ်ယောက်ကိုတစ်ယောက် ဘုကြည့်ကြည့်ကြတယ်။ သူသူဝင်းက ပြုံးရင်း...။

'ဟုတ်ကဲ့၊ သမီးလည်း တွေ့ရတာ ဝမ်းသာပါတယ်ရှင့်'

တမင်အသံကိုချိုပြီး မျက်လုံးကို တမင်ပေသည်ရင်း ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူကြီးနှစ်ယောက် အူမြူးသွားတော့တယ်။ သူသူက မသိဟန် ဆောင်ရင်း…

'သြော်… ဦးတို့ကို သမီးမြင်ဖူးသလိုပဲ၊ ဘယ်နားမှာပါလိမ့်'

'အဲ'

ဦးမင်းဇော်က ဦးစိန်မင်းကို စွေကြည့်တယ်။ ဘယ်မှာတွေ့ဖူးတယ်ဆိုတာ ပြောရင်ကောင်းမလား ညှိတဲ့သဘော။ ပြီးမှ မထူးဇာတ်ခင်းလို့ ဦးစိန်မင်းက ပြောတယ်။

'ဟိုလေ… ဟိုနေ့က ကော်ဖီဆိုင်ထဲမှာလေ၊ အဟဲ…'

'သြော်… သတိရပြီ၊ သတိရပြီ'

သူသူဝင်းက စဉ်းစားနေရာကနေ ခုမှသတိရတဲ့ပုံနဲ့ ပြောတယ်။ ကိုပိုင်တို့ကတော့ ရဲလင်းကိုကြည့်လိုက် သူသူ့ကိုကြည့်လိုက်နဲ့ ခေါင်းကုတ်နေကြတယ်။

'အဲဒီကိစ္စအတွက် ကိုကြီး တောင်းပန်ပါတယ်ကွယ်၊ အတော်ကို သရုပ်ပျက်သွားတယ်'

'အို… ရပါတယ်၊ သမီးလည်း ရုတ်တရက်ဆိုတော့ စိတ်ဆိုးတာပေ့ါ၊ အခုတော့ စိတ်မဆိုးတော့ဘူး၊ အဟင်း… ကိုကြီးက ဒီလောက် ခင်ဖို့ကောင်းတာကို ဟုတ်ဘူးလား'

'အဟီး'

သူသူရဲ့မျက်နှာပေးကိုကြည့်လို့ ဦးစိန်မင်း အူမြူးသွားတယ်။

အခြေအနေမဆိုးဘူးလို့တွေးရင်း ပီတိဖြစ်နေတယ်။ အဲ… ဦးမင်းဇော်ကတော့ မလိုတမာ မျက်နှာကြီးနဲ့ မဲ့နေတယ်။ သူသူက ကြည့်ပြီး…။

'သြော်… ဟိုဘက်က အစ်ကိုကြီး၊ ဘာဖြစ်လို့ မျက်နှာကြီး





ရှုပ်နေရတာလဲ၊ ခစ်… ခစ်… မီးက အဲ့လိုမျိုးဆို မကြိုက်ဘူး'

'ဟင်… ဘာမှမဖြစ်ဘူး၊ အဲ… ဖြစ်တော့ဘူး၊ မီးမကြိုက်ရင် ကြိုက်အောင်လုပ်ပေးမှာ'

'အဟီး…မျက်နှာကိုပြောပါတယ်၊ ကြည့်ဖြဲလိုက်၊ အဲလေ… ပြုံးလိုက်ပြီ'

ဦးမင်းဇော် အားရဝမ်းသာနဲ့ ပြုံးလိုက်တယ်။ ရဲလင်းက ဦးလေးဖြစ်သူကိုကြည့်ပြီး အပြုံးလွန်သွားလို့ ပါးစပ်က နားရွက်တက်ချိတ်နေရင် ဖြုတ်မရဘဲ ဒုက္ခရောက်မှာ တွေးပူလာတယ်။

ဒါကြောင့်မို့…

'ဦးလေး သတိနော်၊ သတိ၊ အိမ်မှာ ဘိုးဘိုးစောင့်နေမှာ'

အဘိုးဆိုတဲ့အသံကြားမှပဲ ဦးမင်းဇော်ပြုံးတာကို အရှိန်နည်းနည်း လျှော့သွားတယ်။ ဒါတောင် သူလျှော့ပြုံးတာ သာမာန်လူတွေပြုံးတာထက် မိုင်ကုန် ပိုနေသေးတာ။

ရဲလင်းစိတ်ထဲ မဆိုးဘူးတွေးပေမယ့် မျက်နှာမှာ မလိုတမာ အရိပ်တွေ ပေါ်လာတယ်။

လူကြီးနှစ်ယောက်က ကပ်ရင်း တိုးတိုးတိုးတိုးပြောလို့ ငါ့ဟာသူ့ဟာနဲ့ လုနေကြတယ်။ အတော်ကြာမှ ခေါင်းမော့ကြည့်လိုက်တော့ အားလုံးတအံ့သြနဲ့ ဝိုင်းကြည့်နေကြတာကိုတွေ့လို့ ရှက်သွားကြတယ်။

'အဟဲ… ဟဲ… အားလုံးပဲ ဘော်ဒါတွေဖြစ်ကုန်ပြီဆိုတော့ ကဲ… စားကြကွာ၊ သောက်ကြ၊ ဦးလေး အဲလေ ကိုကြီးရှင်းမယ်'

'တကယ်လား'

ကိုပိုင်တို့တစ်တွေ အသံထွက်လာကြတယ်။ ဒါမျိုးကိုပဲချောင်းနေကြတာလေ။ ဦးစိန်မင်းက ဦးမင်းဇော်ကို မျက်စောင်းချိတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'စားကြ၊ စားကြ၊ မှာကြ၊ သူမရှင်းနိုင်ရင်တောင် အစ်ကို ရှင်းမယ်၊ မှာကြကွာ'

'ဘာကွ ဟေ့ကောင်'

လူကြီးနှစ်ယောက် ပကျိုပကျိုနဲ့ ရန်ပြန်ဖြစ်နေကြတယ်။ ကျန်တဲ့လူတွေကတော့ မှာစရာရှိတာမှာ၊ စားစရာရှိတာစားနဲ့ ဆူညံသွားတော့တာ။

စားသောက်ပြီးတော့ တန်းစီနေတဲ့ပန်းကန်ခွက်ယောက်တွေကို ကြည့်လို့ လူကြီးနှစ်ဦး တစ်ယောက်နဲ့တစ်ယောက် ကြည့်ကြတယ်။

ဦးမင်းဇော်က ဦးစိန်မင်းကို မျက်စ,ပစ်တော့ ဦးစိန်မင်းကလည်း ဦးမင်းဇော်ကို ပြန်ပစ်တယ်။ ဒါနဲ့ပဲ တစ်ယောက်က မင်းရှင်းလိုက်လို့ မျက်စ,ပစ်။

နောက်တစ်ယောက်က ဟင့်အင်း၊ မင်း ရှင်းလိုက်လို့ မျက်စ, ပြန်ပစ်တယ်။ နှစ်ယောက်သား မျက်စ,ပြိုင်ပစ်နေကြတာ မသိရင် အကြောပဲ လိုက်နေကြတာလို။

ဒါမှမဟုတ် မျက်စ,ပစ်ပြိုင်ပွဲကြီး ကျင်းပနေတယ်များ မှတ်လို့ထင်တယ်။ ပြိုင်ပစ်နေကြတာ အတော်ကြာပြီ။ ဒီတော့ ကိုပိုင်က…

'ဟာ… ဦး၊ အဲလေ…ကိုကြီးတို့ ဘာဖြစ်နေကြတာလဲဟင်'

'အေး… သမီးရည်းစားတွေကျနေတာပဲ စကားပြောတာ မျက်စနဲ့ မျက်နနဲ့… အဟဲ…'

မင်းမင်းစိုးက ဝင်ပြောတော့ ရယ်သံတွေ ပကျိုပကျိုထွက်လာကြတယ်။

ဦးမင်းဇော်က ရက်ပြုံးပြုံးလိုက်ပြီး…

'အဟဲ… ဒါက ဒီလိုပါ၊ တို့နှစ်ယောက်က ပြိုင်ဘက်တွေ





လေ၊ ဘာဖြစ်ဖြစ် ပြိုင်ကြတာ၊ အခု ပြိုင်စရာမရှိလို့ မျက်စပြိုင်ပစ်နေကြတာ၊ ဟုတ်တယ်နော် ဟေ့ကောင်'

'သြော်… အင်း… အဟဲ… ဟုတ်တယ်'

လိမ်ဖော့ လှမ်းဆွယ်တော့ ဦးစိန်မင်းက ယောင်တောင်ပေါင်တောင်နဲ့ လိုက်တယ်။ ဒီအတိုင်းသာဆို ဓာတ်လမ်းရှည်ပါတယ် တွေးပြီး ရဲလင်းက…။

'ကဲ… ဒီနေ့တော့ တော်လောက်ပြီ၊ ကျွန်တော်တို့လည်း အတန်းတက်ရဦးမယ် ဦးလေး၊ ပိုက်ဆံရှင်းပြီး ပြန်တော့ဗျာ၊ ညနေမှ ပြောထားတဲ့ကိစ္စ ရှင်းကြတာပေါ့'

'သြော်… အေး…'

ဦးမင်းဇော်က မဲ့သွားတယ်။ မပြန်ချင်သေးပါ။ ဒါပေမဲ့ ရဲလင်းကို လောလောဆယ်ကြောက်ရတော့ ပိုက်ဆံအိတ်ထဲက ပိုက်ဆံ တစ်ထပ်ကို သူသူမြင်အောင် ထုတ်တယ်။

မြင်သာအောင်ပြရင်း ရှင်းဖို့ကြံပေမယ့် ရဲလင်းက ဖျတ်ခနဲ ဆွဲယူထားလိုက်တယ်။ ဦးမင်းဇော်ပိုက်ဆံတွေကို နှမြောပြီးကြည့်တယ်။ ရဲလင်းလက်ထဲရောက်တဲ့ ပိုက်ဆံက ဘယ်တော့မှ ပြန်လာရိုးမရှိပါ။ ဒါပေမဲ့ လောလောဆယ်တော့ ပြုံးရင်း မချိတင်ကဲ ပြောတယ်။

'အဟဲ… တူကြီးပဲ ရှင်းလိုက်တော့၊ ဦးလေး ပြန်တော့မယ်၊ အဟဲ… အားလုံးပဲ ပြန်တော့မယ်'

'သြော်… ကောင်းပါလေ့'

ဦးစိန်မင်းက အားရဝမ်းသာပြောတော့ မျက်စောင်းထိုးလို့…

'ဟေ့ကောင် ငါပြောတဲ့အထဲမှာ မင်း မပါဘူး'

'အဟ'



www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်မင်း မဲ့သွားတော့ ကြိတ်ရယ်ကြတယ်။ ဦးမင်းဇော်က သူသူကို လှည့်နှုတ်ဆက်တယ်။

'မီး… ကိုကြီး သွားလိုက်ပါဦးမယ်၊ အဟဲ… နောက်မှ ထပ်တွေ့ကြတာပေါ့'

'ဟုတ်ကဲ့ရှင့်'

သူသူက အမြင်ကတ်စရာကောင်းလောက်အောင် ရုပ်လေးပါ ချိုပြလိုက်တော့ လူကြီးခမျာ လှည့်ကြည့်လှည့်ကြည့်နဲ့ ပြန်ရှာတာ၊ ဘေးဝိုင်းတွေက ထိုင်ခုံတွေကိုတောင် တိုးမိတိုက်မိလို့။

ဦးစိန်မင်းကိုတော့ မျက်စောင်းထိုးဖြစ်အောင် ထိုးသွားသေးတာ။

'အဟား… အရှုပ်တော့ ရှင်းသွားပြီ ကလေး၊ ကိုကြီး… ကိုကြီး…'

'ဟာ… ဦးစိန်ရော ပြန်တော့လေဗျာ'

'ဟင်… ခဏ… ခဏလောက်တော့ နေပါရစေဦးကွာ'

အားရဝမ်းသာနဲ့ သူသူကို ဖောမယ်ကြံကာရှိသေး၊ ရဲလင်း ဝင်ဟန့်တာနဲ့ မျက်နှာငယ်သွားတယ်။ ရဲလင်းက ရုပ်ကိုမာရင်း ဘင်လာဒင်သံနဲ့ ခြောက်တယ်။

'ဘာလဲ… တစ်ခါတည်း ဇာတ်လမ်းပြတ်သွားချင်တာလား၊ ကျွန်တော်ပြောတာ မိတ်ဆက်ပေးရုံပဲလေ'

'အဟဲ… တူလေးကလည်း ရ, ရပါတယ်ကွာ၊ သွားဆိုလည်း သွားရတာပေါ့'

သနားစရာပုံစံလေးနဲ့ပြောပေမယ့် ဘယ်သူမှ မသနားကြပါ။ သူသူ့ကို ဝံ့ဝံ့စားစားကြည့်ကာ…။





'ကလေးရေ… ကိုကြီး သွားတော့မယ်'

'ဟုတ်ကဲ့ရှင့်'

မသွားချင်သွားချင်နဲ့ အတော်ဝေးဝေးရောက်သွားတယ်။ အဲဒီတော့မှ ရဲလင်းက လက်ထဲကိုင်ထားတဲ့ ပိုက်ဆံတွေကို ဘောင်းဘီအိတ်ထဲထည့်ပြီး လှမ်းခေါ်တယ်။

'ဦးစိန်၊ ပိုက်ဆံရှင်းသွားဦးလေဗျာ'

'ဟင်… ပိုက်ဆံ'

ကကျိုးကကြောင်ပုံစံနဲ့ လက်ညှိုးဟိုဒီထိုးလို့ ပြန်လာတယ်။ ရဲလင်းက ပိုက်ဆံတွေယူထားတော့ ရှင်းမယ်ထင်လို့လေ။

'ဟာ… ပိုက်ဆံရှင်းပါဆို…'

'ဪ… အေး…'

ဘာမှ စေဒကမတက်တော့ဘဲ ကောင်တာမှာ ပိုက်ဆံသွားရှင်းတယ်။ ရဲလင်းက အနိုင်ကျင့်လို့ရတော့ ပျော်နေတယ်။

ခဏကြာတော့ ပြန်လှည့်လာတဲ့ ဦးစိန်မင်း အားလုံးကို နှုတ်ဆက်ပြီး ပြန်သွားတယ်။ဒီတော့မှ ရဲလင်းကသက်ပြင်းကိုချရင်း သူသူ့ဘေးသွားကပ်တယ်။ မျက်နှာလေးကို အသေအချာကြည့်လို့။

'ကြည့်စမ်း… ငါ့အသည်းလေးက၊ ဒီနေ့အရမ်းကို လှနေပါလား၊ အံမယ်… တကယ်ချစ်စရာလေးဗျ၊ ဟဲ… ဟဲ…'

'ဟွန်း… အခုမှ လာပြီးတော့'

မကြည်မသာနဲ့ နှုတ်ခမ်းချွန်နေတာကိုကြည့်လို့ ပြုံးတယ်။ လက်ကလေးကို ဖမ်းဆုပ်ပြီး။

'ဘာလဲ… စိတ်ကုန်နေပြီလား'

ဘာမှမပြောဘဲ ရဲလင်းမျက်နှာကို အသေအချာကြည့်လို့ ဇဝေဇဝါ မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'နင် ငါ့ကို တကယ်ချစ်တာ ဟုတ်ပါတယ်နော်'

'ဟင်... ဘာလို့လဲ၊ တကယ်ပါဟာ၊ မိုးကြိုးကြီးပစ်ရစေ'

'မကျိန်နဲ့'

'အဟဲ... ငါသေမှာ စိုးတယ်ပေါ့လေ'

'ဟင့်အင်း... ကျိန်တာဟာ လိမ်တာနဲ့အတူတူပဲတဲ့'

'ဟာကွာ... ငါ တကယ်ချစ်တာပါဆို၊ ယုံအောင် ဘယ်လို လုပ်ပြရမလဲ၊ အဟဲ...'

ပြောရင်း မျက်နှာချင်းအတင်းကပ်တော့ ကိုပိုင်တို့က ဝိုင်းလှောင်ကြတယ်။ အစကတော့ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေပြီး မှလေ။

'ဟာ... ဟောကောင်တွေ ငါတို့ ရှိတယ်နော်'

'အေးလေ... အံမယ်... ဖြစ်နေကြတာများ'

မျက်သွယ်ကလည်း ဝင်ဟောက်တယ်။ ကျန်တဲ့လူတွေ အသံလည်း စီညံစီညံနဲ့ထွက်လာတော့ ရဲလင်းက ဇွေကြည့်တယ်။ ကောင်မလေး သုံးယောက်ကို လှည့်ကြိမ်းတယ်လေ။

'ငါ့ရည်းစားနား ငါကပ်တာ ဘာဖြစ်လဲ၊ ဘာလဲ...နင်တို့ကို ကပ်ရမှာလား'

'ဘာ'

'မသာ၊ ကာလနာ၊ ကားတိုက်၊ မြွေပွေးကိုက်ရဲ့'

ကောင်မလေးတွေရဲ့ဆဲသံ စီညံစီညံနဲ့ ထွက်လာတယ်။ ဝင်းဝင်းမော်က မျက်နှာလေးရဲပြီး သူသူ့ကို တိုင်တယ်။

'ဟဲ့... သူသူ နင့်အကောင်ကိုပြောဦးလေ၊ အရမ်းရိုင်းတာပဲ'

'အေးလေ'





ဒါပေမဲ့ သူသူက ရပ်တည်နဲ့ပဲ...။

'ဘာမှ မရိုင်းဘူး၊ နင်တို့ကို ဘာပြောလို့လဲ'

'ဟဲ့... ဝပြောတာ မကြားဘူးလား'

'ကြားသားပဲ၊ ဘာလဲ နင်တို့က အကပ်ခံချင်လို့လား၊ နီးပဲ၊ ငါလက်မခံဘူး၊ ငါကလွဲလို့ ဘယ်သူမှ မကပ်ရပါဘူး'

'အဟဲ... နင်တို့ကြားကြပြီမို့လား၊ ငါတို့နှစ်ယောက်က အချင်းချင်း နားလည်ခွင့်လွှတ်ကြပြီသား၊ ကြားလူ ဝင်လို့မရဘူး၊ ဟဲ... ဟဲ... ဟဲ'

'တောက်...'

ပြောမနိုင် ဆိုမနိုင်တာနဲ့ ဟိုဟာတွေ ဘင်းကုန်ကြတယ်။ ပလူးပလဲလုပ်နေတဲ့ ရဲလင်းတို့အတွဲကိုကြည့်လို့ ကောက်သွားကြတယ်။

'လာဟာ၊ သွားကြမယ်၊ အရမ်း အမြင်ကတ်ဖို့ကောင်းတာပဲ၊ သူတို့က ကပ်ရုံကပ်ချင်ကြတာ မဟုတ်ဘဲနဲ့များ'

'အေးတယ်၊ သွားတာပဲ ကောင်းတယ်'

'အဟဲ... ကွ... ကွကြ'

'တောက်'

ကောင်မလေးတွေက ပေစောင်းစောင်းနဲ့ သွားကြတော့ ကိုပိုင်တို့ နှစ်ယောက်လည်း ကောက်ကောက်ပါသွားကြတယ်။

'အဟဲ... ခုမှပဲ ရှင်းသွားတော့တာ'

'ဟုတ်ပါ့'

တစ်ယောက်နဲ့တစ်ယောက် စိုက်ကြည့်လို့ ပြုံးနေကြတယ်။ သူသူက နွဲ့ရင်း မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'နင် ငါ့ကို နိုင်းကောင်းအောင်ရည်းစားလုပ်တာတော့ ဟုတ် ပါဘူးနော်'

'မဟုတ်ပါဘူးကွာ၊ ဘာလဲ၊ ဘယ်လိုယုံအောင်ပြောရမလဲ၊ ဒီအတွက် သံသယမဖြစ်နဲ့သိလား၊ တကယ်'

'ဟုတ်ပဲနဲ့'

'ဟာ… ဒီလောက်ချစ်စရာကောင်းတာလေးကိုများ ညာစရာ လား'

နှစ်ခါထက်လို မချော့ရဘဲ သူသူ ကျေကျေနပ်နပ် ပြုံးလို့ သဘောကျနေတယ်လေ။

•••



## အခန်း(၈)

ဦးမင်းဇော် ရင်တုန်းပန်းတုန်ပုံစံနဲ့ သူသူ အနားကပ်လို့ ဆင် ကြံကြံတယ်။ ဟိုဟာလေးက မသိယောင်ဆောင်နေတယ်။

စကားထိုင်ပြောနေတာ အတော်ကြာပြီ။ သူသူကလည်း ဟန် ဆောင်နေပေးနေတာ အတော်ကြာပြီ။ ကြာဆို ဒီတစ်ကြိမ်နဲ့ဆို ငါးကြိမ် လောက်ရှိပြီ။

သူသူ့ကို ရည်းစားစကားပြောတာကတော့ ပထမဆုံးအကြိမ် တွေ့ကတည်းက ပြောပြီးသား။ အဲ့လိုပါးစပ်ကတော့ သွက်ပြီးသား လေ။ ဒါပေမဲ့ လူကြီးနှစ်ယောက်လုံး ရှိးရှာပါတယ်။ အခွင့်အရေးမယူ ကြပါ။ အဲ မရလို့လားတော့မသိ။

အခွင့်အရေးယူတဲ့ဆီလည်း မရောက်ပါ။ ဘာလို့လဲဆိုတော့ သွားလေရာ ရဲလင်းက ကပ်ပါပြီးသား။ ရဲလင်းဆိုတဲ့ကောင်ကလည်း အလွတ်ကို မပေးတာ။ ရဲလင်းက လူပါး။ ဘလိုင်းတော့ လွှတ်မပေး။ သွားလေရာ နိုးလိုက်တာဗျာ။ အခုဖုန်းလေးကလည်းရှိတော့ အဆင်ကို ပြေလို့။

ဦးမင်းဇော်က တစ်နေရာသွားပြီဆိုပါစို့။ ရဲလင်းဆီ ဖုန်းလှမ်း ဆိုးလိုက်ရင် ပြီးပြီ။ အခုအနားတိုးလာတာ သိပေမယ့် စိတ်ချလက်ချ



www.burmeseclassic.com

www.burmeseclassic.com



မသိဟန်ဆောင်နေတယ်။ ထိုင်နေတဲ့ ခုံတန်းရဲ့နောက် သစ်ပင်ဘေး ကပ်ပြီး ရဲလင်းရှိနေတယ်။

ဦးမင်းဇော်တစ်ခုခု ကြံတာနဲ့ ရဲလင်းရောက်လာမှာလေ။

'အဟဲ... မီးက အတော်ချစ်စရာကောင်းတာပဲ'

'အင်းလေ၊ ခစ်... ခစ်... လူတိုင်းပြောကြတာပဲ၊ ဒါပေမဲ့ ပြောသလောက်လဲ မလှပါဘူး၊ အဟင်း'

အနားကပ်လို့ အတင်းငမ်းပြောတာနဲ့ သူသူက ညုတုတုပြောတယ်။ ဒါနဲ့ပိုရောင့်တက်လာတယ်။ အနားအတင်းကပ်ရင်း ကြာသံနေ့လို့ ...။

'အိုး...တကယ်ပြောတာ၊ အဟီး... တကယ်ချစ်ဖို့ကောင်းတာ၊ ကိုကြီးတောင် မီးကို... ကြည့်ရင်း...'

'သြော်... ဒါနဲ့ ကိုကြီးစိန်မင်းတောင် မတွေ့တာကြာပြီနော် အဟင်း...'

ပညာသားပါပါနဲ့ စကားလွှဲလိုက်တော့ စိန်မင်းဆိုတဲ့ နာမည်ကြားတာနဲ့တင် ဦးမင်းဇော် ဘူးရှိန်ပျက်သွားတယ်။ မျက်နှာကြီးမဲ့လို့ မနာလိုတိုရှုည်ဖြစ်ကာ...။

'ဟာ...ဒီကောင့်အကြောင်း မပြောစမ်းပါနဲ့၊ အသံကြားတာနဲ့တင် တစ်ပြားဖိုးမှ ကျက်သရေမရှိဘူး ဟွန်း'

'သြော်... ကိုကြီးရယ်၊ သူက ခင်ဖို့ကောင်းပါတယ်၊ အဟင်း ... မီးတောင် သူ့ကို သတိရနေတာ'

'ဟွန်း'

ကလက်တက်တက်အသံနဲ့ ပြောတော့ ဦးမင်းဇော်တင်းသွားတယ်။ မသိရင် ဟိုတစ်ယောက်ကိုပဲ တ,နေတာလိုလို။ ဒါနဲ့ ချွန်တယ်။





'ဟာ... မီး မသိပါဘူး၊ ဒီကောင်က ရုပ်နဲ့လိုက်ပြီး စိတ်ထားတအားယုတ်တာ၊ ကြည့်ပါလား၊ ရုပ်ကိုက လေယာဉ်ကွင်းခေါင်းပေါ်တင်ထားတာလို ပြောင်နေရောပဲ'

'ဟယ်... ဟုတ်ပဲနဲ့... ခစ်ခစ်'

'ဟုတ်ပါတယ်ဆိုမှ၊ ဒီကောင်အကျင့် မကောင်းလို့ ကိုကြီးချစ်ဦးသူနဲ့ လွဲခဲ့ရတယ်လေ'

'ဟင်... အဟုတ်'

သူသူက အံ့သြလေဟန်နဲ့ အစ်တယ်။ ဘာပဲဖြစ်ဖြစ် အပျင်းတော့ ပြေမှာပဲ။ ပြီးတော့ ကိုယ့်ကိုလည်း ဘူးဖို့ခဏမေ့သွားမယ်မို့လား။

ဦးမင်းဇော် ဗီး(လ်)ဝင်သွားတယ်။ ထိုင်ရာက နေထလို့ ဟိုးအဝေးက မိုးကောင်းကင်ကို လှမ်းငေးကာ မျက်နှာအိုလေးနဲ့ အားယူတယ်။

အဲ... သူသူကတော့ စိတ်ဝင်စားပါတယ်။ ထိုင်ခုံကို ကျော်လို့ သစ်ပင်ကို လက်လှမ်းတယ်။

သစ်ပင်နောက်က ရဲလင်းကလည်း လက်ကလေးကို ကိုင်လို့ နှစ်ယောက်သား ကြည်နူးနေတယ်။

ဦးမင်းဇော်ကတော့ ဒါတွေမသိဘူး။ အဟုတ်ထင်ပြီး လွမ်းတသသနဲ့ ပြောတယ်။

'တကယ်တော့ အတိတ်ကို ပြန်မတူးဆွချင်ဘူး'

'ဘာလို့လဲဟင်'

မသိမသာထောက်ပေးတော့...။

'မာလို့လေ၊ အဲ... ဟုတ်ဘူး၊ ပြန်ပြောပြရင် သံယောဇဉ်တွေ ပိုမိုသာသာဖိတ်ယိုပြီး တစက်စက်နဲ့ကျ, ကျ'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ဒါများ ရုပါဂလူးနဲ့ ဖာပေါ့'

'အေးလေ၊ အဲဒါနဲ့ဖာ၊ ဖာ၊ အဟင့်… မနောက်ပါနဲ့မီးရယ်၊ တကယ်ခံစားရလို့ရပါ'

'ဩော်… ကော်ခွက်နဲ့လား'

'ဟုတ်ဘူး၊ ဒန်ဖလား၊ ဟာ… မီးရယ်၊ ကိုကြီးကို ခင်ရင် တိတ်တိတ်လေး နားထောင်ပေးပါလားဟင်'

ညောင်နာနာပြောတော့ ဟိုဟာလေးက ပြုံးတယ်။

'ဒါဆိုလည်း ပြီးတာပဲ၊ မီးကကိုကြီးတစ်ယောက်တည်း ပြောရင် ပျင်းမှာစိုးလို့'

'ဟာ… ဘယ်ပျင်းမှာလဲ၊ ကိုယ့်ငယ်ချစ်အကြောင်းပြောရတာ ပျင်းစရာလား၊ နားထောင်နော်'

'ဟုတ်ကဲ့'

'ဟင်း… တစ်ချိန်တုန်းကဒီတက္ကသိုလ်နယ်မြေထဲမှာ သီတာဆိုတဲ့ အလှပန်းပွင့်လေးဟာ ××××××××××××××××'

ဦးသိန်းဇော် ခံစားချက်အပြည့်နဲ့ မဟုတ်တာခပ်များများ ဟုတ်တာခပ်နည်းနည်းနဲ့ လံကြုတ်ဇာတ်ခင်းပြတယ်။ နောက်ကနှစ်ယောက်ကတော့ ပလူးနေကြတယ်လေ။

♦♦♦

ဦးစံရွှေတစ်ယောက်တည်း အိမ်ရှေ့ခန်းမှာ ထိုင်တွေးနေတယ်။ အခုတလော ဘာရယ်တော့မသိ ဟိုတူဝရီးနှစ်ယောက်ကြိတ်ကြိတ်ကြိတ်ကြိတ်နဲ့ တည့်နေကြလို့လေ။

နှစ်ယောက်ပေါင်းပြီး ဘာများမကောင်းကြံတာပါလိမ့်ပေါ့။





အိရုတ်နဲ့အိရုန်တည့်တာတောင် ဒီနှစ်ယောက်တည့်ဖို့မလွယ်။ ဒါပေမဲ့ အခုတလော ကိုယ့်မျက်စိပင် ကိုယ်မယုံနိုင်လောက်အောင် တွဲနေကြတယ်။

ရဲလင်း ဘာပူဆာပူဆာ ဝယ်ပေးမယ်ဆိုတာချည်းပဲ ကြားနေတယ်။ အံမယ် အံ့သြနေရောပဲ။ အရင်ကဆို မုန့်ဖိုးတောင်းတာတောင် ပေးချင်တာရယ်မဟုတ်။ အခုတော့ တူကြီးရေဆိုတာ ပါးစပ်ဖျားကကိုမချတော့တာ။ သူတို့ကတည့်တော့ ကိုယ့်ကို အရေးတောင် မလုပ်တော့ဘူး။

ဒီတော့ တစ်ယောက်တည်း ငိုင်နေရတယ်လေ။ ဒီနေ့လည်း မနက်ကတည်းက လည်ပင်းဖက်လို့ တူကြီးရေ၊ ဦးလေးရေနဲ့ ထွက်သွားကြတာပဲ။ အံမယ်…မကြားဖူးတာတွေကြားပြီး၊ မမြင်ဖူးတာတွေ မြင်နေရတာ ပြောပါတယ်။

တစ်ယောက်တည်း အတွေးကောင်းနေတုန်းအိမ်ထဲကို လေးလေးတချွန်ချွန်နဲ့ ဝင်လာတဲ့ သားဖြစ်သူကို တွေ့လိုက်ရတယ်လေ။ စကားပြောဖော်မရှိတာနဲ့ ရုပ်ကိုတည်ရင်း ပြဿနာရှာဖို့ ပြင်လိုက်တယ်။ ဦးမင်းဇော် လေလေးချွန်ပြီး အိမ်ထဲဝင်လာတယ်။ မျက်နှာက ပြုံးနေတယ်။ ပြုံးမပေါ့။ သူ့သူ့သနားအောင် ကိုယ့်ဘာသာ ဇာတ်နာခင်းပြလာတာ။

ဦးစိန်မင်းကို ဗိုလ်နေရာထားပြီးတော့ပေါ့။ ဟိုက သနားရုံတင်မဟုတ်ဘူး၊ ကိုယ်ဘက်ခပ်ပါပါဖြစ်လာပြီလို့ အပိုင်တွေးတယ်။ ခုတလော စန်းပဲပွင့်လာတာလားတော့ မသိ။ သူ့သူ့နဲ့ အဆင်ပြေနေတယ်။ ပြေမပေါ့။ ရဲလင်းကို ဖုန်းတစ်လုံး၊ တိုက်ခန်းတစ်ခန်း၊ အဝတ်အစားနဲ့ တွေလီကာလီက သူ့သူ့နဲ့ တစ်ခါတွေ့ရခါနီးတိုင်း တစ်ခါ ကုန်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဒါတွေကို မမြင်ပါ။ ဖွန်ကီစွဆိုတော့ ကုန်ချင်သလောက်သာကုန် ကျေနပ်ပြီးသားပဲ။

ညည့်ခန်းထဲဝင်လိုက်တာနဲ့ ဖအေဖြစ်သူကို မျက်နှာမာကြီးနဲ့ ထိုင်နေတာ တွေ့လိုက်ရတယ်။ ဒါပေမဲ့လည်း ဝမ်းသာသွားတယ်။

အိပ်ခန်းထဲက အပြင်မထွက်တာ ကြာပြီလေ။

'ဩော်... အဖေ၊ အံမယ်... အပြင်တွေဘာတွေထွက်လို့၊ အဟဲ... အတော်မာလာပြီပဲ'

'ဟွန်း'

ပြောရင်းဝင်ထိုင်တော့ ဖအေဖြစ်သူ ဦးစံရွှေက မျက်နှာကို ပိုပြီးမာတယ်။

'မင်းက ငါမာတာကို မနာလိုဘူးမို့လားကွ၊ ဟေ'

'ဟာဗျာ... အဖေက ကျွန်တော့်အဖေပဲ၊ အဖေကျန်းမာရေးကောင်းတော့၊ ဟော... ကျွန်တော်လည်း စိတ်ချမ်းသာတာပေါ့၊ အဟဲ'

အနေအထားကိုကြည့်လို့ မျက်နှာလုပ်တော့ ဖအေဖြစ်သူက မဲ့ပြီးပြောတယ်။

'ဟေ့ကောင် အပိုတွေပြောမနေနဲ့၊ ငါမင်းအဖေမဟုတ်ရင် သေတာကြာပြီမို့လား'

'ဟာဗျာ'

ပြဿနာမရှိ ပြဿနာလုပ်ရှာနေလို့ ညစ်သွားတယ်။ ဘာတွေများ မကျေနပ်လို့ အလကားနေ အပြစ်ရှာနေပါလိမ့်တွေးရင်း ပြောတယ်။

'အဖေရာ၊ မဟုတ်တာတွေ မပြောစမ်းပါနဲ့ဗျာ'

'ဟုတ်တာပြောတာကွ၊ ခုတလော မင်းတို့တူဝရီး ကြိတ်ကြိတ်





ကြိတ်ကြိတ်နဲ့ပေါင်းပြီး ငါ့ကို မကောင်းကြံနေကြတာမို့လားကွ၊ ဟေ...'

'ဩော်... ဒါကြောင့်လား'

သားဖြစ်သူကပြုံးတော့ ဦးစံရွှေက စွေကြည့်တယ်။

'ဒါက အဖေ့မကောင်း ကြံတာမဟုတ်ဘူး၊ အဖေလည်းကောင်း၊ သားလည်းကောင်း၊ အဲလေ... သားလည်း လူပျိုဘဝက ကျွတ်အောင်ကြံနေတာဗျ ဟဲ... ဟဲ'

'ဟေ'

ဦးစံရွှေ မျက်လုံးပြူးကြီးနဲ့ အံ့သြသွားတယ်။

'အဖေပဲ တစ်ယောက်တည်း ငြီးငွေ့တယ်ဆိုလို့ ကျုပ်မိန်းမယူဖို့အတွက် ကြံနေတာ'

'ဘာကွ... မင်းဘာသာ မိန်းမယူမယ့်ဟာငါ့အတွက် ကောင်းစရာ ဘာပါလဲ၊ ကောင်းစရာရှိ မင်းပဲကောင်းမှာ'

'ဟာဗျာ၊ ကျုပ်ပြောတာက အဖေ အဖော်ရအောင်လေ'

'အေးလေ၊ မင်းမိန်းမကို ငါကအဖော်လုပ်လို့ရမလားကွ'

'ဟာဗျာ'

သားဖြစ်သူ မျက်နှာကြီး မဲ့သွားတယ်။

'ကျုပ်ပြောတာက အဖေ့အတွက် မြေးလေးတွေ မွေးပေးနိုင်းမယ်ပြောတာ'

'အေးလေ၊ အဟဲ... အဲလိုရှင်းရှင်းပြောလည်း ရတာပဲ၊ တော်သေးတာပေါ့၊ နေပါဦး၊ မင်းမိန်းမပိုးတာနဲ့ ငါ့မြေးနဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်ပါပြီကော အဖေရယ်၊ ကောင်မလေးက ရဲလင်းသူငယ်ချင်းမဗျ'



www.burmeseclassic.com

www.burmeseclassic.com

'ဟေ… အဲလိုလား၊ ဒါဆို ကောင်မလေးက မင်းသမီးအရွယ်လောက်လေးပေါ့၊ မင်းကွာ၊ မတန်မရာ'

'ဟာဗျာ… တော်ပြီဗျာ၊ ဘာပဲဖြစ်ဖြစ် အဖေမြေးချီရပြီးတာပဲမို့လား၊ ကျုပ်က သိပ်ယူချင်တာ မဟုတ်ဘူး၊ အဖေမြေးချီချင်တယ်ဆိုလို့သာ'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကောင်မလေးက မငယ်လွန်းဘူးလားလို့'

'မငယ်ဘူးဗျာ၊ မငယ်ဘူး'

ဒါလေးပြောမှပဲ စိတ်ဆိုးပြီး အခန်းထဲ ခြေဆောင့်ဝင်သွားတယ်။ ဦးစံရွှေ ခေါင်းရမ်းလို့ ညည်းကျန်ခဲ့တယ်။

'သြော်… မင်းဇော်တို့များ လူကြီးမရလို့ ကလေးလှည့်ကြံတယ်တဲ့လေ'

◆◆◆

'တကယ်တော့ အချစ်ဆိုတာ မကောင်းဆိုးဝါး တစ်ကောင်လိုပါပဲ ကလေးရယ်။ ကံနိမ့်တဲ့သူမှ ကြုံတွေ့ရတာလေ။ ကိုကြီးတကယ်ပဲ ကံနိမ့်ခဲ့တာလားဟင်'

ခံစားချက်အပြည့်နဲ့ သီချင်းစာသားတွေကို ကော်ပီပြန်ကူးချတယ်။ ဟုတ်ကဲ့၊ ဘယ်အရာပဲဖြစ်ဖြစ် အခုခေတ်ကြီးက ကူးချနေကြတာပါပဲ။

'သူသူက ပြုံးရင်းမေးတယ်'

'ဟယ်… မကောင်းဆိုးဝါး၊ ဟုတ်လား၊ အံမယ်လေး… ကြောက်စရာကြီးပဲနေမှာ၊ သြော်… တွေ့တော့ ပြုံးပြလားဟင်'





'အဟဲ… အစွယ်ပေါ်ရုံလေးဖြဲပြ၊ အဲလေ… မနောက်ပါနဲ့ ကလေးရယ်၊ ကိုကြီး တကယ်ခံစားနေရလို့ပါ'

'ခစ်… ခစ်… ခစ်'

ကော်ခွက်နဲ့လား မမေးတော့ပါ။ ရယ်နေတယ်။ ဦးစိန်မင်းက မျက်လုံးကို ကြာမှေးမှေးကာ။

'တကယ်တော့ အချစ်ကို ကိုကြီးဘဝမှာ နှစ်ခါပဲ ဆုံခဲ့တယ်၊ တစ်ခါကတော့ သီတာဆိုတဲ့ ချစ်ဦးသူနဲ့၊ အချစ်ဆုံးမို့ကွယ် အချစ်တွေလည်း ဆုံးဟုန်းခဲ့ပေါ့ကွယ်ဆိုသလို၊ အချစ်ဆုံးတာပဲ အဖတ်တင်ခဲ့တယ်၊ အခုတစ်ခါကတော့'

စကားကိုဖြတ်ပြီး သူသူကို ဝံ့ဝံ့စားစားကြည့်တယ်။ သူသူက ပြုံးတယ်။

'သြော်… အခုတစ်ခါတော့ ကွမ်းယာရောင်းတဲ့ မကုလားမပေါ့'

'ဟင်… ဘယ်သူ'

'လမ်းထိပ်မှာ ကွမ်းယာရောင်းတယ်လေ၊ သူ့နာမည်က အချစ်တဲ့၊ အဟိ'

'ဟာ… သေစမ်း'

ဦးစိန်မင်း မဲ့သွားတယ်။ ဦးတည်ချက်က အတော်ကြီးလွဲသွားတယ်လေ။ သူသူ့ကို အားမလိုအားမရကြည့်တယ်။ ဟိုဟာလေးကလည်း အူရှုရယ်နဲ့ အတော်နီးလာမှန်းသိတော့ စကားလွှဲတယ်။

'သြော်… ဒါနဲ့ ခုတလော ကိုကြီးမင်းဇော်တောင် မတွေ့တာကြာပြီ၊ အဟင်း… သတိရသလိုပဲ'

'ဟွန်း'



www.burmeseclassic.com

www.burmeseclassic.com



မနာလို အူတိုသွားတယ်။ စိတ်ထဲမှာ ဦးမင်းဇော်ကို လည်ပင်း အတင်းညှစ်ကာယ်။ မျက်လုံးကြီးပြူး လျှာကြီးတစ်စောင်းကိုက်လို့ ဝက်ကြီးလို ဆန့်ငင်ဆန့်ငင်နဲ့ ကြည့်ကောင်းလိုက်မယ့်ဖြစ်ခြင်း။

'သေစမ်း၊ မင်း သေစမ်း'

'ရှင်'

ဦးစိန်မင်းပါးစပ်က အသံထွက်လာလို့ သူသူ ကြောင်သွားတယ်။ ဒီတော့မှ ပျာပျာသလဲနဲ့…။

'အဲလေ… ယောင်လို့ ကလေးကို ပြောတာ မဟုတ်ဘူး၊ ဟိုကောင် မင်းဇော်ကို ပြောတာ'

'တော်ပါသေးရဲ့'

ရင်ဘတ်လေးလက်နဲ့ဖိရင်း သူသူက သစ်ပင်နောက်ကို ချွေ ကြည့်တယ်။ နောက်မှာ ရဲလင်း ရှိနေတယ်လေ။

'ဒီကောင့်နာမည် မပြောတာကောင်းမယ်'

'ဘာလို့လဲကိုကြီးရယ်၊ ဒါလောက်သဘောကောင်းတာကို'

'ဟာ… ကလေးမသိပါဘူး၊ ဒီကောင်မကောင်းလို့ ကိုကြီး ချစ်ဦးသူနဲ့ လွဲခဲ့ရတာ၊ ဒီကောင်အခွက်မြင်တာနဲ့ စိတ်ကို နာနေရောပဲ'

သူသူက မသိယောင်ဆောင်လို့ ထောင်တယ်။

'သြော်… ကိုကြီးတို့က ဇာတ်လမ်းတွေ ရှိခဲ့ကြတာကိုး'

'ဟင်း…'

ဦးစိန်မင်းသက်ပြင်းကိုချလို့ မျက်နှာကို အိုတယ်။ တံတွေး ကို တဂုဂုနဲ့မျိုချလို့ သေခါနီးမသာလို ဆန့်ငင်ငင်လုပ်ရင်း၊ အဝေးကို ငေးတယ်။

'တကယ်တော့ ဒီဇာတ်ဟာ နှစ်ယောက်တည်းနဲ့ နောက်ဆုံး





မင်းသားနဲ့ မင်းသမီးပေါင်းကြလေ၏လို့ ဇာတ်သိမ်းရမှာ၊ အခုတော့ တောက် ဒီကောင်ရှုပ်လို့ ဇာတ်ကနာပြီးအလွမ်းဇာတ် ဖြစ်သွားတယ် လေ'

သူသူ ဝင်ထောက်ပေးတယ်။

'ဟင်… ပေါင်းသွားကြတာပဲ မဟုတ်ဘူးလား'

ဦးစိန်မင်းက ယောင်တောင်တောင်နဲ့ ခေါင်းညိတ်တယ်။

'အင်းလေ၊ ဟာ… ဘယ်ကလာ မင်းသားနဲ့ ဗီလိန်က ဒီအတိုင်း ကျန်ခဲ့တယ်လေ'

'ဟယ်…ဟုတ်လို့လား၊ သမီးသိတာတော့ နောက်ဆုံးပေါင်း သွားတဲ့သူဟာ ဇာတ်ကောင်ပဲ'

ဦးစိန်မင်း မဲ့ရွဲ့သွားတယ်။ သက်ပြင်းကိုချလို့…။

'ဟင်… တကယ်တော့ ဒီဇာတ်လမ်းကို အတွင်းကျကျသိခဲ့ မယ်ဆိုရင် ကလေး ဒီလိုပြောမှာ မဟုတ်ဘူး'

'ဒါဆိုလည်း ပြောပြလေ'

'ပြောမယ်၊ ပြောပြမှာ၊ ဒါမှအကြောင်းစုံ သိရမှာမို့လား၊ မင်းသားက ကိုကြီးလေ၊ မင်းသမီးကတော့ သီတာ၊ ဗီလိန်ကတော့ ဟိုကောင် မင်းဇော်ပေါ့၊ ဟွန်း'

'သြော်'

ထိုင်ရာကနေထလို့ ကန်စပ်ကိုသွားတယ်။ ဘောင်းဘီအိတ် ထဲလက်နှိုက်လို့ အဝေးကို ငေးရင်း ညောင်နာနာပြောတယ်။

သူသူဝင်းနဲ့ ရဲလင်းကတော့ နောက်မှာ အကြည်ဆိုက်လို့ ဦးစိန်မင်းက ဒါကို မသိဘဲ လံကြုတ်ဇာတ်ခင်းတယ်။

'ကိုကြီးနဲ့ သီတာဟာ အောင်မော့်ကောင်းမှုနဲ့ အဆင်ပြေနေ ပြီ၊ အောင်မော်ဆိုတာ အောင်သွယ်တော်လေ'



www.burmeseclassic.com

www.burmeseclassic.com



'သီတာက လှတော့ ကြိုက်သူဝိုင်းနေတယ်၊ ဒဿဂီရိလို ကြံသူကြံ၊ မင်းကုသလို ချောင်းသူချောင်း၊ မာတင်္ဂလို တောင်းသူ တောင်းပေါ့'

'ဟယ်… အဲ့တုန်းက မင်းကုသတို့ မသေသေးဘူးပေါ့နော်၊ ရုပ်အတော်ဆိုးရှာမှာပေါ့'

'အေးလေ… ငါ့နှီးနှီးပဲ… ဘယ်ကလာရှိရမလဲ၊ ချစ်သူပေါ ကြောင်း နှိုင်းပြတာ'

'သြော်… အဲလိုကိုး'

'ကိုကြီးကတော့ သူ့နားကို ဦးဆုံးရောက်တဲ့သူပေါ့'

'သြော်'

တကယ်တော့ မဟုတ်ဘူး။ သီတာက သူနဲ့ မတွေ့ခင် ကတည်းက အောင်မော်နဲ့ချစ်သူတွေ။

'တောက်… ပြောရမယ်ဆို အဖျက်ဆိုတာနေရာတိုင်း ရှိတာတ် တာကလား၊ ဟော… ဘုရားဖြစ်ကာနီး မာန်နတ်ဖျက်၊ ကိုကြီးလည်း သီတာနဲ့ အဆင်ပြေကာမှ…'

'ဘာလဲ… မာန်နတ်က ဖျက်ရောလား'

'ဟာ… ဘယ်ကလာ မင်းဇော်ဖျက်တာ'

'သြော်'

ဆို နောက်မှာ တခိခိနဲ့ ကြိတ်ရယ်နေကြတယ်။ လှောင်တာ ကို မသိယောင်ဆောင်လို့ ဆက်ပြောတယ်။

'ဒီကောင်ဝင်လာတာနဲ့ နှစ်ယောက်တည်းကနေ သုံးယောက် ဖြစ်၊ သီတာကလည်း ကိုကြီးမျက်နှာကြောင့် မင်းဇော်ကိုအားနာပြီး မငြင်းတတ်တော့ အဝေမတည့်တော့ဘူး၊ တကယ်တော့ ဒီကောင် လွန်တာ'





'ငါက သူငယ်ချင်းအရင်းကြီးမို့လို့ မိတ်ဆက်ပေးမိပါတယ်၊ သင်းက ဒီမျက်နှာကို မထောက်ဘဲ အတင်းဝင်လုံးတယ်လေ'

ဇာတ်ကို တမင်နှာအောင် ဦးမင်းဇော်ကို ဗီလိန်နေရာ အတင်း ပို့တယ်။

'ဟယ်… ကိုကြီး မင်းဇော်ပြောတော့ တစ်မျိုးပါ'

'သူက ဘာပြောလဲ'

'အင်းပြောတာတော့ သူတို့နှစ်ယောက်ကြားမှာ ကိုကြီးက ဝင်ဝင်ကပ်နေတာတဲ့'

'ဘာ'

နှာခေါင်းနီသွားတယ်။ တကယ်တော့ နှစ်ယောက်လုံး ဟုတ်တိပတ်တိ အဖြစ်မရှိပါ။ အောင်မော်ဆိုတဲ့ လူတစ်ယောက်က အောင်သွယ်ပေးလို့ အဆင်ပြေမလို၊ ဘာလိုဖြစ်တာ။ အောင်မော်နဲ့ သီတာက ချစ်သူတွေ ဦးမင်းဇော်တို့ကို အချဉ်မှန်းသိလို့ အောင်မော်က အောင်သွယ်ယောင်ဆောင်ပြီး ညာစားတာလေ။

အဲဒါကိုတော့ မသိရှာဘူး။ ရန်းရန်းနဲ့ ဇာတ်မျောကြီးကို ဖြစ်လို့။ သူတို့နှစ်ယောက်ကောင်းမှုနဲ့ အောင်မော်တို့နှစ်ယောက် အတော်စုဆောင်းမိနေပြီ။ သူတို့ကို မျှော်လင့်ချက်တွေပေးပြီး နောက် တော့ အောင်မော်က မ,သွားပါလေရော။အဖြစ်မှန်ကိုမသိတော့ အောင် သွယ်တော်က ဖြတ်ခုတ်သွားတယ်ထင်ကြတာ။

မဟုတ်ဘူး။ အဆင်လည်းသင့်ရော ဟိုဟာတွေက ခိုးပြေး သွားကြတယ်လေ။ နှစ်ပေါက်တစ်ပေါက် ရိုက်သွားတာ။

ဒါကိုတောင် တစ်သီတည်းသီ၊ တစ်တာတည်းတာနေတာ ခုချိန်ထိပဲ။ ဘယ်လောက်ထူလဲ တွေးသာကြည့်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်မင်းက မခံချိမခံသာနဲ့ ဆက်ပြောတယ်။

'သူရှုပ်လို့ ဟွန်း... ဒီကောင့် အကျင့်ကနဂိုပျက်လေ၊ ဒီတော့ ဘယ်လိုမှပြင်မရဘူး၊ ထားတော့၊ ဒီကောင့်မကောင်းကြောင်း ပြောပြရင် ဒီနေ့ပြီးမှာ မဟုတ်ဘူး'

'ငါတို့နှစ်ယောက်စလုံး မယုံရတဲ့ အတူတူ၊ အောင်မော်ဆိုတဲ့ ငနဲကို အဲ အောင်သွယ်နိုင်းမိတော့လည်း အတူတူပဲ၊ ငါတို့လည်း မသိကြဘူး၊ နောက်တော့ အောင်မော်နဲ့ သီတာအနေကလည်းနီး၊ ငါတို့နှစ်ယောက်ကိုလည်း ဘယ်သူချစ်ရမလဲ ဝေခွဲမရတာနဲ့ စိတ်ပျက်ပြီး အောင်မော်နောက် ပါသွားတယ်လေ'

'ဩော်'

သူသူက စာနာဟန်နဲ့ ဩော်တယ်။ ဒါပေမဲ့ ရဲလင်းနဲ့ ပလူးနေကြတယ်။ ဦးစိန်မင်း မျက်နှာအိုလေးနဲ့ ပြန်လှည့်လာတယ်။

သူသူက လက်ကို အတင်းပြန်ဆွဲတော့တယ်။

'လွှတ်... လွှတ်ဆို'

ရဲလင်းက လွှတ်မပေးဘူးလေ။ ဦးစိန်မင်းက ရဲလင်းကို မမြင်ဘဲ သူသူသစ်ပင်ကြီး လက်နဲ့ ပွတ်နေတယ် ထင်ပြီးအံ့သြသွားတယ်။

'ကလေး၊ ဘာဖြစ်နေတာလဲဟင်၊ အပင်ကြီးကို ကိုင်ပြီး'

ဒီတော့မှ ဦးစိန်မင်း အသံကြားလို့ ရဲလင်းက လွှတ်ပေးလိုက်တယ်။ သူသူက အပင်ကိုလက်နဲ့ ပွတ်ကာ...။

'အဟီး... လက်ဖဝါးယားလို့ ပွတ်နေတာ'

'ဩော်... ဘာများလဲလို့၊ ကိုကြီးပွတ်ပေးမယ်လေ'

'အို... ရပါတယ်၊ နေပါစေ'





လက်ကိုအတင်းယူ ပွတ်မယ်တကဲကဲလုပ်တာနဲ့ အတင်းငြင်းရတယ်။ ဦးစိန်မင်းက မျက်နှာအိုလေးနဲ့ ဝင်ထိုင်ကာ...။

'ကလေးပဲစဉ်းစားကြည့်၊ ဒီကောင်သာဝင်မရှုပ်ရင် ပွဲကပြီးပြီ၊ အခုတော့၊ ဒါကြောင့် ဒီကောင့်ခွက်ကိုမြင်တာနဲ့ ပြေးပြေးထိုးချင်နေတာ၊ အခုလည်း ကလေးကို လာလုပြန်ပြီ'

'အိုး... ကိုကြီးကို သမီးပြောပါတယ်၊ ဒါတွေကို ကျော်ပြီးမှ စဉ်းစားမယ်လို့'

'ဟာ... ဝမ်းသာလိုက်တာ၊ အဟီး... ကိုကြီးကိုပဲ စဉ်းစားပေးနော်'

'အင်းပါ'

'ဒါဆို ကိုကြီးမျှော်နေမှာနော်'

'အဟင်း...'

သူသူ ဘာမှမပြောဘဲ ပြုံးနေတာနဲ့ အသည်းယားလာတယ်။ အနားအတင်းကပ်မယ် ကြံခါရှိသေး။

'ဦးစိန်၊ ဟာဗျာ... ရှာလိုက်ရတာ'

လှည့်ကြည့်တော့ ရဲလင်းကို မြင်ပြီး...။

'ဟင်... မင်းက ဘယ်ကနေ ဘယ်လို'

'အဲဒါတွေ အသာထား၊ သူသူ အတန်းသွားတက်ကြမယ်လေ'

'အင်း'

'ဟာ... မင်းကလည်း ဒီမှာ'

ဦးစိန်မင်း စောဒကတက်ဖို့ပြင်နေတုန်းမှာပဲ သူသူက...။

'ကိုကြီးရယ် ပြန်တော့နော်၊ ဒီနေ့ သမီးအတန်းတက်ရဦးမှာ လိမ္မာပါတယ်ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… အေး… အေး'

ဘူးထဲက ခေါင်းလျှော်ရည်ချွဲတယ်ဆိုတာ ဘာဟုတ်သေးလဲ။ သူသူက ပိုပြီးချွဲပြလိုက်တယ်ဆိုရင်ပဲ ဘဲနာကြီးလိုလည်လိမ်ရင်း ဦးစိန်မင်း ပြန်သွားတယ်လေ။

သူမြင်ကွင်းထဲက ပျောက်သွားတာနဲ့ ဟိုနှစ်ယောက်ပြုံးသွားကြတယ်။

အနားကပ်ထိုင်လို့ တီတီတာတာ ပြောကြတော့တာ။ အဲ့ဒါအတန်းတက်တာလေ။

♦♦♦



## အခန်း(၉)

ရဲလင်း ဦးလေးဖြစ်သူကို ပြုံးကြည့်နေတယ်။ ဦးလေးဖြစ်သူကလည်း ပြုံးနေတယ်။ အကြွေးယူဖို့မဟုတ်ပါ။ အကြံကိုယ်စီနဲ့ ပြုံးနေကြတာလေ။

'အဟဲ… တူကြီး'

'အဟီး… ဗျာ'

အံမယ်…ဟုတ်နေတာလေ။ အရင်ကဆို ဒီလိုမျက်နှာချင်းဆိုင် ထိုင်ပြုံးပြဖို့နေနေသာသာ၊ တစ်ယောက်နဲ့တစ်ယောက်ကြည့်ရတာမဟုတ်။

'ဒီလိုကွ၊ အဟဲ… ပြောရမှာ ခက်တော့ခက်တယ်'

'ပြောပါဗျာ…ကျွန်တော်လည်း ပြောစရာရှိသေးတယ်'

ဦးမင်းဇော်ရုက်နေရာက မိုက်ပွတ်ရင်း…။

'အဖေက ခုတလော ခဏခဏမေးတယ်ကွာ၊အဟဲ… မင်းမိန်းမ မယူသေးဘူးလားတဲ့'

'ကျွန်တော့်ကိုလား'

ရဲလင်းက ဝမ်းသာအားရမေးတယ်။

'ဟာ… ငါ့ကိုမေးတာကွာ…ငါ့ကို'



www.burmeseclassic.com

www.burmeseclassic.com



'သြော်…ဟုတ်လား'

မျက်နှာအိုလေးနဲ့ ပြန်ထိုင်ကျသွားတယ်။ မယူချင်ရှာပုံ ပြောပါတယ်။

'အဲ့ဒီတော့'

'အဟဲ… ငါကတွေ့တော့ တွေ့ထားတယ်၊ နည်းနည်းတော့ လိုသေးတယ်ပေါ့နော်၊ ဟိုကွာ… မင်းသူငယ်ချင်း ကောင်မလေးကို ပြောတာ၊ အဟဲဟဲ… သူကတော့ ပြောပါတယ်၊ ကျောင်းပြီးအောင် စောင့်ပါတဲ့၊ အဲ့ဒါ မြန်မြန်ရအောင် မင်းဝိုင်းပြောပေးပါဦးကွာ၊ လုပ်ပါ၊ ငါ့အဖေ မင်းအဘိုးက ကလေးတွေနဲ့ နေချင်တယ်တဲ့'

'သြော်… ဘာများလဲလို့၊ ကလေးများ ကျွန်တော် မိန်းမယူလိုက်လည်း ရမှာပဲဟာ'

'ဘာ'

'အဲလေ… စိတ်ချ၊ ဦးလေးရောက်အောင်ကျွန်တော် လှော်ပေးရမှာပေါ့၊ စိတ်ချ၊ ပို့ပေးဦးမှာ'

'အဟိ'

ပြုံးနေတဲ့ ဦးလေးဖြစ်သူကို စိတ်ထဲကနေ ရေဝေးကိုပို့နေတယ်။ ဦးလေးဖြစ်သူကတော့ အိုရချည်းသေးရဲ့တွေးလို့ ပျော်နေတယ်။

'အဟဲ… ငါ့တူကြီးကို ဒါကြောင့်ချစ်ရတာ၊ ကဲပြော၊ ဘာလိုချင်သေးလဲ'

'ဟာ… ဦးလေးကတကယ် အလိုက်သိတာပဲ၊ ကြည့်စမ်း၊ ကျွန်တော်တောင် မပြောရသေးဘူး'

'မင်းဦးလေးပဲကွာ၊ သိတာပေါ့၊ ပြော ဘာဝယ်ပေးရမလဲ'

'ဘာမှတော့ ထွေထွေထူးထူးမဟုတ်ပါဘူးဗျာ၊ တိုက်ခန်းက





အခန်းတွေ ဘာတွေဖွဲ့ပြီးပေမယ့် ဟင်းလင်းကြီးဗျ၊ အိပ်ခန်းအတွက် ပြည့်စုံပေမယ့် မီးဖိုချောင်သုံးပစ္စည်းလေး နည်းနည်းပါးပါးဝယ်ချင်လို့၊ အဲ့ဒါ…'

'သြော်… ဒါများ ဘယ်လောက်လိုလဲသာပြော၊ မင်းဦးလေး ဒါလောက်မကပ်မှန်း သိသားနဲ့၊ အဟဲ'

'သိပါတယ်ဗျာ၊ သိပါတယ်၊ အဟဲ'

ဒီလိုနဲ့ပဲ ပိုက်ဆံတစ်ထပ်ကိုယူပြီး အိမ်ထဲကထွက်လာခဲ့တယ်။

ရဲလင်း အတော့်ကို အူးမြူးနေတယ်။ ဒီအတိုင်းဆို ရည်ရွယ်ချက် ပြည့်ခါနီးပြီ။

နေဖို့ထိုင်ဖို့အတွက် အားလုံးပြီးပြီ။ စားဖို့သောက်ဖို့ သုံးဖို့ စွဲဖို့အတွက် ရှာနေတာလေ။

ဘေးဘီကိုဝေ့ကြည့်လို့ ဦးစိန်မင်းရဲ့ခြံထဲ ဝင်လိုက်တယ်။ ဒီလူကြီးဆီက ငွေညှစ်ပြီးရင် သူသူ့ဆီ သွားရမယ်လေ။

♦♦♦

သူသူမျက်နှာ သုန်မှုန်နေတယ်။ ကျန်နှစ်တွဲက အတင်းပြောရင်း ရယ်နေကြတယ်။ ဝင်းဝင်းမော်ကတော့ အတန်းတက် မှန်နေတယ်။

မှန်မှာပေါ့။ အတွဲမှ မရှိတာ။ ဒီတော့ အတန်းပဲ တက်တော့မပေါ့။

သူသူ ရဲလင်းကိုကြာလေ မသင်္ကာလေ ဖြစ်လာတယ်။ မေးတော့လည်း မရဘူး။ တစ်ခုခုတော့ တစ်ခုခုပဲလို့တွေးရင်း လမ်းမဘက် မျှော်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နာရီကိုကြည့် နှုတ်ခမ်းကို ကိုက်တယ်။ တစ်ခါ အံကိုကြိတ်လို့ စိတ်ဆိုးပြီး ပွစိပွစိနဲ့ ပြောနေပြန်တယ်။

'သင်းက လိုတစ်မျိုး မလိုတစ်မျိုးနဲ့၊ အချိုးကိုက မပြေဘူး၊ ယောကျ်ားတွေများ ကောင်းကို မကောင်းဘူး'

'ဟုတ်လား… အဟိ'

ခဏ္တာက ရယ်ရင်းပြောင်တော့ မကြားယောင်ဆောင်တယ်။ မျက်သွယ်တို့လည်း ရယ်တယ်။

ဒါတွေက ရိုးနေပြီ။ ဒီလိုပဲ ရဲလင်းအနားရှိနေရင် ဒီအသံတွေ မကြားရပါ။

ပလူးပလူးနဲ့ နေကြတာ။

ဟော… ရဲလင်းလည်း မရှိရော အသံတွေထွက်လာတော့ တာ။ ပစိပစပ်များပုံ ပြောပါတယ်။

'ဟွန်း… လာပေ့စေ၊ စိတ်ကိုကောက်ပစ်လိုက်ဦးမယ်၊ သူများတွေ လောင်စရာကိုဖြစ်လို့၊သေချာပြီ၊သင်းနိုင်းစားချင်လို့ ငါ့ကို ချစ်တာနေမှာ၊ ပေါ်ပျက်ပျက်တအားနိုင်တာပဲ၊ ဟွန်း… တွေ့မယ်'

'အဟမ်း… ကိုပိုင်ရေ'

'ဟော'

မင်းမင်းစိုးက ခေါ်တော့ ကိုပိုင်က ထူးတယ်။

'မင်း ကြားတယ်နော်'

'အေးလေ'

'မင်းကြည့်ထား၊ ရဲလင်းလာရင် ငါကောက်တာကို၊ဟော့ကောင် အသေအချာကြည့်နော်'

'အေးပါဟ'





လေးယောက်သား ဝိုင်းလှောင်ကြတယ်။ သူသူ ဘာမှမပြောဘဲ နှုတ်ခမ်းကိုကိုက်ပြီး ခြေဟန်လက်ဟန်နဲ့ …။

'ဟွန်း…လာပေ့စေ၊ ဒါလောက်ဖြစ်တာ သူ့ဦးလေးကို ပြောင်ကောက်ယူ၊ အဒေါ်နေရာကနေပြီး ခေါင်းချည်းလိုမ့်ခေါက်မယ်။ ဟွန်း… လည်းပင်းကို ဒီလိုပယ်ပယ်နယ်နယ်ညှစ်၊ လျှာတစ်တောင် လောက်ထွက်မှ ကြောက်ပြီလားမေး၊ နားရင်းကို ဟောသလို ပယ် ပယ်နယ်နယ် အုန်း… အုန်းဆို လေးငါးချက် ဆင့်ဆင့်ပြီးတီး …'

'ဟယ်… တော်ပါတော့ ကောင်မရယ်၊ ညည်းပြောနေတာနဲ့ တင် သေလောက်ပြီ'

ခဏ္တာကပြောတော့ မျက်သွယ်ကလည်း…။

'အေးလေ၊ တကယ်လည်းကျရော သူ့ပဲ မျက်လုံးလေးဝိုင်းပြီး ငြိမ်နေတာ'

'အေးလေ'

ဘေးလူတွေ ဝိုင်းလှောင်မှပဲ တိတ်သွားတယ်။ မတိတ်လို့ လည်း မရ။

ဒီလိုပဲ ကြိမ်းကြိမ်းပြီးနေလာတာ ကြာပြီ။

ကြာဆို ရဲလင်းနဲ့ ရည်းစားဖြစ်ပြီးကတည်းကပဲ။ အဲ… ရဲလင်းလာတဲ့အခါ ဒီအသံတွေ မထွက်တော့ဘဲ ပြုံးနေတတ်တာ။

ဘေးလူတွေကတော့ ဟုတ်နိုးနိုး လုပ်နိုးနိုးနဲ့ပေါ့။ ဘယ်က လာ အသံသာအောင်ပြီး အဖြစ်မရှိတဲ့ ဗျောက်အိုး။

အကြောင်းသိနေတော့ ရဲလင်းရောက်တဲ့အထိ စောင့်မနေ ကြတော့ပါ။

'ကဲ… ငါတို့တော့ သွားနှင့်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



'အေး၊ သူသူ ပျောက်အိုးမရေ၊ ဝင့်ရှိသရွေ့တော့ စောင့်လိုက်ဦး၊ အတန်းထဲရောက်မှ ပြန်ဆုံကြတာပေါ့၊ သွားပြီ'

လေးယောက်သား သူသူကို လှောင်လို့ ပျော်ပျော်ရွှင်ရွှင်ပဲ သွားကြလေရဲ့။ သူသူကြည့်ပြီး အံကြိတ်လိုက်တယ်။ သူများတွေများ ပျော်စရာကြီးပဲ။ ကိုယ့်မှာတော့ ရည်းစားခိုင်းသမျှ လုပ်နေရတာ။ ဟန်ဆောင်နိုင်းတာ ပြောပါတယ်။ ဒီတစ်ခါ ဟိုလူတွေနဲ့တွေ့မှ ရဲလင်း ဘာတွေကြံနေလဲသိရအောင် စုံစမ်းရမယ်လို့ တွေးတယ်။

တစ်ပျင်းကြီးစောင့်လိုက်မှပဲ ရဲလင်းလာတာကို လှမ်းတွေ့ရတယ်။ ချက်ချင်းပဲ မျက်လုံးလေးဝိုင်းပြီး ပြုံးသွားတယ်လေ။ စောစောက ဒေါသတွေ ဘယ်ပျောက်ကုန်တယ်မသိ။ အိတ်ထဲက မိတ်ကပ်ဘူးကို ထုတ်လို့ကြည့်ရင်း တို့ဖတ်နဲ့မျက်နှာကို တဖုန်းဖုန်းရိုက်တယ်။ မျက်နှာကို ဟိုဒီလှည့်ကြည့်ပြီး အဆင်ပြေလောက်ပြီထင်မှ ဘူးကို အိတ်ထဲ ပြန်ထည့်လိုက်တယ်။

ရဲလင်း အပြေးကလေး ရောက်လာပြီးမေးတယ်။

'ချစ်သူလေး၊ စောင့်ရတာ ကြာပြီလား'

'ဟင့်အင်း… အဟင်း… ရပါတယ်'

ချစ်တော့လည်း ရည်းစားပစ်သွားမှာကြောက်ပြီး ပြုံးနေတယ်။ ရဲလင်းကိုတွေ့ရင် စိတ်ဆိုးတာ ပျောက်သွားတတ်တယ်လေ။

'တော်ပါသေးရဲ့၊ အဟဲ… ကောက်နေပြီလားလို့'

'ကောက်စရာလားလို့၊ နင့်ကို ဘယ်အချိန်ဖြစ်ဖြစ် ခွင့်လွှတ်ပြီးသား'

'ဒါကြောင့် ချစ်ရတာသိလား၊ ဩော်… ဘာစားပြီးပြီလဲ'

'ဟင့်အင်း၊ သူလာမှ အတူစားရအောင် စောင့်နေတာ'





ချစ်စရာကောင်းအောင် နွဲ့လို့ပြောတော့ ရဲလင်းက ပြုံးကြည့်တယ်။

'ကြည့်စမ်း၊ ငါဘယ်လောက် ကံကောင်းလဲဆိုတာ၊ ဒီလောက်သဘောထားလည်းကြီး၊ ချစ်စရာလည်းကောင်း၊ ဒီလို ချစ်သူမိုးရထားတာ ငါမှကံမကောင်း၊ ဘယ်သူကောင်းမလဲ'

'လာ မြှောက်နေပြန်ပြီ၊ ဟွန်း'

ချစ်စဖွယ်မျက်စောင်းထိုးပေမယ့် စိတ်ထဲကျေနပ်ပြီးသားပဲ။ ရဲလင်းကို ဒီအပြောတွေကြောင့် ချစ်တာလည်း ပါတယ်လေ။

'တကယ်ပြောတာ၊ အခု မင်းမျက်နှာကို မြင်တာနဲ့တင် ဗိုက်တစ်ဝက်ဝသွားပြီ၊ အဟဲ… ကျန်တစ်ဝက်ကတော့… ညီလေးရေ… ခဏ'

ချစ်သူကိုလည်း မြှောက်၊ ဗိုက်ကလည်းဆာတော့ စားပွဲထိုးကို ခေါ်ပြီး စားစရာတွေ မှာတယ်။

သူသူက ရဲလင်းကို ငေးနေတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ချစ်သူဆီက ဒီလိုစကားတွေ ကြားရတော့လည်း မိန်းကလေးပီပီ ကြည်နူးနေတယ်လေ။

♦♦♦

ဦးစိန်မင်းတစ်ယောက်တည်း ထိုင်ရင်း ကြည်နူးနေတယ်။ ခုတလော သူသူနဲ့ အဆင်ပြေချင်သလို ဖြစ်နေလို့လေ။

ဒီလိုအဆင်ပြေအောင် ရင်းရတာလည်း မနည်းတော့ဘူး။ ရဲလင်းကို နေ့တိုင်း မုန့်ဖိုးပေးရတယ်။ သူသူနဲ့ တစ်ပတ်ကို နှစ်ခါလောက် တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတွေ့ခါနီးတစ်ခါ ရဲလင်းတို့ ဈေးကိုင်တယ်။ ဦးစိန်ရယ် တိုက်ခန်းကဝယ်ပြီးပေမယ့် ကျွန်းလျှာထိုးလေးတော့ ခင်းဦးမှ။ ပြီး… ရေခဲသေတ္တာလေး၊ ပန်ကာလေးလောက်တော့ ဘာညာဆို တောင်းလိုက်။ ဖွန်ကိစ္စဆိုတော့ မငြင်းဘူး။ သြော်… အေး… ရော့ဆို ပေးလိုက်ပြန်ပြီ။ ပြီးတော့ ရဲလင်းက ကိုယ့်လက်ပေါ်တင် ကြီးလာတာ ဆိုတော့ ဒီလောက်လေးပေးရလည်း ဘာဖြစ်မှာလဲပေါ့။

အတွေးနဲ့ ပြုံးနေတုန်း မအေဖြစ်သူ အိပ်ခန်းထဲနေရတာ ငြီးငွေ့လို့ထင်တယ်။ ဧည့်ခန်းထဲဝင်ထိုင်ကာ သားဖြစ်သူကို စောင်းကြည့်တယ်။

'ဟဲ့… စိန်မင်း၊ နင့်ကိုငါ ပြောထားတာ ဘယ်မတုံး'

'ဟာဗျာ… အမေရာ ကျုပ်လည်း ငဒိုပုံပါတဲ့ဂျာနယ်တွေ ရှာဝယ်တာ မရဘူးဗျ'

'ဒါဆို ဘယ်မလဲ၊ နင့်ကို မိန်းမယူဖို့ ရှာခိုင်းထားတာ'

'အဲ့ဒါက ပိုဆိုးသေး၊ ခုအပင်စိုက်လို့ ခုအသီးသီးတာမှ မဟုတ်ဘဲ'

'မလိုချင်ဘူး၊ နင်ရှာမရရင် ငါပေးစားတာ ယူရမယ်၊ ဒါပဲ'

'ဟာဗျာ… အဟိ'

သားဖြစ်သူ လက်ဝါးနှစ်ဘက်ကိုပွတ်လို့ ရှက်နေတယ်။ ရုပ်ကြမ်းကြီးကို တမင်နွဲ့နေတာနဲ့ မအေဖြစ်သူက မဲ့ရွဲ့ရင်း…

'အံမယ်… နင်ကပဲ ရှက်ရသေး၊ ငါ့သူငယ်ချင်းသမီး အပျိုကြီး၊ တစ်ခုလပ်တွေ ရှိပါတယ်ဟဲ့'

'အပျိုကြီးဆို အပျိုကြီးပေါ့၊ ဘယ်နှယ့် အပျိုကြီးတစ်ခုလပ်လဲ'





'ငါ့စကားပြောလောပြီး ရောသွားတာ၊ မဖြစ်သေးပါဘူး၊ ဒီအတိုင်းဆို ငါပဲရှာပေးရမယ့်ပုံ၊ ဟွန်း… နင့်အဖေနဲ့တော့ ကွာတယ်'

ဦးစိန်မင်း မခံသာအောင် ဖြစ်သွားတယ်။

'ဟင့်အင်း… ကျုပ်က မချစ်ဘဲ မယူဘူး၊ အဟဲ… ချစ်သူရှိတယ်ဗျ၊ အခစ်'

'ဟင်… ပြောစမ်း၊ ဘယ်က မုဆိုးမလဲ'

'အိနံ'

ရှက်တာပျောက်ပြီး မဲ့သွားတယ်။ အထင်ကြီးခံရလို့လေ။

'နင့်ကို ကြိုက်လည်း မုဆိုးမတို့၊ တစ်ခုလပ်တို့ပဲ ကြိုက်မှာ၊ ဒါလောက် ရုပ်ပေါကြီးဟာကို'

'အမေရယ်၊ အဲလောက်တောင် အထင်ကြီးတယ်ပေါ့'

'အဲ့ထက်မက အထင်သေးတာ'

'အန်… တွေ့မယ်၊ တွေ့မယ်၊ မကြာပါဘူး၊ အမေ့ချွေးမ နီတာရဲလေးကို ကျုပ်ခေါ်လာပြမယ်ဗျ၊ ခေါ်လာပြမယ်၊ ဟင်း'

ဒေါနဲ့မောနဲ့ ကြိမ်းဝါးလို့ အပိုင်ပြောတယ်။

ဒါတောင်မှ…

'ဟဲ့… ကလေးတွေကိုတော့ မလုပ်ပါနဲ့ဟယ်၊ အမှုကြီးတယ်နော်'

'ဂျာ'

'နင်ပဲ စောစောက ပြောတယ်မို့လား၊ နီတာရဲလေးဆို၊ ဘာလဲ… ရဲလေးသမီးလား၊ ဒါဆို ငယ်ဦးမှာပေါ့'

သားဖြစ်သူ မျက်နှာကြီး မဲ့သွားတော့တာ။ မအေဖြစ်သူကလည်း အတော်အထင်ကြီးတာလေ။



www.burmeseclassic.com

www.burmeseclassic.com



'ဟာဗျာ… နီနီရဲရဲနဲ့ချစ်စရာကောင်းလို့ တင်စားပြောတာဗျ၊ ဘာမှန်းလဲသိဘူး၊ တော်ပြီဗျာ၊ မပြောတော့ဘူး'

ကောက်ပြီး အိမ်ထဲကထွက်သွားတော့ မအေဖြစ်သူ ခေါင်းရမ်းရင်း ကျန်ခဲ့တယ်။ စိတ်ဆိုးပြီးထွက်လာတဲ့ ဦးစိန်မင်း ခြံထဲရောက်တော့ ရဲလင်းနဲ့ တန်းတိုးတယ်။

'ဟာ… ရဲလင်း၊ လာ အတော်ပဲ၊ အဟဲ'

'ပြောဗျာ၊ ဘာများလဲ'

'လာကွာ၊ ထိုင်'

နှစ်ယောက်သား ခြံထဲက ထိုင်ခုံတွေမှာ ဝင်ထိုင်ကြတယ်။ ဦးစိန်မင်းက ရှက်ပြုံးပြုံးတယ်။ မသိရင် မိဘဆီက မုန့်ဖိုးတောင်းမယ့် ကလေးမျက်နှာနဲ့။ ချိုပုံ ပြောပါတယ်။

'အဟဲ… ဒီလိုကွ၊ ငါ့အမေက မြေးချီချင်လို့တဲ့၊ ချက်ချင်းကြီးကွာ'

'ဩော်… ဒါများ ဦးစိန်ရာ၊ ကလေးနှစ်ယောက်လောက်ရှိတဲ့ တစ်ခုလပ်ကောက်ယူလိုက်၊ ကဲ… ပြီးရောမဟုတ်လား'

'ဟာ… ဟုတ်လိုက်လေ၊ အဟား… လျှော့လျှော့လျှူလျှူ သက်သက်သာသာနဲ့ ကလေးနှစ်ယောက်ရ…ရ'

အားရဝမ်းသာနဲ့ပြောရင်း ယောင်တောင်ပေါင်တောင်နဲ့ ရပ်သွားတယ်။ မျက်နှာကြီးကိုမဲ့လို့ ပြောတယ်။

'ဟာကွာ… မကောင်းဘူး၊ မကောင်းဘူး၊ ဘာလို့ ယူရမှာလဲ၊ ယူပါဘူး၊ ငါက လူပျိုလေ၊ အပျိုပဲ ယူမှာပေါ့'

'ဩော်… ဒါလည်းဖြစ်တာပဲ၊ ယူပေါ့'

'အဲဒါ မင်းအပေါ်မှာ မူတည်တယ်လေ'





မျက်နှာလေးကို အိုလို့ပြောတော့ ရဲလင်းမျက်ပြူးနဲ့ အတင်းငြင်းတယ်။

'ဂျာ… ဟာဗျာ၊ ဦးစိန်ရာ ကျွန်တော်က ယောက်ျားကြီးလေ၊ ဒုက္ခပဲ'

ဒီတော့မှ ပျာပျာသလဲနဲ့…

'ဟာ… မင်းက တလွဲတွေးပြန်ပြီ၊ ငါပြောတာက မင်းဝိုင်းပြောပေးမှ ဖြစ်မယ်လို့ ပြောတာ'

'တော်ပါသေးရဲ့၊ ပြော၊ ဘယ်သူ့ကို ပြောပေးရမှာလဲ'

'မင်းလည်း သိသားနဲ့၊ မင်းသူငယ်ချင်းမဆီက အဖြေတောင်းထားတာ ကျောင်းပြီးအောင်စောင့်တဲ့၊ အဲ့ဒါအမေကလည်း မစောင့်နိုင်၊ ငါကလည်း မအောင့်နိုင်၊ အဲလေ… မင်းဝိုင်းပြောပေးကွာ၊ ကျောင်းက နောက်မှပြန်တက်လည်း ရပါတယ်၊ ကူပြောပါဦးကွာ၊ အားကိုးပါရစေ'

'ဒါလား… ပြောလည်းပြောပေးမယ်၊ ပို့လည်းပို့ပေးဦးမှာ'

'တကယ်၊ ဝမ်းသာလိုက်တာကွာ'

ဦးစိန်မင်း မျက်နှာကြီးကို ဖြီးနေရောပဲ။

'အရောက်လည်း ပို့ပေးမယ်၊ ရေဝေးကို၊ အဲလေ… ရပါတယ်၊ စိတ်ချ၊ ရ,ရစေမယ်'

'တကယ်ရမှာလားဟင်'

'အင်းလေ… နောင်တတွေ၊ အဲ… အပျော်တွေ ရရစေမယ်၊ အဟဲ'

ရဲလင်းက အတင်းအာမခံတာနဲ့ ယုံသွားတယ်။

'မင်းကျောင်းသွားမလို့လား၊ ရော့… မုန့်ဖိုးယူသွား'



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ပိုက်ဆံအိတ်ကြီးထုတ်လိုက်တော့ ရဲလင်း မျက်နှာဝင်းသွားတယ်။

'ဦးစိန်ကို အကူအညီတောင်းစရာရှိလို့'

'ဘာများလဲ'

'ဒီလိုဗျ၊ ကျုပ်တိုက်ခန်းက ဟာလာဟင်းလင်းပဲ ရှိသေးတယ်၊ ဟိုလေ…'

'ဟိုး… တော်ပြီ၊ ဒါလောက်ဆိုသိပြီ၊ ရော့…ယူသွား'

'ဟာ… ကျေးဇူးတင်လိုက်တာ၊ ဦးစိန်လည်း အဆင်ပြေ၊ ကျွန်တော်လည်း မြန်မြန်အဆင်ပြေမှ ကောင်းမှာ၊ ဦးစိန်သိတဲ့အတိုင်း ကျွန်တော့်ဦးလေးက အကျင့်မကောင်းဘူးလေဗျာ၊ ပိုက်ဆံတွေကို အိတ်ထဲထိုးထည့်ရင်း မသိမသာ တိုက်ပေးတယ်'

'အေး… ဒါတော့ဟုတ်တယ်၊ဒီကောင့်အကျင့်က နဂိုပျက်ကွ'

'ဒီတစ်ခါ အိမ်ပေါ်က နှင်ချရင် ကျွန်တော်နေစရာရှိပြီဗျ၊ ကဲ သွားပြီ၊ ဦးစိန်အတွက် ကျွန်တော် ကြိုးစားပေးရဦးမယ်လေ'

'သြော်… အေး… အပေး… မြန်လေကောင်းလေပဲ'

'ဟာ… မြန်ရစေ့မယ်၊ သွားပြီဗျို့'

'အေးအေး'

ဦးစိန်မင်း ပြုံးရင်း ကျန်ခဲ့တယ်။

ရဲလင်း ကျေကျေနပ်နပ်ကြီးပြုံးရင်း ထွက်နေတယ်။ အခုဆို အားလုံး အဆင်သင့်ဖြစ်နေပြီ။ ဘယ်သူ့အကူအညီမှမပါဘဲ မိန်းမယူလို့ရပြီလေ။ ဒါပေမဲ့ ဒီလိုလုပ်တာကို သူသူမသိပါ။ သိလို့လည်း မဖြစ်၊ သိရင် မုန်းသွားနိုင်တယ်လေ။ နိုင်းချင်လို့ ရည်စားလုပ်တယ်ဆိုတာ လာဦးမယ်။





ချစ်သူတစ်ယောက်လုံးကို ချိတ်မှာတပ် ပြီးမျှားစားတဲ့ တံငါသည်ကြီးလို့ထင်ပြီး မုန်းသွားရင် မခက်လား။ ဒီကိစ္စက အနေးနဲ့အမြန်ပေါ်သွားနိုင်တယ်လေ။ ဒီတော့ အစစအရာရာ သတိထားနေရတယ်။ အခုတောင် သူသူက တစ်ခါတစ်ခါ စကားအစ်သေးတာ။

ရသွားရင်တော့ ရှောမရှိတော့ပါ။ သူသူ ဟိုနှစ်ယောက်ဆီက စကားမအစ်ပါစေနဲ့ပဲ ဆုတောင်းနေရတော့တာ…။

♦♦♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

ဒီနေ့တော့ သူသူစားသောက်ဆိုင်ထဲမှာပဲ ဦးမင်းဇော်နဲ့ စကားပြောတယ်။ ရဲလင်းမပါတော့ ဘယ်မှမသွားရဲဘူး။ အဲလိုပါးပြီးသား။ ဒါပေမဲ့ တစ်ခုကောင်းတာကတော့ ရဲလင်းမရှိတုန်း နည်းနည်းပါးပါး စကားနိုက်လို့ရတာလေ။

ဦးမင်းဇော်က ကလေးဆိုးကြီးလို ပြောတယ်။

'ကျောင်းပြီးမှဆိုတော့ မကြာလွန်းဘူးလား မီးရယ်'

'ဒါကတော့ စိတ်ရှည်လေ၊ မစောင့်ချင်လည်း ရတာပဲ၊ တခြားရှာပေါ့'

'ဟာ… အဲလိုလည်း မဖြစ်သေးဘူး၊ ကိုကြီးက မီးမှမီးပဲ၊ အဟဲ'

သူသူ ပြုံးလိုက်တယ်။ အတွေးထဲမှာ ဦးမင်းဇော်ကို မီးတုတ်နဲ့ အတင်းလိုက်တို့တယ်။ ရော့…မီးမှမီးဆိုတဲ့လူကြီးလို့ပြောရင်း လိုက်တို့။ ကြောက်ပါပြီဗျဆို ဗိုက်ကြီးမ,ပြီး ပြေးပေါ့။ တွေးနေတာ ပြောပါတယ်။ နောက်မှ ဦးမင်းဇော်ဆီက စကားအစ်,တယ်။

'ဩော်… ရဲလင်းဆီမှာ ဖုန်းတစ်လုံးတွေ့တယ်၊ အဲ့ဒါ ကိုကြီး ဝယ်ပေးထားတာလား'





'အေးလေ'

'ဟယ်… ကိုကြီးရယ်၊ သူ့ကိုများ ဘာအတွက်ဝယ်ပေးရတာလဲ၊ အလကားနေမြှောစရာ၊ လက်လွှယ်လိုက်တာ'

မလိုတဲ့ပုံစံနဲ့ ညှုတုတုပြောတယ်ဆိုရင်ပဲ ဦးမင်းဇော် မျက်နှာကြီး မဲ့သွားတယ်။

ဒါကို ပြောချင်နေတာ ကြာပေါ့။

'ကိုကြီးက လက်လွှယ်တာမဟုတ်ဘူး၊ အဲ့ဒါ မီးကြောင့်လေ'

'ရှင်… သမီးကြောင့်'

ကြောင်အ,အလေး မေးတော့ ပြုံးလို့ ရှင်းပြတယ်။

'ဟုတ်တယ်၊ မီးနဲ့ မိတ်ဆက်ပေးတဲ့နေ့က ဝယ်ပေးရတာ၊ မီးနဲ့ ပေးတွေ့ပေးမယ်၊ ဒါပေမဲ့ ဖုန်းဝယ်ပေးမှတဲ့လေ''

'ဟင်'

'ကိုကြီးက မီးကိုချစ်တော့ ဝယ်ပေးရတာပေါ့၊ ဒါတင်လားဆိုတော့ မဟုတ်ဘူး၊ မီးနဲ့တစ်ခါတွေ့ရင် တစ်ခါ၊ တိုက်ခန်းဆိုဝယ်ပေး၊ အဝတ်အစားဆိုလည်း ဝယ်ပေါ့၊ သူ့တိုက်ခန်းမှာ အခန်းဖွဲ့တာ၊ ပြင်တာ၊ ဆင်တာ အကုန်အကုန်ဝယ်ပေး၊ လုပ်ပေးရတာ'

'တောက်… သင်းက ဒီလိုလား၊ နေပါဦး၊ သူက တိုက်ခန်းဝယ်ပြီး ဘာလုပ်ဖို့လဲ'

ဦးမင်းဇော်က ခဏစဉ်းစားတယ်။ ရေရေရာရာမသိပေမယ့် ရှိုးဖောတယ်။

'မိန်းမယူဖို့တဲ့'

'ဘာ'

'ဟုတ်တယ်၊ မိန်းမယူဖို့ စုနေတာတဲ့'



www.burmeseclassic.com

www.burmeseclassic.com



'တောက်‥‥ သေနာ'

သူသူဝင်း အတော်လေးကို တင်းသွားတယ်။ စိတ်ထဲမှာ ကိုယ့်ကိုညာခိုင်းပြီး သူက ဘယ်ကောင်မနဲ့ နေဖို့များ ရှာနေလဲပေါ့။ တွေးရင်း သဝန်တိုလာတယ်။

ဒီတုန်းမှာပဲ ဆိုင်ထဲကို ဦးစိန်မင်း ဝင်လာတယ်။ ဦးမင်းဇော် တို့ကိုတွေ့ပြီး အံ့ဩသွားတယ်။ တကယ်တော့ ရဲလင်းက တစ်ယောက် ချင်း တွေ့ခိုင်းတာလေ။

ဒီတော့ ကိုယ်ဟာနဲ့ကိုယ် ဟုတ်နေကြတာ။ နှစ်ယောက်ပြိုင် တွဲနေတယ်ဆိုတာ မသိ။

အခုတွေ့လိုက်တော့ တင်းသွားတယ်။ သူသူ့ကိုလည်း မျက်နှာများတယ်ထင်ပြီး အနားရောက်အောင်သွားတယ်။

'ဩော်‥‥ မင်းတို့က ဒီလိုလား၊ ဟင်းဟင်း'

'ဟင်‥‥ စိန်မင်း'

ဦးမင်းဇော်ကလည်း တွေ့ပြီး ကြောင်သွားတယ်။ သူသူက တော့ ရုပ်တည်နဲ့ မသိယောင်ဆောင်နေတယ်။ ဦးမင်းဇော်က ဦးစိန် မင်းကို စွေကြည့်လို့ မေးတယ်။

'မင်း ဘာလာလုပ်တာလဲကွ၊ ဟေ‥‥ မင်းအကြောင်း ဘာ ပါလဲ၊ ဝေးဝေးနေစမ်း'

'ဟေ့ကောင် မင်းနဲ့ မပြောဘူး၊ ငါ သူနဲ့ပြောမယ်၊ မင်း ခဏတိတ်စမ်း'

'အံမာ'

ဦးစိန်မင်းက ရုပ်တည်နဲ့ဟောက်တော့ မခံချင်ဖြစ်သွားတယ်။ ဦးစိန်မင်းက အရေးမစိုက်ဘဲ သူသူ့ရှေ့သွားရပ်ကာ‥‥





'ဟင်း‥‥ ဟင်း‥‥ ပြောတော့ ဒါတွေ မစဉ်းစားဘူးဆို၊ အခုတော့ မင်းက မျက်နှာများတယ်ပေါ့'

သူသူက ဘာမှမပြောဘူး။ မပြောဆို သူ့စိတ်ထဲ ရဲလင်းကို စိတ်ရှိလက်ရှိ ဝါးရင်းတုတ်နဲ့ လိုမ့်ရိုက်နေလို့လေ။

'ဩော်‥‥ ငါ့မှာတော့ မင်းအတွက် ရင်းလိုက်ရတာ၊ ဟို ကောင် ရဲလင်းက တိုက်ခန်းဆိုတစ်မျိုး။ ဘီဒို၊ ပန်ကာ၊ ရေခဲသေတ္တာ ကစလို့ ခုတင်နဲ့ မွေ့ယာကအဆုံး အကုန်ငါဝယ်ပေးရတာ။ မုန့်ဖိုး ဆို တစ်ခါပေး သုံးလေးသောင်း၊ ဟင်း‥‥ အဝတ်အစားဆိုလည်း နှစ်သောင်းကျော်မှ ဝတ်တာတဲ့၊ အခုတော့ ဒါတွေ အလကားဖြစ်ပြီ ပေါ့။ ဖြစ်ပြီပေါ့‥‥'

'ရှင်၊ ဒါ တကယ်လား'

'ဟာ‥‥ တကယ်ပေါ့ကွ၊ ငါ့မှာ မင်းဆီက အချစ်ကိုရဖို့ ကုန်လိုက်ရတာ အခုတော့'

'ကြည့်စမ်း'

သူသူ မျက်လုံးပါပြူးလို့ အသားပါတုန်လာတယ်။ ရဲလင်းရဲ့ စပ်ဖြဲဖြဲမျက်နှာကို မြင်ရင်း။

'ကြည့်စမ်း၊ ငါတော့ အလိမ်ခံရပြီ၊ ကောင်စုတ် ငါ့ကို ညာခိုင်းပြီး သူက ဘယ်ကောင်မနဲ့ ပျော်ဖို့အတွက်လဲ မသိဘူး၊ ငါ့ကို ညာရောင်းစားတယ်'

အတွေးနဲ့ စိတ်တွေဆိုးနေတော့တာ။ ဦးမင်းဇော်လည်း ဦးစိန် မင်း စကားကိုကြားပြီး ကြောင်သွားတယ်။ ပြီးမှ လှောင်တယ်။

'ဟား‥‥ ဟား‥‥ ကောင်းတယ်၊ အဲ့ဒါ ဘူးထချင်ဦးလေ ဟားဟား‥‥'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကွ…တောက်'

ဦးစိန်မင်းက မခံချိမခံသာဖြစ်သွားတော့ ဦးမင်းဇော်က မျက်နှာကြီး ရှုံ့မဲ့ရင်း…

'မင်းတစ်ယောက်တည်း မဟုတ်ဘူး၊ ငါရောပဲကွ၊ အညာခံရတာ၊ ငါရောပဲ စိန်မင်း၊ ဒီတစ်ခါလည်း ငါတို့အညာမိပြန်ပြီ၊ မိပြန်ပြီ'

'အေးကွာ'

'တောက်… တွေ့မယ်၊ သင်းနဲ့ တွေ့မယ်'

လူကြီးနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက်ကြည့်ရင်း သနားနေကြတယ်။

သူသူက ခါးထောက်ရင်း ထရပ်တယ်။

'ဒီမှာ ဒီမှာ'

ခေါ်တော့ လှည့်ကြည့်ကြတယ်။ အသံတော့ မထွက်ဘူး။

'ရှင်တို့ကို တစ်ခါတည်း အပြတ်ပြောခဲ့မယ်၊ ရှင်တို့နှစ်ယောက်လုံးကို မုန်းတယ်၊ ရှင်းပြီလား'

လူကြီးနှစ်ယောက် ဘာသံမှ မထွက်လာပါ။ သူသူက အံကြိတ်ရင်း လက်သီးဆုပ်တယ်။

'ပြီးတော့ ရှင်တို့ရဲ့တူ ရဲလင်းကိုလည်း မုန်းတယ်၊ အို… အားလုံးကို မုန်းတယ်'

သူသူ ငိုပြီး ဆိုင်ထဲက ပြေးထွက်သွားတယ်လေ။ လူကြီးနှစ်ယောက် ကြောင်ကြည့်နေကြတယ်။

'ငါတို့ကိုတော့ ဟုတ်ပါရဲ့၊ ဟိုကောင် ရဲလင်းကို ဘာလို့ မုန်းတာလဲ'

'အေးလေ'





ဦးမင်းဇော်က ဦးစိန်မင်းကိုကြည့်လို့ ငြိမ်းချမ်းရေးစကား ဆိုတယ်။

'စိန်မင်း၊ ငါတို့တွေ ဒါနဲ့ဆို အညာခံရတာ နှစ်ခါရှိပြီ'

'ဟုတ်တယ်ကွ၊ ခုတုံးလုပ်ခံရတာ နှစ်ခါရှိပြီ၊ တို့တွေ ထပ် အညာမခံရအောင် ညီညွတ်ဖို့လိုတယ်'

'မင်းပြောတာ မှန်တယ်၊ ငါတို့ပြန်တည့်ကြစို့'

'ဟုတ်တယ်'

ဒါနဲ့ နှစ်ယောက်သား လက်ဝါးချင်းရိုက်လိုက်ကြတယ်။ ပြီးမှ တစ်ယောက်နဲ့တစ်ယောက်ဖက်ရင်း ရယ်လိုက်ကြတယ်။

'ဟိုကောင် ရဲလင်းကို ဘယ်လိုလုပ်မလဲ'

ဦးစိန်မင်းက မေးတော့…

'ဒီကောင့်ကို ပြန်လာမှ မှတ်လောက်သားလောက်အောင် ဝိုင်းဆုံးမကြတာပေါ့'

'ကောင်းတယ်၊ ဟားဟား'

နှစ်ယောက်သား လက်သီးလက်မောင်းတန်းလို့ ကြုံးဝါးကြတယ်။

ရဲလင်းပြန်လာရင် ဘယ်လိုလုပ်မယ် ဘာညာနဲ့ တိုင်ပင်နေကြတယ်။

ရဲလင်း ကောင်းမှုနဲ့ ရန်ဘက်တွေ ပြန်တည့်သွားကြတယ်လေ။ ဒါပေမဲ့…ရဲလင်းကတော့…။

♦♦♦



www.burmeseclassic.com

www.burmeseclassic.com



ရဲလင်းက သူသူ့ကို လိုက်ရှာရှင်း အတွေးနဲ့ ပြုံးနေတယ်။ ခုတော့ ရည်ရွယ်ထားတာတွေ အကောင်အထည်ဖော်လို့ရပြီ။ အခုဆို တိုက်ခန်းက ရေမီးအစုံနဲ့ နေမယ်ဆို နေလို့ရပြီလေ။

'သူသူရေ၊ မင်းနဲ့ အတူနေလို့ရပြီ၊ မင်းကို တစ်သက်လုံး ချစ်ခွင့်ရပြီ၊ အဟဲ'

တစ်ယောက်တည်း စိတ်ကူးနဲ့ရူးပြီးသကာလ မျက်နှာကို ဖြဲနေရော။ တွေ့နေကျ ကန်ဘောင်ဘက်ရောက်လာတော့ ဝင်းဝင်းမော်ကို တွေ့ရတယ်။ အူမြူးသွားတယ်။ ဒီကောင်မလေးက စ,လို့ အရမ်းကောင်းတာလေ။

'ဟိတ်'

'ဟာင်… ရဲလင်း'

ရဲလင်းကို တွေ့တယ်ဆိုရင်ပဲ ဝင်းဝင်းမော်မျက်နှာပျက်သွားတယ်။ အထင်သေးတဲ့အမူအရာနဲ့ ခတ်ဆတ်ဆတ်ထူးတယ်။

'ဘာလဲ'

'ဟာ… လေသံက မာလှချည်လား'

'မာမာပဲ၊ ပြော ဘာလဲ၊ ငါက နင်နဲ့ စကားသိပ်ပြောချင်တာ မဟုတ်ဘူး၊ သိက္ခာကျတယ်'

'အယ်လယ်'

ရဲလင်း အံ့သြပြီး မဲ့သွားတယ်။ ဒီကောင်မလေးက ဒီလို ပြောခဲတယ်လေ။ ထားတော့၊ သင်းနဲ့စကားဖက်ပြောနေလည်း လက်နဲ့ အာညောင်းတာပဲ အဖတ်တင်မယ်တွေးလို့…

'သူသူ… မတွေ့မိဘူးလား'

'ဟိုးဘက်မှာ'





လက်ညှိုးညွှန်ပြရင်း မျက်စောင်းထိုးတယ်။ မတူသလို မတန်သလိုနဲ့ခြေကို တမင်ဆောင့်နင်းသွားတယ်။

'အဟုတ်ဟာ၊ နေဦး၊ နောက်နေ့မှ နင့်ကို ရည်းစားစကားလိုက်ပြောမယ်၊ အံ့မယ်… ဒါလောက်ဖြစ်တာ လိုက်ကိုပြောပစ်မယ်'

နောက်ကနေ လှမ်းကြိမ်းဖြစ်အောင် ကြိမ်းပေမယ့် ဟိုဟာလေးက ဂရုတောင် မစိုက်ဘူး။

'ငါ ဒီနေ့ ဘာများဖြစ်နေတာပါလိမ့်'

ရဲလင်း ကိုယ့်ဘာသာ ပြန်ငုံ့ကြည့်တယ်။ ရှေ့ရော၊ နောက်ရော လှည့်ပတ်ကြည့်တယ်။ ဘာများမှားလဲပေါ့။ လုံချည်ကိုဖြေပြီး ငုံ့ကြည့်တယ်။ အဲ… ရှေ့ပိုင်းမှာ အကွဲအပြဲမတွေ့တော့မှ လှည့်ရင်း နောက်ပိုင်းကို ကြည့်တယ်။

'ဟုတ်ပါတယ်၊ ပုံဆိုးလည်း မကွဲပါဘူး၊ ဟွန်း… ဘာမှန်းလဲ မသိဘူး'

ခေါင်းတစ်ခါခါ လည်တစ်ခါခါနဲ့ ဆက်သွားတယ်။ ရှေ့နားမှာ ကိုပိုင်တို့အတွဲကို တွေ့တယ်။ ကိုပိုင့်မျက်နှာ မကောင်းသလို၊ ခတ္တာမျက်နှာလည်း အတော်မာနေတယ်။

'ဟာ… ဟေ့ကောင်တွေ၊ အံ့မယ်… တယ်အဆင်ပြေနေကြပါလား၊ သူသူကို တွေ့မိလား'

'ဟိုဘက်မှာ'

ခတ္တာက မကြည်တဲ့လေသံနဲ့ ပြောတယ်။ ကိုပိုင်က ဘာမှ မပြောဘူး။ ရုပ်တွေကိုကြည့်ရတာ မဟန်လို့ မေးတယ်။

'မင်းတို့ ဘာတွေဖြစ်နေကြတာလဲကွ'

'အဲလေ…ဟို'



www.burmeseclassic.com

www.burmeseclassic.com



ကိုပိုင်က အ,ထစ်ထစ်နဲ့ ပြောမယ်ကြံကာရှိသေး။ ခဏ္ဍာက အတင်းဆွဲခေါ်သွားတယ်။

ပြီးမှ…

'ငါတို့ ဘာဖြစ်တယ်ဆိုတာထက် နင်ဘာတွေလုပ်ခဲ့သလဲ ဆိုတာ ပြန်တွေးကြည့်၊ ဒါပဲ၊ လာသွားမယ်'

'အယ်ဗျာ'

ရဲလင်း ခေါင်းကုတ်လို့ ကျန်ခဲ့တယ်။

'ဟာ… ဒီနေ့ ဘာတွေ ဖြစ်ကုန်ကြပါလိမ့်၊ ငါ့ကိုတွေ့တာနဲ့ ဟောက်မယ်ဆိုတာပဲ၊ ဒုက္ခပဲ'

ညည်းညည်းညူညူနဲ့ လျှောက်လာတာ ရှေ့နားရောက်တော့ မင်းမင်းစိုးတို့အတွဲကို လှမ်းတွေ့ရတယ်။ ထုံးစံအတိုင်းပဲ ရုပ်တွေက မာနေကြတယ်လေ။ အဲ… ဒီတစ်ခါတော့ ပါးသွားပြီ။ စကားသွား စ,ရင် ဟောက်နေဦးမှာဆိုတော့ မမြင်ဟန်ဆောင်လိုက်တယ်။

'ကိုယ့်ဘာသာ ရှာတာပဲအေးတယ်၊ တော်ကြာ ဟောက်နေဦးမယ်'

ဟိုဟာတွေက သူတို့ကိုမမေးဘဲ ကျော်လျှောက်တော့ ကြောင်သွားကြတယ်။ ဒါနဲ့ မင်းမင်းစိုးက ကုပ်ဖေးဖေးလျှောက်နေတဲ့ ရဲလင်းကို လှမ်းခေါ်တယ်။

'ဟေ့ကောင်'

'ဘာလဲကွ'

'ဘာမှမလဲဘူး၊ မင်း ကျုပ်ကျုပ်သတိထား၊ ဒါပဲ၊ လာသွားကြမယ်'

'အံမယ်ဗျာ'





ရဲလင်းကိုဟောက်၊ မျက်သွယ်လက်ကိုဆွဲလို့ ပေစောင်းစောင်းနဲ့ သွားကြတော့တာ။

'ဩော်… ကိုယ့်ဘာသာသွားတာတောင်အသားလွတ်ဟောက်သွားသေးတာ၊ ဒီနေ့ ကံမကောင်းပါလား'

ဒါနဲ့ပဲ အူမြူးတာပျောက်လို့ စိတ်ထဲထင့်သွားတယ်။ ရှေ့နားရောက်တော့ ခုံတန်းမှာထိုင်နေတဲ့ သူသူ့ကို တွေ့တယ်။

အပြုံးနဲ့ အနားတိုးသွားပြီး ကပ်ပြောတယ်။

'အချစ်'

'…'

'အဟဲ… နောက်ကျလို့ စိတ်ကောက်နေတာလား၊ စိတ်ချပါကွာ၊ နောက် မဖြစ်စေရဘူး၊ သိလား'

ဘာမှမပြောဘဲ ငြိမ်နေတယ်။ မျက်နှာလှည့်လာမှ ငိုနေတာတွေ့တော့ အံ့သြသွားတယ်။ ရဲလင်းကို မုန်းမုန်းတီးတီး စိုက်ကြည့်လို့…

'မုန်းတယ်၊ နင့်ကို ငါမုန်းတယ် ကလိမ်ကကျစ်ကောင်ရဲ'

'ဟင်'

ရဲလင်း မျက်လုံးပြူးသွားတယ်။ သူသူက အံကြိတ်ရင်း မျက်ရည်တွေကျနေတယ်။

'ငါကတော့ တကယ်ချစ်တယ်ထင်တာ၊ သူက ငါ့ကို ခုတုံးလုပ်ပြီး အဟင့်… မိန်းမယူဖို့ပြင်နေတာ၊ နာတယ်၊ နင့်ကိုငါ စိတ်နာတယ်၊ ကြည့်စမ်း ရုပ်လေးနဲ့မလိုက်အောင် အကျင့်မကောင်းတာ၊ စောစောစီးစီးသိလိုက်ရလို့ ငါ ကံကောင်းတယ်'

'ဩော်… နင် သိသွားပြီကိုး'



www.burmeseclassic.com

www.burmeseclassic.com



ရဲလင်း လေသံပျော့သွားတယ်။ ဒါကြောင့် ဟိုဟာတွေ ဟောက်လုချည်လား မှတ်တယ်။ အကြောင်းစုံသိသွားကြပြီပဲလို့ တွေးတယ်။ သူသူ့အသံ ဆောင့်အောင့်ထွက်လာတယ်။

'နင် ဘာညာဦးမလဲဟင်'

'ငါ ဘာမှမညာတော့ပါဘူး၊ နောက်ညာစရာလည်း လိုမှမလိုတော့တာ၊ ဟုတ်တယ်၊ ငါမိန်းမယူတော့မယ်'

ညောင်နာနာနဲ့ ဝန်ခံတော့မှ ပိုဆိုးတော့တာ။

'ဘာ'

သူသူ အံကြိတ်ရင်း လက်သီးကိုဆုပ်တယ်။ ဖိုက်တာပုံစံနဲ့ အကျီရင်ဘတ်ကိုဆောင့်ဆွဲပြီး တကယ်ထိုးမယ်လုပ်တယ်။

ဒါပေမဲ့ ခြေဖျားထောက်ပြီး ရင်ဘတ်ဆွဲတာတောင် ရဲလင်း အရပ်ကို မမီဘူး။ ရဲလင်းက မကြောက်တဲ့အပြင် ခါးကိုပါ ဖက်ထားတယ်။

'ဟယ်... လွှတ်'

ပြုံးပြီး အပေါ်ကနေ မိုးကြည့်နေတာနဲ့ ဒေါသတွေ ပျောက်ကုန်ပြီး ရှက်သွားတော့တာ။ ရဲလင်းမျက်နှာကို လက်သီးနဲ့ထိုးဖို့ ရွယ်တယ်။ မကြောက်တဲ့အပြင် ပြုံးနေပြီး ပြောတယ်။

'ငါ ဘယ်သူ့ကို ယူမယ်ဆိုတာ နင်မမေးတော့ဘူးလား'

'မမေးဘူး၊ လွှတ် လူလိမ်၊ လူညာ၊ လူညစ်ပတ် လွှတ်နော်'

ပြောကာမှ ပိုဆိုးပြီး ရှန်းတယ်။ မျက်နှာကိုထိုးဖို့ကလည်း မမီဘူးလေ။

'မလွှတ်ဘူးဟာ၊ ငါယူမှာ နင့်ကိုလေ၊ ငါ့ဘဝမှာ နင်ပဲ ရှိတာပါဟာ'





'ဟင်'

ခဏတွေသွားတယ်။ ပြီးမှ...

'ဟင့်အင်း၊ မယုံဘူး၊ လွှတ်... မုန်းတယ်'

ရှန်းပေမယ့် မရဘူး။ ရဲလင်းက မျက်နှာချင်းအတင်းကပ်တော့ နှုတ်ခမ်းချင်းထိ သွားကြတယ်။ အသံတွေ တိတ်သွားတော့တာ။ ခဏကြာမှ ရဲလင်းက မျက်နှာချင်းပြန်ခွာပြီး မေးတယ်။

'ပြော၊ နင်ငါ့ကို မုန်းသေးလား'

'မုန်းတယ်'

မျက်လုံးပြူးလေးနဲ့ပြောတော့ ရဲလင်းက ပြုံးတယ်။

'ကောင်းပြီ၊ မုန်းရင်'

မျက်နှာချင်းပြန်ကပ်ပြီး နှုတ်ခမ်းချင်း ပြန်ထိသွားပြန်တယ်။ အတော်ကြာမှာ မျက်နှာချင်း ပြန်ခွာသွာတယ်။

'မုန်းသေးလား'

သူသူ မျက်ပြူးလေးနဲ့ မော့ကြည့်တယ်။ ရဲလင်းမျက်နှာကြီး အတင်းပြန်ကပ်လာတာနဲ့ ရင်ခွင်ထဲ မျက်နှာအတင်း ဝှက်လိုက်တော့တာ။

'တကယ်တော့ နင့်ကို ခဏရင်းလိုက်တာပါဟာ'

'ဟွန်း'

သူသူက မျက်စောင်းထိုးတယ်။ ဒါပေမဲ့ မျက်နှာနားတော့ သွားမကပ်ရဲတော့ပါ။

'ဒါတွေထား၊ နင် ငါ့နောက်ကို လိုက်မှာလား'

'ဟယ်... လိုက်ဘူး၊နင်အဲ့လိုမလုပ်သင့်ဘူး၊ ငါသိရင် ဘယ်လက်ခံပါ့မလဲ၊ ဟိုလူကြီးတွေ သနားပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

'သိပါတယ်၊ နင်မကြိုက်မှန်းသိလို့ မပြောခဲ့တာ'

'ဟွန်း··· လူလိမ်'

'ငါနင့်ကို ချစ်တယ်ဆိုတာတော့ မလိမ်ပါဘူးကွာ၊ တို့အတူ နေကြမယ်လေ'

'ဟင့်အင်း··· ကျောင်းပြီးမှ'

'ဟာကွာ'

ရှက်ရှက်နဲ့ ငြင်းတော့ ရဲလင်း စိတ်ပျက်သွားတယ်။ ဒါနဲ့ တစ်မျိုးလှည့်ကြံတယ်။ မလိမ့်တစ်ပတ်နဲ့ပေါ့။

'ဒါဆိုလည်း နင်ပေးက်မခံရင် ငါမခေါ်တော့ပါဘူး၊ ဒါပေမဲ့ ငါတိုက်ခန်းလေးကို ပြင်ထားတာနေချင်စရာလေး၊ နင်ပြန်ချင်မှာ တောင် မဟုတ်ဘူး၊ လိုက်ကြည့်ပါလား'

'ဟုတ်လို့လား'

သူသူက မယုံကြည်သလို မေးတယ်။ လိုက်လည်းကြည့်ချင် တယ်။

ဒါပေမဲ့ ပြန်မပို့မှာလည်း ကြောက်တယ်လေ။

'ဟာ··· နင်နဲ့ ငါနှစ်ယောက်လုံးရင်းပြီး လုပ်ထားရတာ၊ ခဏတော့လိုက်ကြည့်ပါဟာ၊ ခဏလေးပဲ၊ တကယ်'

'နင် တကယ်ပြန်ပို့မှာနော်၊ ခဏပဲကြည့်မှာ'

မယုံမရဲနဲ့ ပြောတော့ ရဲလင်းကရုပ်တည်နဲ့ အာမခံတယ်။

'စိတ်ချပြန်ကိုပို့မှာ၊ ယုံစမ်းပါ'

'ဒါဆိုလည်း ပြီးရော'

ရဲလင်းရုပ်တည်ကို ကြည့်ပြီးယုံသွားတယ်။ ဒါပေမဲ့ ရဲလင်း တည်လေ ပိုကလည်လေပဲဆိုတာ မသိဘူးလေ။ ရဲလင်းက သူသူလက်





ကလေးကို ကိုင်လိုက်တယ်။ စိတ်ထဲမှာတော့ ပြန်ပို့ဖို့အစီအစဉ် လုံးဝ လုံးဝ မရှိပါ။

သူသူကတော့ စိတ်ချလက်ချ လက်ကလေးဆွဲရင်း ပါသွားရှာ တယ်။ အဲ··· ရဲလင်း ဘယ်တော့ပြန်ပို့မှာလဲဆိုတာတော့ မေးဖို့ မေ့နေတယ်လေ။ ရဲလင်းအတွက်တော့ အမေ့ကောင်းပေါ့။

♦♦♦



www.burmeseclassic.com

www.burmeseclassic.com

'ကောင်မ၊ ငါတို့ကိုရုပ်တည်နဲ့ ဖြီးသွားတယ်၊ ငါကတော့ အဟုတ်မှတ်လို့'

'ညည်းလည်း အကြောင်းသိရဲ့သားနဲ့ ခတ္တာရယ်၊ ဒီကောင်မက မျောက်အိုးမဟုတ်၊ အသံပဲအောင်တာ လူက ပျော့ ကြည့်ပါလား၊ လိုက်သွားတာများ ကောက်ကောက်ကိုပါလို့'

◆◆◆

'ကိုပိုင်၊ မင်းအကောင် ရဲလင်း အကွက်ကျဲကြီးဆွဲသွားတယ်၊ မထင်ရဘူးနော်'

'အေး... အဲ့ဒါကြောင့် ဒီကောင့်ကို သူသူချစ်တာ၊ ငါတို့လည်း မာတာဂ်လို အပျော့မဆွဲဘဲ ရဲလင်းလိုအကွက်ကျဲနဲ့ အမြန်သုတ်မှဖြစ်မယ်'

'ဟုတ်တယ်၊ သူစွံပြီးတို့မစွံရင် ကြိတ်ရယ်နေမှာကွ'

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

'ဟဲ့… စိန်မင်း၊ နင်ပြောတော့ ငါ့ချေးမ နီတာရဲလေးကို အိမ်ခေါ်ခဲ့မယ်ဆို၊ ဘယ်မတုံး'

'ဟာဗျာ… အဟင့်… ငိုချင်ပါတယ်ဆိုမှ နှဲ့သံလာပေးနေတယ်၊ ကျုပ် ကြံ့ကာရှိသေးတယ်၊ သူများနောက်ပါသွားပြီဗျ'

'ငါထင်တယ်၊ အဟင်း… ထင်သားပဲ၊ နင်ချိန့်တာနဲ့ လင်နောက်လိုက်တော့မယ်ဆိုတာ၊ ဒီနေ့ကစပြီးနင့်နာမည်ကို ပြောင်းပစ်ရမယ်၊ ချိန့်ပါလို့'

'ဟာ… ကျုပ်က တရုတ်မှ မဟုတ်တာ'

'နင်ချိန့်တိုင်း သူများနောက် ပါ,ပါသွားလို့လေ၊ ချိန့်ပြီးပစ်မှ မပစ်ရတာ၊ ဒီတော့ ဦးချိန့်ပါပေါ့'

♦♦♦

'မင်းဖော်၊ မင်းငါ့မြေးကို ဒီအတိုင်း ပစ်ထားတော့မှာလားကွ၊ ဟေ'

'ဟာ… ထားတယ်ဗျာ၊ ကျုပ်ကိုကလိမ်ကျသွားတဲ့ အကောင်၊ တစ်သက်လုံး ပြန်မခေါ်ဘူး'

'မင်းအဲလိုတော့ အကျင့်မပုပ်နဲ့၊ ငါ့မြေးက ငါ့သွေးပါလို့ စွံတာ၊ မင်းလို ငထူမဟုတ်ဘူး၊ ပြန်ခေါ်ကွာ၊ ဒါမှ ငါ့မြေးကရလာတဲ့ ငါ့မြစ်ကလေးတွေနဲ့ မပျင်းရမှာ၊ အဟေးဟေး… မြေးမလေး ဘယ်လောက်လှကြောင်း သိချင်မြင်ချင်သေးတာကွာ၊ ဟား…ဟား… ဟား'

'အဖေနော် ရိုမနေနဲ့ဗျူ၊ ခုချိန်ကျုပ်ရင်ထဲမှာ ပန်းတွေပွင့်တာ မဟုတ်ဘူးနော်၊ ဒူးရင်းသီးတွေ သီးနေတာ၊ သိလား'

'ဟာ… ကောင်းတာပေါ့ကွာ၊ မင်းဗိုက်ကြီးနဲ့ဆိုရင် လေးငါးလုံးတော့ အနည်းဆုံးရှိမယ်၊ အတော်ပဲ၊ ငါလည်း ဒူးရင်းသီး စားချင်နေတာ၊ လုပ်စမ်းပါ၊ ခွဲစမ်းပါ'

'အန်… တော်ပြီဗျာ၊ မသိဘူး၊ ခေါ်လည်း မခေါ်ဘူးဗျာ၊ လုံးဝပြန်မခေါ်ဘူး၊ သင်းတို့နှစ်ယောက်လုံး မျက်နှာမြင်ကို မမြင်ချင်ဘူး ကြည့်ရမှာ နေလိုမီးလို ပူလွန်းလို့'

'မင်းမခေါ်ချင်ရင်လည်း ရတယ်လေ၊ ငါ့ဘာသာငါ ပြန်ခေါ်မှာပေါ့ကွ'

♦♦♦

www.burmeseclassic.com

www.burmeseclassic.com

'ရဲလင်း… နင် ငါ့ကို ခဏဆိုပြီးတော့ အခုထိပြန်မပို့သေးဘူးလား ကလိမ်ကောင်ရဲ့'

'ဟာ… ပို့မှာပေါ့၊ ငါ့အဘိုးဆီ ဖုန်းဆက်ပြီးပြီ၊ နင့်အိမ်ကိုလည်း ဆက်ပြီးပြီပဲဟာ၊ မလောပါနဲ့'

'မရဘူးဟာ၊ ပြန်ပို့ နင်ကလည်တာကို ငါစိတ်နာတယ်၊ ပြန်ပို့'

'ဒါလောက်ဖြစ်တာ သွား၊ ကိုယ်ဘာသာပြန်၊ မပို့ဘူး'

'ဟဲ့… နင်မပါဘဲပြန်ရင် ငါ့ကို အမေဆူမှာပေါ့၊ မရဘူး နင်မပါဘဲ တစ်သက်လုံးမပြန်ဘူး ကလိမ်ကောင်ရဲ့'

♦♦♦

BURMESE CLASSIC .com

တစ်ပတ်လောက်ကြပြီးတဲ့နောက် ဦးမင်းဇော်နဲ့ ဦးစိန်မင်းခြံထဲထိုင်ပြီး စကားထိုင်ပြောနေကြတယ်။ ဒီတုန်းမှာပဲ ခြံရှေ့ကို ကားတစ်စီးဆိုက်လာတယ်။

ဦးမင်းဇော်က ခြံတံခါးကို ဖွင့်ပေးလိုက်တော့ ခြံထဲမောင်းဝင်လာတယ်။

လူကြီးနှစ်ယောက် မျက်နှာကြီးတွေ မဲ့နေကြတယ်။ ဒီနေ့ သူသူ့ အမေရောက်လာပြီး မင်္ဂလာကိစ္စပြောကြမယ်လေ။ မင်္ဂလာကိစ္စလာတဲ့ကားထင်ပြီး ဂရုမစိုက်ဘဲ စကားဆက်ပြောနေကြတယ်။ ဒီအချိန်မှာပဲ ကားထဲက အသက်လေးဆယ်ကျော်လောက်ရှိမယ့် အမျိုးသမီးကြီးတစ်ယောက် ဆင်းလာတယ်။

သူတို့နှစ်ယောက်ကိုမြင်တော့ ပြုံးသွားတယ်။ ဦးမင်းဇော်က ဦးစိန်မင်းကိုကြည့်ပြီး…

'ဒီတစ်ခါ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် တို့တွေ ရန်မဖြစ်တော့ဘူးနော်'

'ဟာ… ဒါပေါ့ကွာ၊ ရန်ဖြစ်စရာ ဘာအကြောင်းမှ မရှိတော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြတယ်။

ဒီအချိန်မှာပဲ သူတို့ရှေ့မှာ ခြေတစ်စုံကိုတွေ့တော့ အံ့ဩတကြီး မော့ကြည့်ကြတယ်။

တော်တော်လှတဲ့ အမျိုးသမီးပါ။

'ဟင်... သီ... သီတာ'

တစ်သံတည်း ထွက်သွားကြတယ်။ အမျိုးသမီးက ပြုံးတယ်။

'ဟုတ်ပါတယ်၊ ကျွန်မသီတာပါ၊ ရှင်တို့လည်း အရင်အတိုင်း မပြောင်းလဲဘူးပေါ့'

'အင်း'

ပြုံးပြုံးကြည့်လို့ အင်းလိုက်ကြတယ်။

'အင်း... ကျွန်မကတော့ ပြောင်းလဲသွားပြီ၊ ပြောင်းဆိုကိုအောင်မော်ဆုံးသွားပြီးကတည်းက မုဆိုးမဘဝကို ပြောင်းသွားတယ်ဖလ'

'ဟာ'

နှစ်ယောက်သား ဝမ်းသာသွားကြတယ်။

'ဒါ...ဒါဆို ငါတို့မျှော်လင့်လို့ ရသေးတာပေါ့'

'အို... ကျွန်မမှာ သမီးတစ်ယောက်ရှိသေးတယ်ရှင့်'

'ဟာ... ပိုကောင်းတာပေါ့'

ဦးမင်းဇော်က ရေရှည်စီမံကိန်းနဲ့ အတင်းကောင်းတယ်။ အခုချိန်ထိလှနေသေးတဲ့ ဒေါ်သီတာကို အငမ်းမရကြည့်တယ်။

ဦးစိန်မင်းက ဦးမင်းဇော်ကို မျက်စောင်းထိုးတယ်။ စောစောကပဲ ရန်မဖြစ်တော့ဘူးပြောပြီး အခုဖြစ်ချင်နေကြပြီ။





'သမီးလေးက ယောက်ျားရသွားပြီလေ၊ အခုလာတာ သူ့မင်္ဂလာပွဲအတွက်'

'ဘာ'

အံ့ဩတကြီးနဲ့ တစ်သံတည်း ထွက်သွားကြတယ်။ ဦးစိန်မင်းက မျက်ပြူးကြီးနဲ့...။

'ဒါ...ဒါဆို သူ့သူက သီတာ...သီတာရဲ့ သမီးပေါ့'

နှစ်ယောက်သားတစ်ယောက်နဲ့ တစ်ယောက်ကြည့်လို့မဲ့သွားကြတယ်။

'အင်း... သမီးလေးကိစ္စပြီးသွားရင် အိမ်မှာ ကျွန်မတစ်ယောက်တည်းရှင့်၊ ပျင်းစရာတော့ အကောင်းသား၊ နောက်အိမ်ထောင်ပြုဖို့ဆိုတာက မလွယ်ဘူးလေ၊ ကလေးတစ်ယောက်အမေဆိုတော့ ဘယ်သူက ယူချင်မလဲ၊ ကဲပါ... အိမ်ထဲသွားပြီး သမီးမင်္ဂလာကိစ္စ ပြောကြတာပေါ့'

ဒေါ်သီတာက ကော့ပက်ကော့ပက်နဲ့ အိမ်ဘက်ကို သွားတယ်။ လူကြီးနှစ်ယောက်ရဲ့အကြည့်တွေ ဒေါ်သီတာနောက်ကို အငမ်းမရ ကပ်ပါသွားတယ်။

ပြီးမှတစ်ယောက်နဲ့ တစ်ယောက် စွေကြည့်ရင်း။

'ကဲ... စိန်မင်း မင်းအိမ်မင်း ပြန်တော့'

'အောင်မာ... မပြန်တော့ ဘာဖြစ်လဲ'

'ဟာ... ပြန်နော်၊ မင်း'

'မပြန်တော့ ဘာဖြစ်လဲကွာ'

'ပြန် ဟေ့ကောင်၊ ငါ သီတာနောက်လိုက်သွားတော့မယ်'

'ဟာ... ငါလည်းလိုက်မှာ'



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ ဒေါ်သီတာနောက်ကို နှစ်ယောက်သားအတင်းတွန်းထိုးလို့ လိုက်တယ်။

အဲ··· တစ်ဦးနဲ့တစ်ဦး စားမာန်ခုတ်ရင်း၊ ရန်လုပ်ရင်းနဲ့ပေါ့···။

ချစ်မျှားရှင်



www.burmeseclassic.com